
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

တမူခွင့်ပြုချက်အမှတ်- ၅၇၉/၂၀၀၂(၆)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၁၁/၂၀၀၂(၇)

ပုံနှိပ်ခြင်း
ပထမအကြိမ်၊ ၂၀၀၂ ခုနှစ်၊ ဩဂုတ်လ

အုပ်ရေ- ၁၀၀၀

အဖုံးပန်းချီ- ဇော်မောင်

အတွင်းဖလင် - A.Z

စာအုပ်ချုပ်- ကိုမြင့်

ပုံနှိပ်သူ
မျက်နှာဖုံး- ဦးမြသိန်း (၀၁၄၂၇)၊ သိန်းမြင့်ဝင်း ပုံနှိပ်တိုက်
အမှတ် (၉၆)၊ ၁၁ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်း- ဦးနိုင်ဦး (၀၆၃၀၃)၊ ငွေပြည်တော် အော့ဖ်ဆက်
အမှတ် (၄၄/ခ)၊ ဗိုလ်ချုပ်လမ်းနှင့် သိမ်ဖြူလမ်းထောင့်
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ- ဦးထွန်းထွန်းဦး (ယာယီ - ၅၀၃)၊ နှင်းဦးလွင်စာပေ
အမှတ် ၅၃၃/အေ၊ (၈) ရပ်ကွက်၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းစာစီ- ခွန်မျိုး

တန်ဖိုး - ၃၀၀ ကျပ်

စီစဉ်ထုတ်လုပ်မှု
ချမ်းငြိမ်းမိုး

ယန္တရားမှ
ခင်ဇော်

ဤစာအုပ်ကို ရေးဖို့ စိတ်ကူးသန္ဓေတည်ခဲ့တာ လွန်ခဲ့သော ဆယ့်ခြောက်နှစ်ကျော်ကျော်ကပင် ဖြစ်၏။ မူလက ကဗျာအဖြစ် ရေးခဲ့ခြင်း ဖြစ်ပါသည်။

ကလျာမဂ္ဂဇင်းကို စတင်ထုတ်ဝေဖို့ စီစဉ်ကြတော့ ကျွန်တော့်အစ်ကိုကြီး မောင်ဝဏ္ဏက အတိုင်ပင်ခံအယ်ဒီတာအဖြစ် ဆောင်ရွက်သည်။ သူက မဂ္ဂဇင်း အမှတ် တစ်အတွက် ကဗျာတစ်ပုဒ် ရေးဖို့ ကျွန်တော့်ကို တာဝန်ပေးသည်။

ကျွန်တော်က ကဗျာတစ်ပုဒ် ရေးပေးလိုက်သည်။ ထိုကဗျာသည် ဟိုအချိန်က စံနှုန်းနှင့် ကြည့်လျှင် မော်ဒန်ဆန်သည်ဟု ဆိုနိုင်သည်။ ကလျာမဂ္ဂဇင်းမှာ ရိုးရိုးယဉ်ယဉ်ကလေး ထွက်လာဖို့ မူချထားသည် ဆို၏။ ထို့ကြောင့် ကိုဝဏ္ဏက . . .

"ပထမဆုံးလမှာတော့ သိပ်အဆန်းထွင်လို့ မကောင်းသေးဘူးကွ၊ ဒါကြောင့် မင်းကဗျာကို နောက်လမှ သုံးတော့မယ်"

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုသည်။ အမှတ် တစ်မှာ ကျွန်တော့်ကဗျာ ပါမလာ။ အမှတ်နှစ် ကျတော့ ကဗျာဖောင်ကို တစီပြီး ရိုက်ဖို့ အဆင်သင့်ဖြစ်နေသော အချိန်ကျမှ မန္တလေးမှ ဆရာတစ်ယောက်၏ ကဗျာက ကပ်ပြီး ရောက်လာသည်။ အသက်ရော၊ ပညာရော၊ ဝါပါ ကြီးသော ဆရာဖြစ်သောကြောင့် မိတ်ဆွဲလမှာ မဖြစ်မနေ ထည့်ပေးမှ သင့်တော်မည်။ ဒီတော့ ထည့်ဖို့ အဆင်သင့်ပြင်ပြီးသား ကဗျာတစ်ပုဒ်ကို ဖြုတ်ပစ်ရတော့မည်။ ကိုဝဏ္ဏသည် လူရင်းကို ဦးစားပေးသည့်အနေနှင့် ကျွန်တော့်ကဗျာကို ဖြုတ်လိုက်လေတော့သည်။ အမှတ်နှစ်မှာလည်း ကျွန်တော့်ကဗျာ မပါတော့။

အမှတ် သုံး ကျတော့ကော။ ကံဆိုးချင်တော့ စာပေဆိုင်ရာ မူဝါဒ အပြောင်းအလဲတစ်ခု ဖြစ်လာသဖြင့် မဂ္ဂဇင်းမှာ ကာရန်လုံးဝမဲ့သည့် ကဗျာကို ထည့်သွင်းဖော်ပြဖို့ အခက်အခဲရှိလာသည်။ ဒီလိုနဲ့ ကျွန်တော့်ကဗျာသည် ကလျာမဂ္ဂဇင်းမှာ ပါဝင်ခွင့်မရတော့ဘဲ ကျွန်တော့်လက်ထဲ ပြန်ရောက်လာသည်။

ဒီကြားထဲမှာ ထိုကဗျာကို ကိုဝဏ္ဏက ဆရာအောင်ပြည့်ကို ပြခဲ့သည်ဟု ဆို၏။ ဆရာပြည့်က . . .

"စိတ်ကူးလေး ကောင်းတယ်ကွ၊ ဝတ္ထုအဖြစ်နဲ့ ပြန်ရေးပါလား"

ဟု အကြံပေးသည်။ ကျွန်တော်ကလည်း ထိုစဉ်က ကဗျာအနေနဲ့သာ စိတ်ထက်သန်နေသောကြောင့် ဘာမှမလုပ်ဘဲ သိမ်းထားလိုက်သည်။ နောက် တစ်နှစ် နှစ်နှစ်အကြာ ထိုကဗျာကို ပြန်ဖတ်ကြည့်ပြီး ဆရာပြည့် ပြောသလို ဝတ္ထုအဖြစ် ရေးလျှင်ကောင်းမည်ဟု ယူဆလာမိပြန်သည်။ သို့ရာတွင် မရေးဖြစ်သေး။



နှစ်အနည်းငယ်ကြာသောအခါ ဝတ္ထုတိုအဖြစ် ရေးတာထက် မဂ္ဂဇင်း ဝတ္ထုရှည်အဖြစ် ရေးလျှင် ပိုပြီးပြည့်စုံမည်ဟု တွေးမိပြန်၏။ နှစ်မျက်နှာ သုံးမျက်နှာလောက် ရေးပြီးနောက် ဆက်မရေးဖြစ်ဘဲ ရပ်သွားပြန်သည်။

ထို့နောက်တွင် မေ့မေ့ပျောက်ပျောက် ဖြစ်နေလိုက်ပြန်သည်။ လုံးဝ မေ့သွားတာတော့ မဟုတ်။ တစ်ခါတစ်ခါ သတိရပြီး တစ်နေ့နေ့တော့ ရေးကို ရေးမည်ဟု တေးထားခြင်းသာ ဖြစ်၏။

ခုနောက်ပိုင်းမှာတော့ ကျွန်တော်သည် တခြားစာတွေ ရေးနေရင်းကပင် ထိုဝတ္ထုကလေးကို မကြာခဏ သတိရနေမိသည်။ အရင်းနှီးဆုံး သူငယ်ချင်းတစ်ယောက်ကို မေ့လျော့ထားမိသလိုလည်း ခံစားလာရသည်။

ထို့ကြောင့် ဒီတစ်ခါတော့ ပြီးအောင်ရေးမည်ဟု ဆုံးဖြတ်လိုက်သည်။ လုံးချင်းဝတ္ထု ပါးပါးလေးအဖြစ် ရေးဖို့လည်း စိတ်ကူးမိသည်။

ဤဝတ္ထုတွင် ပါဝင်သော ဇာတ်ကောင်များမှာ အပြင်လောကမှာ တကယ်ရှိခဲ့သော၊ ရှိနေဆဲ ဖြစ်သော နာမည်ကျော်ပုဂ္ဂိုလ်များ ဖြစ်ကြ၏။ ဝတ္ထုထဲက အဖြစ်အပျက်တွေကတော့ တကယ်မဟုတ်။ ကျွန်တော့်ဘာသာ စိတ်ကူးယဉ်ပြီး ဇာတ်လမ်းဆင်ထားခြင်း ဖြစ်၏။ နောက်တစ်ချက်ကတော့ ပါဝင်သော ဇာတ်ကောင်များသည် ခေတ်ပြိုင်များ မဟုတ်ကြခြင်းပင် ဖြစ်၏။

ဟိုး နှစ်ပေါင်းများစွာက လူတွေရော၊ ခုခေတ်မှာ ရှိနေဆဲ လူတွေကိုပါ ကာလတစ်ခုတည်းတွင် ရောနှော၍ ဇာတ်လမ်းထဲမှာ လှုပ်ရှားအသုံးတော်ခံစေခြင်း ဖြစ်၏။

ငြိမ်းငြိမ်းချမ်းချမ်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာမှာ တင်ပြစရာတစ်ခု ရှိပါသည်။ ဝတ္ထုထဲမှာ ပါဝင်သော ဇာတ်ဆောင်များနှင့် ပတ်သက်၍ သူတို့အကြောင်း တီးမိခေါက်မိ ရှိထားလျှင် ပို၍ ဖတ်လို့ကောင်းပါလိမ့်မည်။ စာဖတ်များခဲ့သူတွေအတွက်တော့ ပြဿနာရှိနိုင်မည်မထင်ပါ။ ဇာတ်လမ်းအသားပေး ဝတ္ထုမျိုးကိုသာ ဖတ်ချင်သူများအတွက်တော့ 'ဘာတွေ ရေးထားမှန်းလဲ မသိဘူး' ဟု ပြောစရာ ဖြစ်ကောင်းဖြစ်ပါလိမ့်မည်။ ဖတ်ရတာ အခက်အခဲ ရှိခဲ့လျှင်တော့ အနူးအညွတ်တောင်းပန်ပါသည်။

'ဒါ သက်သက် စတန့်ထွင်တာပါ' ဟု စွပ်စွဲလျှင်လည်း 'ဟုတ်ပါတယ် ခင်ဗျာ' ဟု ဝန်ခံရပါမည်။ စာရေးဆရာဆိုတာ တစ်ခါတစ်ခါ ခုလို စိတ်ကူးအသစ်အဆန်းကလေးမျိုးကို စာဖတ်ပရိသတ်ရှေ့မှောက် စမ်းသပ်တင်ပြပြီး အစစ်ဆေးခံချင်တတ်သော 'ဉာဉ်' ကလေး ရှိတတ်ပါသည်။

ဘာပဲဖြစ်ဖြစ် ...

ဤဝတ္ထုသည် မြန်မာစာပေလောကတွင် တစ်ခါမှ မပေါ်ပေါက်ဖူးသေးသော စာအုပ်ဖြစ်ကြောင်းကိုတော့ ရဲရဲဝံ့ဝံ့ အာမခံပါသည်။

(ဟုတ်တယ်လေ၊ ခုမှ ပထမအကြိမ် ထုတ်ဝေလိုက်တာကိုး။)

လေးစားချစ်ခင်လျက်
**မင်းလူ**

BURMESE CLASSIC .com

တော်စတွိုင်းသည် အိမ်ခန်းတံခါးကို ပိတ်ပြီး သော့ခတ်လိုက်သည်။ ထုံးစံမို့လို့သာ သော့ခတ်ရခြင်း ဖြစ်၏။ ဒီအတိုင်း ဖွင့်ထားခဲ့လည်း စိတ်ချရတာပါပဲ။ သူတို့ရပ်ကွက်က လူရိုးလူကောင်းတွေချည်း နေကြသောကြောင့်တော့ မဟုတ်။ အိမ်ထဲမှာ ခိုးစရာ အဖိုးတန်ပစ္စည်း မည်မည်ရရ မရှိသောကြောင့်သာ ဖြစ်၏။

သော့ဆိုသည်မှာ ခတ်ဖို့ထားခြင်း ဖြစ်၏။ သော့ဝယ်ထားပြီးမှ မခတ်ဘဲ ထားလျှင် ဘာအဓိပ္ပာယ်ရှိတော့မလဲ။ နောက်တစ်ချက်ကလည်း သူခိုးဆိုတာ မခိုးခင် စနည်းနာတတ်သေးသည်။ အိမ် အခြေအနေ၊ အိမ်ရှင်တို့၏ စီးပွားရေးအခြေအနေကို လေ့လာပြီး မြိုးမြိုးမြက်မြက် ရလောက်တယ် ထင်မှ ဝင်ခိုးမှာပေါ့။ ဒါမှလည်း စွန့်စားရကျိုးနပ်မှာပေါ့။

သူ့အိမ်ကိုတော့ ဘယ်သူခိုးကမှ အဖက်လုပ်ပြီး ဝင်ခိုးလိမ့်မည် မထင်။ ရှားရှားပါးပါး စာပေဝါသနာရှင် သူခိုးဆိုလျှင်တော့ မပြော

www.burmeseclassic.com

www.burmeseclassic.com



တတ်။ သူ ချမ်းသာသမျှက စာအုပ်တွေချည်းပဲကိုး။ သူတော်ကောင်းသူခိုး ဆိုလျှင်တော့ သနားပြီး ပါတာလေးတောင် ထားသွားကောင်းထားသွားလေမလား မသိ။ သို့ရာတွင် သူခိုးဆိုမှတော့ စကတည်းက ယူဖို့သာ ရည်ရွယ်ပြီး လာခဲ့တာမဟုတ်လား။

အင်းပေါ့လေ၊ ခများများမှာလည်း မရှိလို့ ခိုးစားကြရရှာတာပေါ့။ ရှိမှတော့ ဘယ်ခိုးတော့မလဲ။ ဝက်ပဲ ဝက်တော့မှာပေါ့။ ရှိတဲ့ လူတွေက သူတို့ပိုင်ဆိုင်တာတွေကို လုံခြုံအောင် ဝှက်ထားကြပြီး မရှိတဲ့ လူတွေက ဒါကို ရအောင်ရှာယူခြင်းကို 'ခိုးသည်' ဟု အမိပ္ပာယ်ဖွင့်ဆိုကြတာပါပဲ။

သူသည် ဆင်းရဲသားများအပေါ် အမြဲစာနာတတ်သူပီပီ သူခိုးတွေအတွက်တောင် ဖေးဖေးမမ တွေးမိလိုက်သေးသည်။

အပြင်ထွက်တဲ့အခါတိုင်း အိမ်ကို သော့ခတ်သွားရတာက အိမ်စောင့် မရှိသောကြောင့် ဖြစ်၏။ အိမ်ကို စောင့်ရှောက်မယ့်လူ လုံးဝ မရှိတာတော့ မဟုတ်။ ခုလောလောဆယ် မရှိခြင်းသာ ဖြစ်၏။

အိမ်ကို သော့ခတ်ထားခဲ့ရတဲ့အခါတိုင်း ရင်ထဲမှာ မချိလှ။ အရင်က သာသာယာယာ စိုစိုပြည်ပြည်ရှိခဲ့သော အိမ်ကလေးသည် ခုတော့ တိတ်ဆိတ်ခြောက်ကပ်နေသည်။ ဒါ မိမိမှာသာ အပြစ်မကင်းခြင်းဖြစ်သည်ဟု အမြဲခံစားရသည်။

အခြေအနေအရ ဇနီးနှင့်သားသမီးများကို သူတို့ရွာမှာ ခဏပြန်နေခိုင်းထားရသည်။ ခဏဆိုသော်လည်း ခြောက်လလောက်တောင် ကြာခဲ့ပြီ။ ဒီတစ်မိုးကုန်ရင်တော့ ပြန်ခေါ်နိုင်ကောင်းပါရဲ့ဟု တွက်ဆထားသည်။ သူတို့ကို ပြန်မခေါ်နိုင်ဘဲ ကိုယ်ကိုယ်တိုင်ပါ ရွာမှာသွားလိုက်



နေရတာမျိုးလည်း ဖြစ်ကောင်းဖြစ်နိုင်သည် ဆိုသောအတွေးက ကပ်ပါလာပြန်သည်။

သူတို့လမ်းက မိုးတွင်းဘက်ဆို သိပ်မကောင်းလှ။ မြေသားလမ်းအဖြစ်သာ ရှိနေသေးသဖြင့် ဗွက်ပေါက်ချင်သည်။ ဒီနှစ် မိုးဦးကလည်းကောင်းခဲ့သဖြင့် တချို့နေရာတွေမှာ ချိုင့်ကျင်းတွေ ဖြစ်နေပြီး ရေတွေအိုင်နေတတ်သည်။ အိုင်ထဲက ရေများသည် အပေါ်စား ဆေးဆိုးလက်ဖက်ခြောက်နှင့် ဖျော်ထားသည့် လက်ဖက်ရည်နှင့် တူနေသည်ဟု စာရေးဆရာပီပီ အလင်္ကာနှင့် တွေးမိသေး၏။

လမ်းထိပ်ရောက်တော့ ချက်ကော့ကို ဝင်ခေါ်သွားဖို့ သတိရသည်။ ထို့ကြောင့် ချက်ကော့တို့ လမ်းဘက်သို့ ချိုးကွေ့ဝင်လာခဲ့သည်။ သူတို့လမ်းက အမြင့်ပိုင်းကျသဖြင့် နည်းနည်းပိုကောင်းသည်။ ရေအိုင် ခပ်သေးသေးလေးတွေသာ ရှိ၏။

ချက်ကော့သည် သူနှင့် နဂိုကတည်းက ခင်မင်ခဲ့သူဖြစ်၏။ မြို့သစ်ကို ပြောင်းလာကြပြီး တစ်ရပ်ကွက်တည်း နေဖြစ်ကြသောအခါ ပို၍ တွဲမိလာသည်။ တစ်ယောက်အကြောင်း တစ်ယောက် နားလည်ကြသဖြင့် ပေါင်းရသင်းရတာ အဆင်ပြေသည်။ စာပေနယ်ထဲမှာ ရုန်းကန် လှုပ်ရှားနေကြရသော ဘဝတူများဖြစ်သောကြောင့်လည်း အပြန်အလှန် စာနာမှုရှိ၏။

ချက်ကော့က ဝတ္ထုတို အရေးကောင်းသူဖြစ်၏။ သူ၏ဝတ္ထုတိုများကို စာပေဝေဖန်ရေးဆရာများက ချီးကျူးကြသည်။ ချီးကျူးရုံသာ ချီးကျူးနိုင်သည်။ စားဝတ်နေရေး ပြေလည်ဖို့တော့ သူတို့လည်း မတတ်နိုင်ကြ။ ထို့ကြောင့် ဝတ္ထုတိုမှ ရသည့် စာမူခဖြင့် မိသားစုအဖ

www.burmeseclassic.com

www.burmeseclassic.com



ကို ထိန်းထားနိုင်ဖို့ အခက်အခဲရှိသည်။ ဒီအချက်ကပင် ချက်ကော့၏ အိမ်ထောင်ရေး အဆင်မပြေမှု၏ အကြောင်းရင်းဖြစ်လေ၏။

ခုပဲကြည့်။ ချက်ကော့၏ အိမ်ရှေ့မှာ ရပ်လိုက်စဉ်မှာပင် အိမ်ထဲက ချက်ကော့မိန်းမ၏ အသံစာစာကို ကြားနေရပြီ။

"ဘာတဲ့၊ ဝတ္ထုတိုရွှေခေတ် ရောက်တော့မှာပါတဲ့၊ ဟုတ်စ…ဟားဟား၊ ရယ်များတောင် ရယ်လိုက်ချင်သေး၊ အဲဒီရွှေခေတ်မှာ ဝတ္ထုတိုတစ်ပုဒ်ကို စာမူခ သောင်းချီပေးမှာမို့လို့လား၊ သိပ်စိတ်ကူးယဉ်မနေနဲ့၊ ခုဟာက ဝတ္ထုတိုရွှေခေတ်မဟုတ်ဘူး၊ ဆန်ခေတ်၊ ဆန်ခေတ်…သိရဲ့လား'

ချက်ကော့က တစ်စုံတစ်ခု ပြန်ပြောသည်။ အသံတိုးသဖြင့် ဘာတွေပြောမှန်း မသိရ။ သူ့မိန်းမ၏အသံကသာ လွှမ်းထွက်လာပြန်၏။

"လောလောဆယ် အိမ်မှာ ဆန်မရှိတာက ပိုအရေးကြီးတယ်၊ ဒီနေ့ မဂ္ဂဇင်းတိုက်က စာမူခ ရစရာရှိတယ်လို့ ပြောတယ်မဟုတ်လား၊ ကောင်းပြီ၊ ညနေ အပြန်ကျရင် ညဈေးက ဆန်ဝင်ဝယ်ခဲ့၊ ဆန်မပါရင် ပြန်မလာနဲ့"

တော်စတွိုင်းသည် နားစွင့်နေရင်းက ပြုံးလိုက်မိ၏။ စာရေးဆရာဇနီး ပီပီ နဘေကာရန်နဲ့ ပြောတတ်သားပဲဟု တွေးမိသောကြောင့်ဖြစ်၏။ ဘာတဲ့။ 'ဆန်မပါရင် ပြန်မလာနဲ့'တဲ့။ နဘေထပ်တွေ သုံးလေ့ရှိသော ကဗျာဆရာ ရှယ်လီကို ပြောပြရဦးမည်။ သူ့အတွက် ကဗျာတစ်ပုဒ် လမ်းစ ရချင်ရသွားနိုင်သည်။

ခုလိုအချိန် လှမ်းခေါ်လိုက်မှ ချက်ကော့ကို ကယ်တင်ရာကျမည်။ ထို့ကြောင့်…



"ချက်ကော့ရေ…ဟေ့ ချက်ကြီး"

ဟု လှမ်းအော်လိုက်၏။ သူက ချက်ကော့ကို 'ချက်ကြီး'ဟု ချစ်စနိုး ခေါ်လေ့ရှိ၏။

"တော်တော်လား၊ လာပြီဟေ့၊ လာပြီ"

ချက်ကော့သည် အသံပြန်ပေးရင်း ချက်ချင်းလို ပြေးထွက်လာသည်။ အိမ်က အမြန်လစ်ထွက်ချင်နေမှန်း သိပ်သိသာ၏။ ရှပ်အင်္ကျီကိုတောင် လက်က ဆွဲ၍ထွက်လာပြီး အပြင်ရောက်မှ ကိုယ်ပေါ် ဝတ်သည်။ လမ်းလျှောက်ရင်း ကြယ်သီးတပ်သည်။

"မင်းရောက်လာတာ ဘုရားသခင် ရောက်လာသလိုပါပဲကွာ"

ဟု ပြောသည်။ တော်စတွိုင်းက…

"မင်းက ဘုရားသခင်ကို ယုံလို့လား"

"မယုံလို့ ရမလားကွ၊ ဒီမိန်းမကို ဘုရားသခင်ကပဲ ဖန်တီးခဲ့တာပဲဟာ၊ တကယ်တော့ ဒီဒုက္ခတွေဟာ အာဒမ်ကြောင့် ဖြစ်ရတာကွ၊ သူက တစ်ယောက်တည်း နေရတာ ပျင်းလှချည်ရဲ့ဆိုပြီး ပါးစပ်သော့မိလို့ ဘုရားသခင်က သူ့နံရိုးတစ်ချောင်းကို ထုတ်ပြီး ဧဝကို ဖန်ဆင်းပေးခဲ့ရတာ မဟုတ်လား"

တော်စတွိုင်းက ပြုံးလိုက်ပြီး…

"မင်း အခုလိုပြောမှ ဟာသလေးတစ်ခုကို သွားသတိရတယ်၊ လောကကြီးမှာ ကံအကောင်းဆုံးလူဟာ အာဒမ်ပဲတဲ့၊ ဘာကြောင့်လဲဆိုတော့ သူ့မှာ ယောက္ခမမရှိလို့တဲ့"

"အေးကွာ၊ သူ့မှာ ခယ်မ မရှိတာတော့ ကံဆိုးတာပဲ၊ အင်း…



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သူ့ကိုချည်း အပြစ်ပြောလို့ မရဘူးကွ၊ ဘုရားသခင် သတိလစ်သွားတာလဲ ပါတယ်"

"ဘာကို သတိလစ်သွားတာလဲကွ"

"ဩော်...ဇဝကို ဖန်ဆင်းရာမှာ ပါးစပ်ထည့်ပေးလိုက်တဲ့ ကိစ္စပေါ့၊ ဒါကြောင့်လဲ ဇေအနွယ်ဝင်တွေ နားပူနားဆာလုပ်တာကို ခုထိ ငါတို့ ယောက်ျားတွေ ခံနေရတာပေါ့"

"အမယ် ဇဝတို့ အုပ်စုတွေ ပူညံပူညံ လုပ်တာလဲ အပြစ်မပြောနဲ့ လေကွာ၊ ငါတို့ အာဒမ်ကြီးကလဲ ခပ်ကဲကဲပဲ မဟုတ်လားကွ၊ ဘုရားသခင်က အချင်းအာဒမ်၊ သင်၏ နံရိုးတစ်ချောင်းကို ထုတ်ယူ၍ သင့်အတွက် မိန်းမတစ်ယောက်ကို ငါဖန်ဆင်းပေးအံ့ လို့ ပြောတဲ့အခါမှာ အာဒမ်က အို...အဖဘုရားသခင်၊ နံရိုးတစ်ချောင်းတည်းတော့ မလုပ်ပါနဲ့၊ နှစ်ချောင်း ထုတ်ယူတော်မူပါ လို့ ပြန်ပြောလိုက်တယ်တဲ့လေကွာ"

ချက်ကော့က ရယ်သည်။

"အေးကွာ၊ မင်းနဲ့ တွေ့မှပဲ ခုလို ပေါ့ပေါ့ပါးပါး ရယ်နိုင်တော့တယ်"

တော်စတ္တိုင်းကလည်း ချက်ကော့ ပျော်သွားအောင် တမင် ရယ်စရာတွေ ပြောနေခြင်းဖြစ်၏။

"ဒါနဲ့...ဒီနေ့ မင်း စာမူခ ရစရာရှိတယ်ဆို"

တော်စတ္တိုင်းက မေးသည်။

"မသေချာပါဘူးကွာ၊ ဆောက်ဖြစ်မှ ကန်ထရိုက်ပါ"

ဟု ချက်ကော့က ပြန်ပြောသည်။ ဆောက်ဖြစ်မှ ကျောင်းဒကာ



ဆိုသော ရှေးစကားပုံကို ခေတ်အမြင်နှင့် ပြောင်းပြောလိုက်သဖြင့် တော်စတ္တိုင်းသဘောကျပြီး ပြုံးလိုက်သည်။ ဒါကြောင့်လည်း ချက်ကော့ရဲ့ ဝတ္ထုတွေ ဖတ်လို့ကောင်းတာပဲ ဟူ၍လည်း တွေးမိ၏။

"စာမူခ မရရင်ကော...ညနေကျတော့ ဘယ်လိုလုပ်မလဲ"

"မင်းအိမ်မှာ မင်းတစ်ယောက်တည်း ရှိတာပဲဟာ၊ ငါ လာအိပ်မယ်ဆိုရင် မင်းတောင် စကားပြောဖော် ရသေးတယ်"

တော်စတ္တိုင်းက သဘောတူသည့်သဘော ခေါင်းဆတ်လိုက်သည်။

လျှောက်လာကြရင်း မြေနီလမ်းဆုံးပြီး ကတ္တရာလမ်းမကြီးပေါ် ရောက်လာသည်။ မြို့ထဲဘက် သွားရမည့် ဘတ်စ်ကား မှတ်တိုင်ကို လှမ်းကြည့်တော့ ကားစောင့်နေသူတွေ တော်တော်များ နေပြီ။

ခေတ်ဟောင်းပုံစံ ဘတ်စ်ကားအိုကြီးတစ်စီးသည် ပင်စင်စား အဘိုးကြီး တစ်ယောက်လို လှုပ်လီလှုပ်လဲ့ မောင်းလာနေ၏။

○

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ရိုက်ကွင်းပေါ်မှာ မင်းသားမင်းသမီးမှလွဲ၍ လူစုံနေပြီ။ စက်အဖွဲ့သားတွေက ဒါရိုက်တာ ညွှန်ပြထားသည့် ဒီနေ့ရိုက်ကူးမည့်နေရာမှာ ကင်မရာချ၊ မီးတွေဆင်၊ အသံဖမ်းစက် နေရာချထားပြီးပြီ။ ကင်မရာမင်းနှင့် လက်ထောက်က ကင်မရာကို စစ်ဆေးနေသည်။ အသံဖမ်းဆရာက မနေ့က ရိုက်ခဲ့သော အခန်းများမှ အသံများကို ပြန်ဖွင့် နားထောင်နေသည်။ မီးထိုး မှန်ထိုးသမားတွေကတော့ တစ်နေရာမှာ စုထိုင်ပြီး ဟိုတစ်ခေါက် နယ်ထွက် ကားရိုက်တုန်းက ဟင်းကောင်းကောင်း မစားရသည့်အကြောင်း ပြန်ပြောနေကြသည်။

သူတို့သည် ရုပ်ရှင်နယ်က အခြေခံလူတန်းစားများဟု ပြောနိုင်သည်။ သူတို့က ဂျူတီစား (နေ့စား) များသာ ဖြစ်ကြ၏။ တစ်ဂျူတီကို ဘယ်လောက် ဆိုပြီး ပုံသေလုပ်ခကိုသာ ရရှိသူများ ဖြစ်ကြ၏။ ဇာတ်ကား ဝင်ငွေ သောက်သောက်လဲ ရလို့လည်း အကျိုးခံစားခွင့် ထပ်မရ။ ဇာတ်ကားကောင်းလို့လည်း အကယ်ဒမီတွေ ဘာတွေ ရမှာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။ ဘယ်သူကမှလည်း ချီးကျူးမှာမဟုတ်။ သူတို့အတွက် မျှော်လင့်စရာက မင်းသား မင်းသမီးတွေက သိတတ်လို့ ပေးလျှင် ဘောက်ဆူး သဒ္ဒါကြေးလေး ရဖို့ရယ်၊ ရှုတင်ထမင်းကျွေးရာမှာ ဟင်းကောင်းကောင်းလေး စားရဖို့ရယ်သာ ဖြစ်၏။

"ဒီစက်စုတ်က ဖောက်ပြန်ပြီ"

ဟု အသံဖမ်းဆရာက ပြောရင်း ရီကော်ဒါကို တဘုန်းဘုန်း ပုတ်နေသည်။ အသံဖမ်းစက်က အတော်အိုနေပြီ ဖြစ်၏။ စက် အသစ်တစ်လုံး ပြောင်းသုံးဖို့ဆိုတာကလည်း မလွယ်လှ။ ရုပ်ရှင်ရိုက်သည့် အသံဖမ်းစက်များသည် တခြားစက်တွေနှင့်မတူ။ ကင်မရာလည်ပတ်သည့် နှုန်းနှင့် ကိုက်ညီအောင် အထူးညှိနှိုင်းထားရသည်။ ဒါမှ အရုပ်နှင့် အသံ တစ်ထပ်တည်း ကျမည်။

မိုဒယ်ဟောင်းတွေဖြစ်သောကြောင့် အပိုပစ္စည်းလည်း မရှိတော့။ ကျန်သမျှလေးနှင့် ရှိရှိသေသေ ဂရုတစိုက် သုံးနေရသည်။ ဒီတော့ တစ်ခါတစ်ခါ စက်က ထွေတတ်သည်။ ကြိုးတစ်စ လွတ်နေတာတို့၊ မီးလုံးအထိုင် ချောင်နေတာတို့ ဖြစ်လျှင် ခုလိုပဲ စက်ကို ဟိုပုတ် ဒီပုတ် လုပ်လိုက်သောအခါ ပြန်ကောင်းချင် ကောင်းသွားတတ်၏။

အသံဖမ်းဆရာဆီက တဘုန်းဘုန်းအသံကို ကြားသောအခါ ကင်မရာမင်းက ...

"ဟော့ကောင်...အရမ်းမလုပ်ပါနဲ့ကွ၊ အဲဒီစက်က မင်းထက်အသက်ကြီးတယ်နော်"

ဟု လှမ်းနောက်သည်။ ပြောသာ ပြောရတယ်။ သူကိုင်နေတဲ့ ကင်မရာကလည်း သူ့ထက် အသက်ကြီးတာပါပဲ။ စက်တွေက အကြမ်းခံ



လို့ တော်သေးသည်။ နိုင်ငံခြားနိုင်ငံ မိုဆိုတို့ ကမ္ဘာသို့ 'ကလိ' နေရတာနဲ့ပဲ အလုပ်ဖြစ်မှာမဟုတ်တော့။ ဘာပဲဖြစ်ဖြစ် မင်းသားလေးတွေ မင်းသမီးလေးတွေ အနေဖြင့် ဒါရိုက်တာကို မလေးစားလျှင်တောင် သူတို့ အဖေအရွယ်လောက် ရှိတဲ့ ဒီစက်ကြီးတွေကိုတော့ အားနာဖို့၊ မျက်နှာထောက်ဖို့ကောင်းတယ်ဟု ကင်မရာမင်းက ဆက်တွေးလိုက်၏။

ဓာတ်ပို့ဓာတ်ရန်တွေကတော့ မင်းသား မင်းသမီး မလာသေးလည်း ပြဿနာမရှိ။ သူတို့အလုပ် သူတို့ လုပ်နေကြသည်။ ဓာတ်ပို့ဓာတ်ရန်ဆိုတော့ ရိုက်စရာအခန်း များလှမရှိ။ တစ်ခါတလေ တစ်နေ့လုံးမှ တစ်ကတ် နှစ်ကတ်လောက် ရိုက်ရတာမျိုး ရှိသည်။ တစ်နေကုန် ထိုင်နေရပြီး ညနေစောင်းမှ အသံတိတ်သရုပ်ဆောင်ရတာလေး ခဏတဖြုတ်လောက် ဝင်ပါရတာမျိုးတောင် ရှိသည်။

ဒီတော့ သူတို့မှာက အချိန်တွေ ပိုနေသည်။ တစ်နေရာမှာ စုပြီး ရုပ်ရှင်လောက၊ တခြားလောကတွေထဲက ကြုံသမျှ ကြားသမျှသတင်းတွေ ပြောချင်ပြော၊ ဒါမှမဟုတ် ပိုကာဝိုင်းဖွဲ့ကြရုံ ရှိတာပေါ့။

ရှုတင်မန်နေဂျာကတော့ ယောက်ယက်ခတ်နေပြီ။ မင်းသား မင်းသမီးတွေ မရောက်သေးသဖြင့် ဟိုဖုန်းဆက် ဒီဖုန်းဆက် လုပ်နေ၏။

ရိုက်ကွင်းပေါ်မှာ ရှုတင်မန်နေဂျာက အရေးကြီးသည်။ သူ စီစဉ်ပုံကောင်းမှ ဓာတ်ကားရိုက်ရတာ အဆင်ပြေသည်။ သူ့တာဝန်တွေကလည်း အတော်များသား။ သရုပ်ဆောင်တွေ ချိန်းဖို့၊ စက်အဖွဲ့သားတွေ ကြိုဖို့၊ ရိုက်ကွင်းပေါ်မှာ လိုအပ်သော ပစ္စည်းတွေ စုံအောင်ရဖို့၊ ထမင်းဟင်းကိစ္စ၊ လက်ဖက်ရည်ကိစ္စ စီစဉ်ဖို့၊ မင်းသား ကြိုက်တတ်



www.burmeseclassic.com

www.burmeseclassic.com



တာ၊ မင်းသမီး ကြိုက်တတ်တာ အလိုက်သိဖို့၊ မကုန်သင့်တာ မကုန်ရအောင် စိစိစစ်စစ် သုံးတတ်ဖို့ စသည်ဖြင့်...။

ရိုက်ကွင်းပေါ်မှာ အဆင်မပြေတာ ရှိလျှင်၊ ပြဿနာတစ်ခုခု ဖြစ်လျှင် သူ့ခေါင်းပေါ်ပဲ ပုံကျတတ်သည်။ သူသည် ကုမ္ပဏီပိုင်ရှင်၊ ဒါရိုက်တာ၊ သရုပ်ဆောင်များနှင့် စက်အဖွဲ့သားများကြားမှာ ညပ်ပြီး အမြဲ ဗျာများနေရသူ ဖြစ်လေ၏။

ဒါရိုက်တာ အော်လီဗာစတုန်းသည် သစ်ပင်ရိပ်အောက်မှာ ထိုင်ရင်း ဇာတ်ညွှန်းကို ပြန်ဖတ်နေသည်။ ခုရိုက်မည့် ဇာတ်ကားက အမ်မီလီ ဘရွန်တီ၏ 'ရာဇဝတ်အိုးထဲမှာ မောင့်ကို ထားရစ်ခဲ့' ဆိုသော နာမည်ကျော် ဝတ္ထုကို အခြေခံထားခြင်း ဖြစ်၏။ မင်းသား လီယိုနာဒို ဒီ ကာပရီယိုက ဝရမ်းပြေး။ မင်းသမီး ကိတ် ဝင်းစလက်က ဆရာဝန်မလေး ဖြစ်၏။ လီယိုနာဒို ဒဏ်ရာနှင့် ပြေးလာပြီး မင်းသမီးအိမ်ရှေ့မှာ လဲကျနေတာကို တွေ့မိရာမှ ဇာတ်လမ်းကောင်းတစ်ခု စတင်ဖြစ်ပေါ်လာသည်။

မင်းသမီးမှာ ဆရာဝန်တစ်ယောက်အနေနှင့် လူနာကို ဆေးကုဖို့ တာဝန်က တစ်ဖက်၊ ရာဇဝတ်သားတစ်ယောက် ဖြစ်နေသောကြောင့် သက်ဆိုင်ရာကို အသိပေးတိုင်ကြားဖို့ ဝတ္တရားရှိတာက တစ်ဖက်၊ ဒီကြားထဲ ဝရမ်းပြေးကို သံယောဇဉ်တွယ်မိပြန်တော့ အခက်တွေ့နေရသည်။ နောက်ဆုံးတော့ ဝရမ်းပြေးက ဆရာဝန်မလေးကိုငှဲပြီး အသက်စွန့်သွားသည့် ဇာတ်လမ်း။

အကြောင်းအရာက သိပ် ထူးထူးဆန်းဆန်း မဟုတ်သော်လည်း တင်ပြပုံက အလွန်ကောင်းသည်။ သူတို့နှစ်ယောက် သံယောဇဉ် ငြိ



သွားပုံကို တစ်ဆင့်ချင်း ဆွဲတင်သွားတာ အရမ်းလှသည်။ ပြီးတော့ ဆရာဝန်ရှုထောင့်၊ ဝရမ်းပြေး ရှုထောင့်၊ တရားဥပဒေ ရှုထောင့်တွေကနေ အပြန်အလှန် ပြောကြသည့် စကားလုံးတွေကလည်း ထိထိမိမိ ရှိလှသည်။

သူသည် ဝတ္ထုကိုလည်း အကြိမ်ကြိမ် ဖတ်ပြီးပြီ။ ဇာတ်ညွှန်းကိုလည်း စေ့စေ့စပ်စပ် လေ့လာထားပြီးပြီ။ ဘယ်နေရာမှာ ဘယ်လိုရိုက်မယ် ဆိုတာတောင် အကွက်ချထားပြီးပြီ။ ဒီနေ့ ရိုက်မည့် အခန်းများကို ဆန်းသစ်သော ကင်မရာရှုထောင့်များ သုံးဖို့ကိုလည်း စိတ်ကူးထားပြီးပြီ။

သူက ရိုက်ချက်ဆန်းဆန်းကလေးများဖြင့် တင်ပြတဲ့နေရာမှာ နာမည်ကြီးသည်။ ဒါကြောင့်လည်း ဇာတ်ကားကြော်ငြာရာမှာ 'အော်လီဗာစတုန်းရဲ့ ရိုက်ချက်' ဆိုသော စကားလုံးကို အမြဲထည့်လေ့ရှိခြင်း ဖြစ်၏။

ခုချိန်မှာ ဟိုအရင်ခေတ်ကလို 'ဒါရိုက်တာ အော်ဆန်ဝဲလ်'၊ 'သရုပ်ပြ အမွမ်းတင် ဠျန်ဖို့ဒ်' ဆိုတာမျိုး ခပ်ရိုးရိုး စာတန်းထိုးတာမျိုး သိပ်မလုပ်ကြတော့။ 'ဖရန့်စစ်ကော်ပိုလာ၏ ရင်တွင်းဖြစ်'၊ 'ဂျိမ်းကင်မရွန် ခံစားတင်ပြသည်'၊ 'ဂျူးကိုအင်၏ အတွေးပုံရိပ်'၊ 'တင်မ်ဘာတန် ပုံဖော်သည်' စသည်ဖြင့် စကားလုံးလှလှလေးများ တီထွင်အသုံးပြုလာကြသည်။

စတုန်းသည် နာရီကို ကြည့်လိုက်သည်။ ဆယ့်တစ်နာရီ ထိုးပြီ။ မင်းသား မင်းသမီးကတော့ ရောက်မလာသေး။ ရိုက်ကွင်းတာဝန်ခံ ခပ်သုတ်သုတ်လျှောက်လာပြီး ရှေ့မှာ ရပ်သည်။

"မင်းသားနဲ့တော့ အဆက်အသွယ်ရပြီ အာစရိ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတဲ့လဲ၊ ဘာကြောင့် မလာနိုင်သေးတာတဲ့လဲ"

"မနေ့က ရိုက်တဲ့ လိပ်ခေါင်းပျောက်ဆေးကြော်ငြာက တစ်ကတ် နှစ်ကတ် ကျန်နေတာလေး ဖြတ်ပေးနေရလို့တဲ့၊ ခဏနေရင် ထွက်လာမယ် ပြောတယ်"

"ဟ၊ ဘာဆိုင်လဲကွ၊ သူ့ရိုက်ရက်နဲ့သူ ရိုက်ပေါ့ကွ၊ ကားရိုက်ရက်ထဲကနေ ကြော်ငြာအတွက် ဖဲ့ပေးလို့ ဘယ်ရမလဲ၊ ဒါနဲ့ မင်းသမီးကော"

"အဆက်အသွယ် မရသေးဘူး အာစရိ"

"သူ့ ဟဲန်ဖုန်းကို မဆက်ဘူးလား"

"ဆက်လို့ မရဘူး၊ ဖုန်း ပိတ်ထားတယ်ထင်တယ်"

"ခက်တာပဲ၊ ဒီလိုလုပ်လို့ ရမလားကွ၊ ဒီအချိန်မှ စ မရိုက်ရရင် ဘယ်အချိန် သွားရိုက်မလဲ၊ တော်ကြာ ထမင်းစားချိန် ရောက်တော့မယ်၊ ပြီးတော့ ညနေကျတော့ ဧည့်ခံပွဲသွားစရာရှိလို့ ဆိုပြီး စောစော ပြန်ချင်သေးတယ်၊ တောက်"

သူက ဒေါသတကြီး ရေရွတ်ပြီး ဇာတ်ညွှန်းစာအုပ်ကို စားပွဲပုလေးပေါ် ဝုန်းခနဲ ဆောင့်ချလိုက်သည်။ ရိုက်ကွင်းတာဝန်ခံလည်း ခပ်ကုပ်ကုပ်ကလေး လှည့်ထွက်သွား၏။

"ဟင်း...ကွယ်ရာမှာသာ ဟောက်လိုက် ဟိန်းလိုက်နဲ့၊ မင်းသား မင်းသမီး ရှေ့ကျတော့ လေသံ မာမာတောင် ပြောရဲတာ မဟုတ်ဘဲနဲ့"

ဟု တစ်ကိုယ်တည်း ခပ်တိုးတိုးရေရွတ်သွားသည်။

သူပြောတာလည်း အထိုက်အလျောက်တော့ မှန်သည်။ ခုချိန်မှာ ဒါရိုက်တာဆိုတာ ဆရာကြီး အလီယာကာဇန်တို့ခေတ်ကလို ရိုက်ကွင်း



ရဲ့ ဘုရင်တစ်ပါး မဟုတ်တော့။ ခုဟာက မင်းသား မင်းသမီးခေတ်။ အထူးသဖြင့် မင်းသား ကြီးစိုးသော ခေတ်။

အရာရာ မင်းသားအပေါ်မှာ မူတည်သည်။ ဈေးကွက်ကို မင်းသားက ချုပ်ကိုင်ထားသည်။ ရိုက်ကူးမည့်ဇာတ်လမ်းသည် မင်းသားအကြိုက်ဖြစ်ရမည်။ မင်းသားနှင့် အဆင်ပြေသော ဒါရိုက်တာသာလျှင် အလုပ်ဖြစ်သည်။

အားလုံး ဒီအတိုင်းချည်း ဖြစ်နေတာတော့ မဟုတ်။ ဒါရိုက်တာ စတီဗင် စပီးလ်ဘတ်လိုလူမျိုးကျတော့ နာမည်ကြီး သရုပ်ဆောင်တွေကို သိပ်အားမကိုး။ ဇာတ်လမ်းကောင်းကောင်းနှင့် သူ၏ အတတ်ပညာကိုသာ အဓိကထားပြီး ဝင်ငွေကောင်း၊ အောင်မြင်သော ဇာတ်ကားများ ရိုက်ကူးလေ့ရှိ၏။

မင်းသား မင်းသမီးတွေကလည်း ဘယ်သူ့မှ လူမထင် ဆိုပြီး စိတ်ထင်တိုင်း ကြဲနေကြသူများ၊ အောက်ခြေလွတ်နေသူများတော့လည်း မဟုတ်ကြ။ သူတို့ခေတ်နဲ့ သူတို့ အောင်မြင်ကျော်ကြားနေသူများ ထုံးစံအတိုင်း နည်းနည်းတော့ အခွင့်အရေး ပိုယူချင်ရှာကြပေမပေါ့။

တချို့က ပါးရည်နပ်ရည်တော့ ရှိကြသည်။ စာနယ်ဇင်းသမားတွေနဲ့ တည့်အောင်ပေါင်းသည်။ ပရိသတ်အပေါ် တလေးတစား ဆက်ဆံပြီး ချစ်ခင်မှုကို ရအောင် ကြိုးစားသည်။ ပြီးတော့...

လေးစားလောက်သော ဝါရင့် ရုပ်ရှင်ပညာရှင်ကြီးများကိုတော့ ရိုရိုသေသေ အောက်ကျို့ဆက်ဆံတတ်သည်။ ပညာကို ရအောင် ယူတတ်သည်။

ဥပမာ...ဒါရိုက်တာကြီး တဲရင့်မာလစ်လို ပုဂ္ဂိုလ်မျိုး။ သူက သုံး



www.burmeseclassic.com

www.burmeseclassic.com



လေးနှစ် နေမှ ရုပ်ရှင်တစ်ကားလောက် ရိုက်လေ့ရှိသူ။ တစ်ကားဆိုဆိုသလောက်လည်း အကောင်းဆုံးဖြစ်အောင် ရိုက်နိုင်သူ။ သရုပ်ဆောင်များအနေနှင့်လည်း သူနှင့်ရိုက်ခွင့်ရလျှင် အကယ်ဒမီ မှန်းနိုင်သည်။ ထို့ကြောင့် သူကိုင်လိုက်လျှင် ရွှေဖြစ်သည်ဟု ပြောစမှတ်ရှိ၏။

မာလစ်ကလည်း မင်းသား မင်းသမီး ဘယ်လောက် နာမည်ကြီးကြီး၊ ဇာတ်ရုပ်နှင့် မလိုက်လျှင် ခေါ်သုံးချင်မှ သုံးသည်။ သူသဘောကျလျှင် မထင်မရှား ဇာတ်ပို့ဇာတ်ရန်တစ်ယောက်ကို ခေါင်းဆောင်တင်ရိုက်ချင် ရိုက်သည်။

တစ်ခါက ညွှန့်မင်းသမီး နာမည်ကြီးတစ်ယောက်က...

"ဆရာ၊ ကျွန်မကိုလဲ တစ်ကားလောက် ခေါ်သုံးပါဦး"

ဟု ငေါ့သလို ရိသလို လေသံဖြင့် ပြောရာ မာလစ်က...

"ငါ့ပညာနဲ့ နင်နဲ့ တန်လို့လား"

ဟု ဘုပြောလွှတ်သည်။ ထိပ်တန်းအဆင့်ရှိ နာမည်ကျော်မင်းသားတစ်ယောက်က မာလစ်ရိုက်မည့် ဇာတ်ကားမှာ ပါခွင့်ရလျှင် သရုပ်ဆောင်ကြေး တစ်ပြားမှ မယူပါဟု ကမ်းလှမ်းခဲ့ဖူးသည်။ ဒါရိုက်တာမာလစ်က ဇာတ်ရုပ်နှင့် မလိုက်ဖက်ဘဲ မသုံးနိုင်ဆိုပြီး ငြင်းပယ်လိုက်သည်။

ပြီးတော့ ရုပ်ခပ်ဆိုးဆိုးဖြစ်သော ရော်ဘင်ဝီလျံကို ခေါ်သုံးသည်။ ထိုဇာတ်ကားအတွက် ရော်ဘင်ဝီလျံသည် ခေါင်းတုံးလည်း တုံးရသည်။ မာလစ်က မုတ်ဆိတ်မွေး နှုတ်ခမ်းမွေး ရှည်ရှည် တကယ့်အစစ်မှ လိုချင်သည်ဆိုသဖြင့် ခြောက်လလောက်ကြာအောင် မရိတ်ဘဲ စောင့်နေရသည်။ ဒီကြားထဲမှာလည်း တခြား ဘာဇာတ်ကားမှ မရိုက်ဘဲ နေ



သည်။ ဇာတ်လမ်းထဲက ဇာတ်ကောင်နှင့် တစ်သားတည်းကျအောင်ဆိုပြီး ဆိုက်ကားနင်း ကျင့်သည်။ ညဘက်တွေမှာ ဝါးဖတ်ဦးထုပ်ကြီး ဆောင်း၍ ရုပ်ဖျက်ပြီး တကယ်ပင် ဆိုက်ကားလျှောက်ဆွဲသည်။

တစ်ခါကလည်း ဒါရိုက်တာမာလစ်သည် ဂျူလီယာရောဘတ်ကို မနက် ရှစ်နာရီအရောက် ရိုက်ကွင်းကို လာဖို့ ခေါ်သည်။ မင်းသမီးကလည်း အချိန်အတိအကျ ရောက်အောင်လာသည်။ သို့ရာတွင် မာလစ်က တစ်ခန်းမှမရိုက်ဘဲ တစ်နေကုန် ပစ်ထားသည်။ မင်းသမီးကလည်း ဘာမှမပြောဘဲ ထိုင်စောင့်နေသည်။

ညနေစောင်းတော့မှ တစ်ခန်းတည်း တစ်ကတ်တည်း ရိုက်သည်။ တစ်ကတ်ဆို ဆိုသလောက်ပင် သေလုအောင် ကြိုးစား ရသည်။ ထိုတစ်ကတ်တည်းကို ငါးမိနစ်လောက်ကြာအောင် ဆက်တိုက်ရိုက်ခြင်းဖြစ်၏။ များသောအားဖြင့် ဒီလိုအခန်းမျိုးကို ကတ်အတိုကလေးတွေ အများကြီး ရိုက်ပြီး ပြန်ဆက်ပြတတ်သည်။ မာလစ်ကတော့ တစ်ကတ်မှ မခွဲဘဲ ဆက်တိုက်ရိုက်သည်။

မင်းသမီးမှာ စကားလုံးတွေကိုလည်း တစ်လုံးမှ မမှားအောင် ပြောရသည်။ အမူအရာကိုလည်း တစ်ဆင့်ချင်း တင်သွားရသည်။ အတော်ခက်ခဲသော သရုပ်ဆောင်မှု ဖြစ်၏။ ဒါရိုက်တာကလည်း ဇာတ်ဝင်စကားတွေကို တစ်လုံးမှ အလွဲမခံ။ စကားမှားတာ၊ ကျန်တာ၊ အမူအရာ လျော့သွားတာ စသည်ဖြင့် မကြိုက်မချင်း ရိုက်သဖြင့် ဆယ်ကြိမ်လောက် ပြန်လုပ်ယူရသည်။ ထိုအခန်း ရိုက်ပြီးသွားသောအခါ ပင်ပန်းလွန်းသဖြင့် အရုပ်ကြိုးပြတ် ပုံလဲကျသွားရှာသည်။

ဘာပဲဖြစ်ဖြစ် ပင်ပန်းရကျိုးတော့ နပ်သည်။ ထိုအခန်းကြောင့်ပင်



www.burmeseclassic.com

www.burmeseclassic.com



ဂျူလီယာရောဘတ် အကယ်ဒမီရခဲ့လေသည်။ ထို့ကြောင့် မာလစ်နှင့် ဆိုလျှင် ရိုက်ချင်ကြသည်။ မင်းသား မင်းသမီးတွေက သူ့ကို လေးလည်း လေးစားသည်။ ဖိမ့်ဖိမ့်တုန်အောင်လည်း ကြောက်ကြသည်။

တစ်နေ့နေ့ မာလစ်လို ဖြစ်အောင် ကြိုးစားရမည်ဟု အော်လီဗာ စတုန်း တွေးနေတုန်း...

လင်ကွန်း ကွန်တီနင်တယ် ကားကြီးတစ်စီး ရိုက်ကွင်းတည်ထားရာ ခြံဝင်းထဲ ဝင်လသည်။ ရှုတင်မန်နေဂျာသည် မလိုအပ်ဘဲ မင်းသမီး၏ ကားနောက်မှ ပြေးလိုက်လာ၏။ မင်းသမီး ကီတ်ဝင်းစလက် ရောက်လာပြီ။

မင်းသမီးသည် ကားပေါ်မှ ဆင်းပြီး စတုန်းဆီသို့ လျှောက်လာသည်။ အင်္ကျီလက်ပြတ်ဝတ်ထားသောကြောင့် လက်မောင်းကိုကောင်းစွာမြင်နိုင်သည်။ သူ့ကိုယ်သူ လက်မောင်းလှကြောင်း သိထားသောကြောင့် လက်ပြတ်အင်္ကျီကို အမြဲလိုဝတ်လေ့ရှိခြင်း ဖြစ်၏။ ပြီးတော့ ပေါင်တံကို တင်းခနဲ တင်းခနဲ နေအောင် တစ်ဖြောင့်တည်း ထား၍ လျှောက်လာနေသည်။ စတုန်းတောင် ရင်ခုန်ချင်သလို ဖြစ်သွား၏။

"ပိုလီယို မရောက်သေးဘူး မဟုတ်လား"

ဟု မေးရင်း အနားမှာ လာရပ်သည်။ ပိုလီယိုဆိုသည်မှာ လီယိုနာဒိုကို နာမည်ပြောင်ဖြင့် ခေါ်ခြင်းဖြစ်၏။ သူနောက်ကျသည့်အပြစ်ကို ဖုံးကွယ်ရန် လီယိုနာဒိုကို အကာအကွယ်ယူလိုက်ခြင်းလည်း ဖြစ်၏။ စတုန်းက ခေါင်းသာ ဆတ်ပြလိုက်သည်။

ကီတ်ဝင်းစလက်က...

"ကိတ်ကိတ်လဲ အစောကြီးကတည်းက ထွက်လာမလို့ပါပဲ၊ ပွဲစား တစ်ယောက် ရောက်လာပြီး စိန်လက်စွပ်တစ်ကွင်း လာပြလို့ ဈေးစကား ပြောနေရတာနဲ့ အချိန်လင့်သွားတာ၊ ဝယ်တော့ဝယ်ဖြစ်သွားပါတယ်၊ ဒီမှာလေ...မလှဘူးလား"



ဆိုပြီး လက်ကို စတုန်း၏မျက်နှာနား ကပ်ပြသည်။

စိန်လက်စွပ်က ခဲသားရောင် ဖျပ်ဖျပ်လက်နေသည်။ စိန်လက်စွပ်ထက် ကိတ်ကိတ် ခေါ် ကီတ်ဝင်းစလက်၏ ကော့ပျံနေသော လက်ချောင်းကလေးတွေက ပိုတောင် လှသေးသည်ဟု ထင်မိ၏။

○

www.burmeseclassic.com

www.burmeseclassic.com

သွေးတွေက အင်္ကျီပေါ်ကို တောက်ခနဲ တောက်ခနဲ ကျနေသည်။ သွေးစွန်းသောကြောင့် အင်္ကျီတွေ ပေကျံကုန်ပြီဟု ပြောရမှာတော့ ခပ်ခက်ခက်ပဲ။ နဂိုကတည်းက အင်္ကျီပေါ်မှာ ဆေးရောင်မျိုးစုံ စွန်းပေနှင့်ပြီးသား ရှိနေသောကြောင့် ဖြစ်၏။ သွေးစက်များကြောင့် အနီရောင်တစ်မျိုး ထပ်တိုးလာသည်ဟု ပြောလျှင် ပိုသင့်တော်မည်ထင်သည်။

အင်္ကျီကလည်း မလျှော်မဖွပ်ဘဲ ဝတ်နေတာ ဘယ်လောက်ကြာပြီလဲ မသိ။ ညစ်ထပ်ထပ်ဖြစ်ပြီး နဂိုက ဘာအရောင်ဆိုတာတောင် မသိနိုင်တော့။ ရေလည်း မှန်မှန်မချိုးဘူး ထင်ရဲ့။ သူ့ကိုယ်က ချဉ်စုတ်စုတ် အနံ့တွေ ထွက်နေ၏။ မုတ်ဆိတ်မွေး နှုတ်ခမ်းမွေးတွေကလည်း ထူလပျစ်နဲ့။

ဘာပဲဖြစ်ဖြစ် ဒဏ်ရာကို အရင်ဆုံး ဆေးကြောသန့်စင်ပေးရမည်။ ဒီလောက် ညစ်ပေတဲ့လူ တော်ရုံသန့်ရှင်းလို့ မဖြစ်ဘူးဆိုပြီး ဂွမ်း ခပ်ကြီးကြီး ယူ၊ အရက်ပြန် ခပ်ရွှဲရွှဲ ဆွတ်ပြီး ဒဏ်ရာကို သုတ်သင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်သတ္တိကောင်းတဲ့လူဖြစ်ဖြစ် အနာကို အရက်ပြန်ထိလျှင် အနည်းဆုံး တွန့်ခနဲတော့ ဖြစ်သွားတတ်ကြသည်။ ဒီပုဂ္ဂိုလ်ကတော့ ဒီလိုမဟုတ်။ သူ့ကို ရေမွှေးဆွတ်ပေးနေတယ်များ အောက်မေ့နေသလား မသိ။ ဒါတွင် မကသေး။ အရက်ပြန်နံ့ကို ရသောအခါ လျှာကို သပ်ပြီး တံတွေးတောင် မျိုချလိုက်သေးသည်။

သူကား နာမည်ကျော်ပန်းချီဆရာကြီး ဗင်ဂိုးပင် ဖြစ်လေ၏။

သူက အရက်ကြိုက်တတ်သည်။ မူးလျှင်လည်း အတော်သွေးဆိုးသည်။ အသောက်လွန်သွားလျှင် အရူးတစ်ယောက်လိုဖြစ်သွားပြီး လုပ်ချင်ရာ လုပ်တတ်သည်ဟု နာမည်ထွက်သည်။

ထို့ကြောင့် ဆေးရုံ ဆေးခန်းတွေက သူ့ဆိုလျှင် လန့်ကြသည်။ တစ်ခါက ဘာမှမစားဘဲ အရက်ချည်း လိမ့်သောက်နေသဖြင့် အစာအိမ် ထိခိုက်ပြီး ဆေးရုံတက်ရသည်။ နည်းနည်းသက်သာလို့ ထနိုင်ရုံ ရှိသေး၊ အလစ်ခိုးထွက်ပြီး သွားသွားသောက်သည်။ ဆရာဝန်ကြီးက ရိပ်မိသဖြင့် ဗင်ဂိုးကို အပြင်ထွက်ခွင့် လုံးဝမပေးရန် ဆေးရုံစောင့်ကို မှာထားသည်။

ဒီအခါကျပြန်တော့ တစ်မျိုးကြံသည်။ သူ့အရင်းနှီးဆုံး သူငယ်ချင်း ဂေါဂင်က ညနေဘက် ထမင်းလာပို့သလိုလိုလုပ်ရင်း အရက်ဝယ်လာပေးသည်။ ဗင်ဂိုးက ဒါကို ဝှက်ထားပြီး ညကျမှ ခိုးသောက်သည်။ နောက်တော့ ဆေးရုံက ပေးတဲ့ဆေးတွေနဲ့ အရက်နဲ့ ဓာတ်မတည့်ဖြစ်ပြီး သတိလစ်သွားသဖြင့် ဆရာဝန်တွေမှာ အတော်ကြိုးစားပြီး ကုရသည်။ ကံကောင်းလို့ မသေခဲ့ခြင်း ဖြစ်၏။



ခုတစ်ခါတော့ နားရွက်မှာ ဒဏ်ရာရလာသောကြောင့် အေ–ဂျေ ခရိုနင်၏ ဆေးခန်းကို ရောက်လာခြင်း ဖြစ်၏။ ခရိုနင်သည် ဆရာဝန်လည်း ဖြစ်၊ စာရေးဆရာလည်း ဖြစ်သဖြင့် အနုပညာသမားတွေအပေါ် နားလည်မှုရှိသည်။ ဗင်ဂိုး၏ ပန်းချီအနုပညာကိုလည်း အထင်ကြီးလေးစားသည်။

ခရိုနင်ခမျာ သိပ်တော့ မစားသာလှပါ။ စာရေးဆရာ၊ ကဗျာဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာ အတော်များများ၏ ကျန်းမာရေးကိစ္စကို တာဝန်ယူ ကူညီဆောင်ရွက်ပေးနေရ၏။ ဒီလူတွေကလည်း သိတဲ့အတိုင်းပဲ၊ ခပ်မွဲမွဲတွေသာ များသဖြင့် ဆေးကုခရဖို့ နေနေသာသာ ဆေးဖိုးတွေတောင် သူက စိုက်ရသေးသည်။ သူ့ဝင်ငွေ တစ်ဝက်လောက်က ဒီစရိတ်တွေနှင့်ပဲ ကုန်ရတတ်သည်။ ညနေကျလျှင်လည်း ချားလ်ဒစ်ကင်းကို ဆေးရုံလိုက်ပို့ရဦးမည်။ ဒစ်ကင်းက အသည်းနည်းနည်းရောင်ချင်သလို ဖြစ်နေသဖြင့် အာထရာဆောင်း ရိုက်ကြည့်ရမည်။

ဗင်ဂိုး၏ နားရွက်က ဒဏ်ရာကို ဆေးကြောပြီး စစ်ဆေးကြည့်တော့ အဖျားပိုင်း စုတ်ပြတ်သွားကြောင်း တွေ့ရ၏။ ဒဏ်ရာကို ချုပ်နေစဉ်မှာတောင် ဗင်ဂိုးက နားဖာချေး ကလော်ခံသလို မှိန်းနေတာ တွေ့ရသည်။

"မင်း တော်တော်ခက်တာပဲကွာ၊ နည်းနည်းလျှော့သောက်ပါလို့ ပြောထားတာလဲ နားမထောင်ဘူး၊ မူးရင်လဲ သွေးဆိုးပြီး ရန်ဖြစ်ချင်သေးတယ်၊ ဟိုတစ်ခါလဲ ဒါလီရဲ့ ခေါင်းကို အရက်ပုလင်းနဲ့ ရိုက်လို့ ကွဲသွားတာ၊ ငါပဲ ချုပ်ပေးလိုက်ရတယ်၊ ကဲ... အခုကော ဘယ်သူနဲ့ ဘာဖြစ်လာပြန်သလ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ခရိုနင်က ကရုဏာဒေါသောလေသံဖြင့် မေးလိုက်၏။

*

ဗင်ဂိုး နားရွက်ပြတ်သွားသည့် ကိစ္စနှင့် ပတ်သက်ပြီး ကောလာဟလတွေ ထွက်ခဲ့သေးသည်။

ဗင်ဂိုးသည် လမ်းထိပ်ကွမ်းယာဆိုင်က ကောင်မလေးကို ကြိုက်နေသည်။ ထို့ကြောင့် နေ့စဉ် ကွမ်းယာသွားဝယ်စားသည်။ ကောင်မလေးက သူ့ကို မကြိုက်။ ဝယ်သူမို့ လိုက်လိုက်လျောလျော ဆက်ဆံနေရခြင်းသာ ဖြစ်၏။ ဗင်ဂိုးကို နာမည်ကျော်ပန်းချီဆရာအဖြစ် အထင်ကြီးသော်လည်း ပေပေတေတေ နေတတ်ခြင်း၊ မူးလျှင် ရစ်တတ်ခြင်းတို့ကြောင့် သဘောမကျခြင်း ဖြစ်၏။

ဗင်ဂိုးကတော့ နေ့စဉ် သွားမြဲသွားနေသည်။ တစ်ရက်မှာတော့ ဗင်ဂိုးက ခပ်ထွေထွေနှင့်...

"မင် ကသာ လက်ခံမယ်ဆိုရင် ငါ့ရင်ကို ခွဲ၊ နှလုံးသားကို ထုတ်ယူပြီး လက်ဆောင်ပေးလိုက်ချင်တယ်"

ဟု ပြောသည်။ ကောင်မလေးက ရယ်သွမ်းသွေးပြီး...

"အမယ်လေး၊ ဒီလောက်ကြီး မလိုပါဘူး၊ နားရွက်ကလေး တစ်ဖက်လောက် ရရင် တော်ပါပြီ"

ဟု နောက်လိုက်မိ၏။ ထိုအခါ ဗင်ဂိုးက 'တကယ်လား' ဆိုပြီး သူ့နားရွက်တစ်ဖက်ကို ဖြတ်ပေးလိုက်ခြင်း ဖြစ်သတဲ့။

*



နောက် မှုကွဲတစ်မျိုးကတော့...

ဗင်ဂိုး ကြိုက်နေသော ကောင်မလေးမှာ ကွမ်းယာဆိုင်က မဟုတ်။ ဝက်ခေါင်းသုပ် ရောင်းသော ကောင်မလေးသာ ဖြစ်၏။ ဗင်ဂိုးက အရက်နဲ့ မြည်းဖို့ ဝက်ခေါင်းသုပ် သွားသွားဝယ်ရင်း စိတ်ဝင်စားမိတာ။

တစ်ရက်မှာတော့ ဗင်ဂိုး ရောက်လာပြီး...

"ဝက်ခေါင်းသုပ်တစ်ပွဲ ပါဆယ်လုပ်ပေးဟေ့၊ နားရွက် များများထည့်နော်"

ဟု ပြောသည်။ ကောင်မလေးက

"နားရွက် ကုန်နေပြီ"

"ဟာ...ဝက်ခေါင်းသုပ်ထဲမှာ နားရွက်က အဓိကပဲဟာ၊ အရိုးနုလေးတွေက ထုတ်ထုတ် ထုတ်ထုတ်နဲ့ သိပ်စားလို့ ကောင်းတာဟ၊ နားရွက်မပါတော့ အလကားပဲပေါ့"

"ဒီလောက်တောင် နားရွက်ကြိုက်ရင်လဲ ကိုယ့်နားရွက်ပဲ ဖြတ်ထည့်လိုက်တော့"

နေ့တိုင်းလိုလို လာပြီး လူကို စူးစူးရဲရဲကြည့်တတ်သောကြောင့် ကောင်မလေးက မကျေနပ်တာ ကြာပြီ။ ထို့ကြောင့် ခပ်ကောကောလေး ပြောလိုက်ခြင်း ဖြစ်၏။

ဗင်ဂိုးက 'အင်း...ကောင်းသားပဲ'ဟု ခပ်အေးအေးပြောရင်း ဝက်ခေါင်းလှီးသည့်ဓားကို ယူပြီး သူ့နားရွက်ကို ဖြတ်ပေးလိုက်ခြင်းဖြစ်သည်ဟု ဆို၏။

*



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေက ကောလာဟလတွေသာဖြစ်၏။

တကယ့်အဖြစ်မှန်ကတော့…

ဗင်ဂိုးသည် သူ့အချစ်ဆုံးသူငယ်ချင်းဖြစ်သော ပန်းချီဆရာ ပေါလ် ဂေါဂင်နှင့် အတူနေသည်။ သူတို့နှစ်ယောက်က စရိုက်ချင်းတူသည်။ ယမကာကြိုက်နှစ်သက်ပုံချင်း၊ သောက်လုံးကြီးပုံချင်းလည်း တူသည်။ သောက်ပြီးလျှင်လည်း ငြင်းကြခုံကြရင်း မကြာခဏ ထသတ်ကြလေ့ရှိ၏။

အထူးသဖြင့် ပန်းချီအနုပညာအကြောင်း ငြင်းခုံကြခြင်း ဖြစ်၏။ ဒီတစ်ခါတော့ ဗင်ဂိုး၏ တချို့ပန်းချီကားများမှာ သုံးထားသော အရောင်အတွဲအစပ်များသည် ကာလာသီအိုရီနှင့် မကိုက်ညီဟု ဂေါဂင်က ဝေဖန်ရာမှ ပြဿနာစဖြစ်ကြခြင်း ဖြစ်၏။

"ဘာ၊ ကာလာသီအိုရီ…ဟုတ်လား၊ အဲဒီ သီအိုရီကို ဘယ်သူက ထုတ်တာလဲ၊ ဘယ်သူက ပြဋ္ဌာန်းတာလဲ၊ ငါပြဋ္ဌာန်းတာမှ မဟုတ်တာ၊ သူများ ထုတ်တဲ့ သီအိုရီကို ငါက ဘာကြောင့်လိုက်နာရမှာလဲ၊ ငါဆွဲတဲ့ ပန်းချီကားဟာ ငါ့ သီအိုရီပဲ"

ဟု ဗင်ဂိုးက ခွတိုက်သည်။ ဒီလိုနဲ့ ငြင်းကြ ခုံကြရင်း ဗင်ဂိုးက လက်ဝှေ့ယှဉ်ထိုးဖို့ စိန်ခေါ်သည်။ ဂေါဂင်ကလည်း လက်ခံပြီး ထိုးသတ်ကြသည်။ ဗင်ဂိုးက အသတ်အပုတ်လည်း ကျင်လည်သဖြင့် ဂေါဂင်ချည်းပဲ ခံရသည်။ ဒီတော့ ဂေါဂင်သည် ကြံမိကြံရာ လုပ်သည်။ ဗင်ဂိုးကို အတင်းဝင်လုံးပြီး နားရွက်ကို ကိုက်ဖြတ်လိုက်သောကြောင့် ဗင်ဂိုး၏ နားရွက်ထိပ်ဖျား စုတ်ပြတ်သွားခြင်း ဖြစ်လေ၏။

တကယ်တော့ သူတို့နှစ်ယောက်သည် ပေပေတေတေ နေတတ်



သော်လည်း ပန်းချီလက်ရာတွေကတော့ အံ့သြလောက်အောင် ပြောင်မြောက်သူများ ဖြစ်ကြ၏။ ဗင်ဂိုး၏ အာလူးစားသူများ ပန်းချီကားဆိုလျှင် အလွန်နာမည်ကြီးသည်။ အထူးသဖြင့် ဆာလောင်မွတ်သိပ်နေသော မျက်လုံးများကို ဆွဲထားတာ ပီပြင်လွန်းသဖြင့် ကြည့်မိသူတိုင်း လက်ဖျားခါရလေသည်။

○

www.burmeseclassic.com

www.burmeseclassic.com

တော်စတွိုင်းနှင့် ချက်ကော့တို့ မဂ္ဂဇင်းတိုက်ထဲ ဝင်သွားချိန်တွင် တာဝန်ခံအယ်ဒီတာက တယ်လီဖုန်း ပြောနေသည်။ ထို့ကြောင့် သူတို့လည်း အလိုက်သိစွာပင် အပေါက်ဝနားက ခုံတန်းလျားမှာ ထိုင်စောင့်နေလိုက်သည်။

တယ်လီဖုန်းလိုင်းကပဲ မကောင်းလို့လား၊ နဂိုကပင် အသံကျယ်ကျယ် ပြောတတ်လို့လား မသိ။ တာဝန်ခံအယ်ဒီတာ ဖုန်းပြောနေသံကို ကောင်းကောင်းကြားနေရ၏။

"ဟုတ်ကဲ့ ဆရာမ၊ ဩော်...ဟုတ်လား၊ ဟာ...ဘာပြောကောင်းမလဲ ဆရာမရယ်၊ ဆရာမရဲ့ ဝတ္ထုရှည် ဒီလ ပါမယ်လို့လဲ ကြေညာလိုက်ရော ကိုယ်စားလှယ်တွေက မဂ္ဂဇင်း စောင်ရေတိုးပြီး မှာကြလို့ ဒီလ နှစ်ထောင်လောက် ပိုရိုက်ရတယ်လေ၊ ဩော်...ဒါလား၊ ဟဲ ဟဲ ဆရာမလဲ သိသားနဲ့၊ တစ်လတည်း အပြတ် ထည့်လို့တော့ ရတာပေါ့၊ ဒါပေမဲ့ ပရိသတ်တွေ ပိုစိတ်ဝင်စားအောင် ကောင်းခန်းလေးမှာ ဖြတ်ထားပြီး ရှေ့လဆက်ဖတ်ပါ လုပ်လိုက်ရတာပါ၊ ဆရာမအတွက်လဲ ပိုကောင်း ကောင်းသွားသေးတယ်၊ စာမူခ နှစ်လစာ ရမှာလေ"

www.burmeseclassic.com

www.burmeseclassic.com



တာဝန်ခံအယ်ဒီတာက ဖုန်းပြောနေရင်းက တော်စတွိုင်းနှင့် ချက်ကော့ တို့ကို မြင်ပြီး လက်လှမ်းပြ၍ နှုတ်ဆက်သည်။ ထို့နောက် ဖုန်းဆက်ပြောသည်။ အသံတော့ နည်းနည်းတိုးသွား၏။

"ခင်ဗျာ၊ ဟာ...မနည်းပါဘူး ဆရာမရယ်၊ ဘယ်သူ့ကိုမှ မပေးသေးတဲ့ စာမူခနှုန်းနဲ့ ပေးတာပါ၊ ဗျာ...ဟုတ်ကဲ့ ဟုတ်ကဲ့၊ အယ်ဒီတာချုပ်ကို ပြောပေးပါ့မယ်၊ အဆင်ပြေမှာပါ၊ ဒီလိုလုပ်ပါလား၊ အခန်းဆက် ဝတ္ထုရှည်တစ်ပုဒ် ရေးပေးလေ၊ ခြောက်လစာလောက်ပေါ့၊ ဒါဆို ကျွန်တော်တို့အတွက်လဲ အဆင်ပြေတယ်၊ ဆရာမလဲ လုံးချင်းဝတ္ထုတစ်ပုဒ် ရေးပြီးသား ဖြစ်သွားတာပေါ့၊ စာမူခကိုလဲ ဆရာမ ပြောတဲ့အတိုင်း ဖြစ်အောင်စီစဉ်ပေးပါ့မယ်၊ သြော်...ဒါနဲ့ ကျွန်တော် ထည့်ပေးလိုက်တဲ့ ဒူးရင်းယို ရလား၊ ဆရာမ ကြိုက်တတ်တယ်ဆိုလို့ အယ်ဒီတာချုပ်က ဘန်ကောက်အထိ တကူးတက လှမ်းမှာပေးတာလေ၊ ဟုတ်ကဲ့၊ ဟိုကိစ္စလေးလဲ စဉ်းစားပေးပါဦး၊ ဒါပဲနော်"

တာဝန်ခံအယ်ဒီတာက ဖုန်းကို ချလိုက်သည်။ သူသည် အထက်အရာရှိကို အရေးကြီးသော ကိစ္စ အစီရင်ခံလိုက်ရသူတစ်ယောက်လို မောဟိုက်သွားဟန်တူသည်။ 'ဟူး' ခနဲ သက်ပြင်းမှုတ်ထုတ်လိုက်၏။ ပြီးမှ...

"လာလေ၊ ဆရာတို့"

ဟု လှမ်းပြီး ဖိတ်မန္တကပြု၏။ ချက်ကော့နှင့် တော်စတွိုင်းတို့လည်း သူ့စားပွဲရှေ့က ကုလားထိုင်တွေ ဆွဲယူပြီး ထိုင်လိုက်၏။ ခုအတိုင်းဆိုလျှင် ဒီလထုတ် မဂ္ဂဇင်းထဲမှာ ချက်ကော့၏ ဝတ္ထု မပါတာ သေချာနေပြီ။ စောစောက ဖုန်းဖြင့် ပြောဆိုနေပုံအရ နောက်လမှာ



လည်း မာရီကော်ရယ်လီ၏ ဝတ္ထုရှည် ဒုတိယပိုင်းကိုသာ ဆက်ထည့်ဖို့ စီစဉ်ထားပြီးဖြစ်ကြောင်း သိရပြီ။ စာမူခ ရဖို့ မျှော်လင့်ချက်လည်း မရှိတော့။ သို့ရာတွင် အကျိုးအကြောင်း သိလိုသေးသဖြင့်...

"ကျွန်တော့်ဝတ္ထုရှည် အခြေအနေ ဘယ်လိုလဲ"

ဟု ချက်ကော့က မေးသည်။ တာဝန်ခံအယ်ဒီတာက အားနာပါးနာလေသံဖြင့်...

"ကျွန်တော်ကတော့ သိပ်ကြိုက်တာပဲဆရာ၊ ခုချိန်မှာ ဘဝ သရုပ်ဖော် ဝတ္ထုကောင်းကောင်းက ရှားနေပြီမဟုတ်လား၊ အဲဒါ အယ်ဒီတာချုပ်ဆီ တင်ပြလိုက်တော့ ဆရာ့ဝတ္ထုက ရှည်လွန်းနေတယ်တဲ့၊ တစ်လတည်း အပြတ်ထည့်ဖို့ စာမျက်နှာ အခက်အခဲ ရှိတယ်တဲ့"

ချက်ကော့က လှောင်သလိုလို ပြုံးလိုက်သည်။ သူ့ဝတ္ထုကျတော့ ရှည်နေလို့တဲ့။ မာရီကော်ရယ်လီရဲ့ဝတ္ထုကိုတော့ တစ်လတည်း အပြတ်ထည့်လို့ ရလျက်နှင့် နှစ်လ ခွဲထည့်သည်။

သူ့အပြုံးကို တာဝန်ခံအယ်ဒီတာကလည်း ရိပ်မိသည်။ ထို့ကြောင့်

"သူ့ခေတ်နဲ့သူ့ကိုး ဆရာရဲ့၊ ဘက်စ်ဆဲလား ဆိုတော့လဲ ဦးစားပေးရတာပေါ့၊ ဆရာသိတဲ့အတိုင်းပဲ၊ ခုချိန်မှာက အပြင်းစား အချစ်ဝတ္ထုဒါမှမဟုတ် ဟာသဝတ္ထုမှ လူကြိုက်များတာကိုး၊ ဆရာ့အနေနဲ့ နည်းနည်းလောက် သည်းခံပြီး စောင့်လိုက်ပါ ဆရာရယ်၊ အဆင်ပြေတဲ့လမှာ ကျွန်တော် ဖြစ်အောင် သုံးပါ့မယ်၊ မဂ္ဂဇင်းဂုဏ်သိက္ခာရှိဖို့အတွက်က ဆရာတို့ရဲ့ ဝတ္ထုတွေ ထည့်သင့်တယ်ဆိုတာ ကျွန်တော်နားလည်ပါတယ်"

တော်စတွိုင်းသည် အယ်ဒီတာကိုတောင် ပြန်သနားမိသလို ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သွား၏။ ချက်ကော့ကတော့ အယ်ဒီတာတစ်ယောက်၏ လက်ရှိအနေအထားကို သဘောပေါက်သဖြင့် ခေါင်းကိုသာ ဆတ်ပြလိုက်သည်။

ထိုစဉ်တွင် အယ်ဒီတာ၏ လက်ထောက်လူငယ်က လက်ဆွဲအိတ်တစ်လုံးထဲကို ကင်မရာနှင့် အသံဖမ်းစက် ထည့်ပြီး စားပွဲပေါ် လာတင်သည်။ အပြင်သွားဖို့ အချိန်ကျပြီဖြစ်ကြောင်း သတိပေးလိုက်ခြင်း ဖြစ်၏။ ချက်ကော့တို့ကို ယဉ်ယဉ်ကျေးကျေး နှင်လိုက်သည့်သဘောလည်း ဖြစ်၏။

အယ်ဒီတာက လက်ပတ်နာရီကို ကြည့်သည်။ ချက်ကော့ကလည်း အလိုက်သိစွာ...

"အပြင်သွားစရာရှိတယ်ထင်တယ်၊ ကျွန်တော်တို့လဲ သွားဦးမှ"

ပြောပြီး ထရပ်သည်။ အယ်ဒီတာက...

"ဟုတ်တယ်၊ ဒီနေ့ညနေ နစ်ကိုးကစ်မင်းရဲ့ မွေးနေ့ပွဲ ရှိတယ်လေ၊ မသွားလို့ မဖြစ်ဘူး ဆရာရဲ့၊ တခြားမဂ္ဂဇင်းတွေမှာ အဲဒီသတင်း ပါလာပြီး ကျွန်တော့်ဆီမှာ မပါရင် အယ်ဒီတာချုပ်က ကျွန်တော့်ကို ထုလိမ့်မယ်၊ ဒီသတင်းက ပရိသတ်သည်းခြေကြိုက်သတင်းမျိုးကိုး၊ ကျွန်တော်တို့မှာလဲ မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေက များတော့ ဒီလိုပဲ အပြိုင်အဆိုင် လုပ်နေကြရတာပဲ"

မဂ္ဂဇင်းအယ်ဒီတာချုပ် ဆိုသူမှာ စာပေဝါရင့်သူတစ်ယောက်တော့ မဟုတ်။ စာပေကို သိပ်ချစ်မြတ်နိုးသော အနုပညာသမားစစ်စစ်လည်း မဟုတ်။ သို့ရာတွင် သူက ဒီမဂ္ဂဇင်းအတွက် ငွေထုတ်ပေးသူ ပိုင်ရှင်ဆိုတော့..



တာဝန်ခံ အယ်ဒီတာသည် လွယ်အိတ်ကို လွယ်လိုက်သည်။ ထို့နောက် လေသံပျော့ပျော့ ခပ်တိုးတိုးပြောသည်။

"ကျွန်တော်တို့ အယ်ဒီတာတွေဆိုတာ အနုပညာသမားနဲ့ စီးပွားရေးသမားကြားမှာ မလူးသာ မလွန့်သာ ညပ်နေတဲ့ သတ္တဝါတွေပါပဲ ဆရာတို့ရယ်"

ချက်ကော့က ပခုံးတွန့်ပြလိုက်သည်။ တော်စတွိုင်းကတော့ ဂျက်လန်ဒန်၏ ဝတ္ထုထဲမှ 'ကျွန်တော်ကကော၊ ဘာများကော တတ်နိုင်ပါဦးမည်နည်း' ဆိုသော စကားလုံးကလေးကိုသာ သတိရနေမိလေသည်။

*

မဂ္ဂဇင်းတိုက်ထဲက ထွက်လာကြပြီးနောက် ချက်ကော့က...

"ဝမ်းသာတယ်ကွာ"

ဟု ရုတ်တရက် ပြောလိုက်သဖြင့် တော်စတွိုင်း ကြောင်သွား၏။

"ဘာလဲကွ၊ မင်းဟာက... မဂ္ဂဇင်းထဲ ဝတ္ထုမပါလို့ စာမူခ မရတာ ဝမ်းသာစရာလား"

"မင်း မေ့သွားပြီလား၊ မိန်းမက ဆန်မပါရင် ပြန်မလာနဲ့လို့ မှာလိုက်တယ် မဟုတ်လား၊ ဒီတော့ အိမ်ပြန်လို့ မဖြစ်ဘူးလေ၊ မင်းအိမ်မှာ လိုက်အိပ်ရတော့မှာ၊ တစ်ညတလေ နားအေးပါးအေး နေရပြီပေါ့၊ ပြီးတော့ မင်းနဲ့ငါ တစ်ညလုံး သောက်ရင်း စကားပြောခွင့်လဲ ရမယ်လေ"

"ငါ့မှာလဲ ပိုက်ဆံသိပ်ရှိတာမဟုတ်ဘူးကွ၊ ဘီအီးတောင် တိုက်နိုင်မယ် မထင်ဘူး၊ ချက်အရက်နဲ့ ပဲကြီးလှော်လောက်ပဲ ရမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်ရ...နာမည်ကိုက ချက်ကြီးပါကွ၊ ချက်အရက် မကလို့ မက်သနောကို ဆားခပ်တိုက်လဲ ရတယ်"

သူတို့နှစ်ယောက် ပြိုင်တူ ရယ်လိုက်ကြသည်။ ပြီးတော့ ဆက်လျှောက်လာကြ၏။ ထိုစဉ် နောက်ဘက်မှ လှမ်းအော်ခေါ်သံ ကြားရသည်။

"ဟော့...ဒဂုံ တော်စတွိုင်း"

လှည့်ကြည့်လိုက်တော့ မိုပါဆွန်းကို တွေ့ရသည်။ တော်စတွိုင်းမြို့သစ်ကို ပြောင်းသွားပြီးကတည်းက မိုပါဆွန်းက ဒဂုံတော်စတွိုင်းဟု နောက်ပြောင်၍ ခေါ်လေ့ရှိ၏။

သူတို့က ရပ်စောင့်နေသည်။ မိုပါဆွန်းသည် အဝတ်အစား ဖရိုဖရဲ၊ ဆံပင်စုတ်ဖွားနှင့် ဖြစ်၏။ လူက အနားမရောက်ခင် ယမကာနံ့က အရင်ရောက်လာသည်။

"အစောကြီး ရှိသေးတယ်၊ ပြဲနေပြီလားကွ"

ဟု တော်စတွိုင်းက မေးသည်။ မိုပါဆွန်းက...

"နေ့လယ် ဆယ့်နှစ်နာရီကျော်ရင် ညနေပိုင်းထဲ ဝင်ပြီလေကွာ၊ ဒါစောတယ်လို့ ပြောလို့ ဘယ်ရမလဲ"

"နည်းနည်းပါးပါးလဲ လျှော့သောက်စမ်းပါဦး ကိုဆွန်းရာ"

ဟု ချက်ကော့က ဝင်ပြောသည်။ မိုပါဆွန်းက...

"လျှော့ပါတယ်ကွ၊ ခုနောက်ပိုင်း ရေသိပ်မရောတော့ဘူးလေ၊ ဒါလျှော့သောက်တဲ့ သဘောပေါ့ဟ"

မိုပါဆွန်းက ဒီအတိုင်းပဲ။ အလွန် တေတတ် ပေတတ်သည်။ ယမကာကိုလည်း ခုံမင်သည်။ အခါများစွာတို့တွင် အိမ်မပြန်တော့



ဘဲ လမ်းဘေးအရက်ဆိုင်ခုံပေါ်မှာပင် ခွေခွေလေး အိပ်နေတာ တွေ့ရတတ်သည်။ တစ်ခါတလေ ဆိုက်ကားသမားတွေနှင့် တစ်ညလုံး ထိုင်ပြီး စစ်တုရင် ထိုးချင် ထိုးနေတတ်သည်။ တစ်ခါတလေကျတော့လည်း သူ့စာဖတ်ပရိသတ်တစ်ယောက်က ဒကာခံပြုစုသဖြင့် ဟိုတယ် ဘားခန်းထဲမှာ ဝိစကီကို အကျအန သောက်နေတာ မြင်ရတတ်ပြန်သည်။

သူ့မိတ်ဆွေအပေါင်းအသင်းတွေက လူစုံဖြစ်၏။ အလွှာအမျိုးမျိုး လူတန်းစား အမျိုးမျိုး ပါဝင်သည်။ အရာရှိကြီးတွေ၊ သူဌေးတွေ၊ ပညာတတ် အထက်တန်းလွှာတွေ၊ ဈေးသည်တွေ၊ ကားသမားတွေ၊ လက်လုပ်လက်စားတွေ၊ တေလေကြမ်းပိုးတွေ၊ ခါးပိုက်နှိုက်တွေ စသည်ဖြင့် များပြားစုံလင်လှသည်။

ထို့ကြောင့်လည်း သူ၏ဝတ္ထုတွေထဲက ဇာတ်ကောင်များမှာ စရိုက်သဘာဝ ပီပြင်ပြီး သရုပ်မှန်လွန်းလှ၏။ အထက်တန်းလွှာတွေနှင့် ပေါင်းနေသော်လည်း သူတို့အကြိုက်ကို လိုက်မရေး။ ကန့်လန့်ကာနောက်ကွယ်မှ သူတို့၏ ကောက်ကျစ်မှုများ၊ ဖောက်ပြန်မှုများကို အတွင်းကျကျ သိနေသဖြင့် ဒါတွေကို ကွက်ကွက်ကွင်းကွင်း ဖွင့်ချရေးသားသည်။

သူက စာရေးအလွန်ကောင်းသည်။ သူ၏ သရော်လှောင်ပြောင်ချက်များက ထိမိလှသည်။ ထို့ကြောင့် အရေးခံရသူတွေ ကိုယ့်တိုင်တောင် မဖတ်ဘဲ မနေနိုင်အောင် စွဲလမ်းကြရ၏။

သူ့စာအုပ်တွေ ရောင်းကောင်းသည်။ သို့ရာတွင် သူကတော့ ပြောင်ပြောင်ရောင်ရောင် မရှိ။ ရသမျှ စာမူခကို သူငယ်ချင်း အပေါင်းအသင်းတွေနဲ့အတူ အရက်သောက်ပစ်သည်။ ငွေကြေး ချို့တဲ့သော



www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာ၊ ကဗျာဆရာတွေကို ထောက်ပံ့သည်။ တစ်ခါတလေကျတော့လည်း သူ့မိတ်ဆွေ ထောင်ကျနေသော လူမိုက်တစ်ယောက်၏ မိသားစုကို အိတ်ထဲ ပါသမျှငွေ အကုန်ထုတ်ပေးခဲ့တာမျိုး ရှိသည်။

"မင်းတို့က ဘယ်က လာတာလဲ"

ဟု သူက မေးသည်။ ချက်ကော့က မဂ္ဂဇင်းတိုက်မှာ စာမူခလေးများ ရမလားလို့ သွားတာ ဝတ္ထုမပါသဖြင့် မရခဲ့ကြောင်း ပြောပြသည်။

"မင်းတို့က လေပျော့လေးတွေနဲ့ သွားတာကိုးကွ၊ ငါ့လို လုပ်ရတယ်၊ ငါဆိုရင် မဂ္ဂဇင်းတိုက်ကို မသွားခင် နှစ်ပက်လောက် အရင်ဝင်မော့သွားတယ်၊ အဝတ်အစားတွေပေါ်မှာလဲ အနံ့လေး ရအောင် ဆွတ်သွားလိုက်သေးတယ်၊ ဟိုရောက်တော့ သိပ်မူးနေတဲ့ပုံစံနဲ့ အမျိုးမျိုး ရစ်တာပဲ၊ အဲဒီဒဏ်ကို မခံနိုင်တာနဲ့ဘဲ နားအေးရင်ပြီးရော ဆိုပြီး စာမူခ ထုတ်ပေးလိုက်ကြတာပဲကွ . . . ဟား ဟား"

"ငါတို့က မင်းလောက်တော့ မလုပ်ရဲဘူးကွ"

ဟု တော်စတွိုင်းက ဝန်ခံသည်။ သူက အားနာတတ်သူ ဖြစ်၏။ မဂ္ဂဇင်းတွေဘက်မှာလည်း စက္ကူဈေး၊ ဖလင်ဈေး၊ ပုံနှိပ်ခ၊ တခြားစရိတ်စကတွေက တက်လာ၊ အပြိုင်အဆိုင်တွေ များလို့ ရောင်းအားက ကျ၊ မဂ္ဂဇင်း ဆက်ထွက်နိုင်ဖို့တောင် အနိုင်နိုင်ကြိုးစားနေရရှာသော ဖုတ်လိုက်ဖုတ်လိုက် အခြေအနေကို နားလည်စာနာမိသည်။

"လက်ဖက်ရည်တိုက်မယ့်လူ ရှိရင် ကောင်းမယ်ကွ"

လေထန်ကုန်း လက်ဖက်ရည်ဆိုင်ရှေ့ ရောက်တော့ ချက်ကော့က တောင့်တသည်။



"တစ်ယောက်မဟုတ် တစ်ယောက်တော့ တွေ့မှာပါ"

တော်စတွိုင်းက ပြောပြီး မိုပါဆွန်းဘက် လှည့်၍ 'မင်းကော လိုက်ထိုင်ဦးမလား' ဟု တစ်ဆက်တည်း မေးလိုက်၏။ မိုပါဆွန်းက . . .

"ရန်စကား ပြောတာလားကွ၊ ခုမှ ဝမ်းကုတ်လောက်ပဲ အရောင်တင်ရသေးတာ၊ ပြီးတော့ ဂေါ်ကီနဲ့ လေးဆယ့်နှစ်လမ်းက ဆိုင်မှာ ချိန်ထားတယ်၊ ကဲ . . . သွားဦးမယ်"

ဆိုပြီး ငိုက်စိုက်ငိုက်စိုက် လျှောက်ထွက်သွား၏။ ချက်ကော့က 'ရန်လဲ ဖြစ်မနေကြနဲ့ဦးနော်' ဟု လှမ်းအော်ပြောလိုက်၏။

ဂေါ်ကီနှင့် မိုပါဆွန်းတို့က အတော်ထူးဆန်းသည်။ တစ်ယောက်နှင့် တစ်ယောက် ဆုံမိလျှင် စာပေအကြောင်း ငြင်းကြခုံကြရင်း မကြာခဏ ရန်ထဖြစ်ကြသည်။ သို့ရာတွင် မတွေ့ဘဲလည်း မနေနိုင်ကြ။

ဂေါ်ကီက ဒေါသကြီးတတ်သည်။ စိတ်ဓာတ်ရော၊ အယူအဆပါ ပြင်းထန်သည်။ ဒါကိုသိသော မိုပါဆွန်းက ထေ့လုံးငေါ့လုံးတွေနှင့် ဂေါ်ကီ စိတ်ဆိုးအောင် ဆွပေးတတ်သည်။ ထိုအခါ ဂေါ်ကီက စားပွဲကို လက်သီးနှင့် ထု၊ ဖန်ခွက်တွေ ပေါက်ခွဲ၊ အော်ကြီးဟစ်ကျယ် ထလုပ်တတ်သည်။ ဒီလိုဖြစ်အောင်ကို မိုပါဆွန်းက တမင် စခြင်း ဖြစ်၏။ 'ဂေါ်ကီ ဒေါသဖြစ်ပြီ ပေါက်ကွဲတာ သိပ်ချစ်စရာကောင်းတာပဲ' ဟု သူက ဆိုသေးသည်။

လေထန်ကုန်း လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်သွားသောအခါ အတွင်းဘက် စားပွဲတစ်လုံးမှာ ထိုင်နေသော ဘိုင်ရွန်က လက်ယပ်ခေါ်သည်။ ဘေးမှာ ရှယ်လီ ထိုင်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"လာကြဟေ့၊ လက်ဖက်ရည်လား၊ ကော်ဖီမစ်လား"

ဟု ဘိုင်ရွှန်က မေးသည်။

"မင်းတိုက်မှာ မို့လို့လား"

"ဒကာရှိတယ်လေကွာ"

ဆိုပြီး ဘေးမှာ ထိုင်နေသော ရှယ်လီကို လက်မနှင့် ညွှန်ပြသည်။

"ဟေ့ကောင်၊ မင်း ပိုက်ဆံမထုတ်ရတိုင်း စေတနာတွေ ပိုနေတယ်"

ရှယ်လီက ဘိုင်ရွှန်ကို ငေါက်သလို ပြောလိုက်သော်လည်း သူ့လေသံက ကျေနပ်နေပုံရသည်။ မျက်နှာကလည်း ပြုံးရွှင်နေ၏။ ချက်ကော့တို့ဘက် လှည့်ပြီး...

"မှာကြလေကွာ၊ ငါတိုက်မှာပါ၊ ဟေ့...လန်ဒန်တစ်ပွဲပေးကွာ"

ဟု စားပွဲထိုးကလေးကို တစ်ဆက်တည်း လှမ်းမှာသည်။ လန်ဒန်စီးကရက် လာချပေးသော စားပွဲထိုးကို လက်ဖက်ရည်ကျဆိမ့်နှစ်ခွက် မှာလိုက်၏။

"ဘာတွေ အဆင်ပြေနေလို့လဲကွ"

ဟု တော်စတွိုင်းက မေးသည်။ ရှယ်လီ မဖြေခင် ဘိုင်ရွှန်ကပင် ပြောရေးဆိုခွင့်ရှိသူတစ်ယောက်လို ဝင်၍ အဖြေပေးသည်။

"ဒီနေ့ သူ့ကဗျာစာအုပ် ထွက်တယ်လေကွာ၊ စာမူခလဲ ရလို့ အပေါင်းအသင်းတွေကို ပြုစုနေတာပေါ့"

"ဒီလိုမှန်းသိရင် မိုပါဆွန်းကိုပါ ဆွဲခေါ်ခဲ့ပါတယ်ကွာ၊ ဒါမှ ဘီအီး တစ်လုံးစာလောက် ထပ်ထွက်သွားမှာ"

"မပူပါနဲ့၊ ကဗျာစာအုပ်ထွက်တယ် သတင်းကြားရင် အိမ်အထိ လိုက်လာပြီး တိုက်ခိုင်းမှာပါ"



ချက်ကော့သည် စိတ်ထဲမှာ ချိတုံချတုံ ဖြစ်နေ၏။ လောလောဆယ်တွင် ရှယ်လီ၏ လက်ထဲမှာ ငွေစကြေးစကလေး ရှိနေသည်။ ငွေငါးရာလောက် ချေးရကောင်းမလား။ ဒါဆိုလျှင် ဆန်ဝယ်ပြီး အိမ်ပြန်နိုင်မည်။ သို့ရာတွင် သူက ဒါမျိုးကိစ္စတွေမှာ နှုတ်နေးသည်။ အားနာတတ်သည်။ တော်စတွိုင်းကလည်း ဒီအကြောင်းကိုပင် တွေးနေသည်။ ကာယကံရှင်ကိုယ်တိုင်က ပါးစပ်မဟတော့လည်း ခက်သည်။ ရုတ်တရက် အကြံကစ်ခု ရသွားသည်။ ချက်ကော့ စာမူခ မရခဲ့ကြောင်း ပြောရင်း စကားလမ်းကြောင်းပေးမည်။ ဒါဆို ချက်ကော့က လိုက်နင်းပြီး ပြောရုံပဲ။ ထို့ကြောင့်...

"ဒီနေ့တော့ မင်းနဲ့တွေ့တာ ချက်ကော့ ကံကောင်းတာပဲ၊ ဘာကြောင့်လဲဆိုတော့ မဂ္ဂဇင်းတိုက်က..."

သူ့စကားမဆုံးခင်မှာ ဂျွန်ကီ ရောက်လာပြီး...

"ဟေ့ကောင် ရှယ်လီ၊ မင်း ထောနေတယ်ဆို၊ ဟိုတလောက လမ်းမှာ ဖိနပ်ပြတ်သွားလို့ ပြန်ဝယ်မလို့ ဆိုပြီး ငါ့ဆီက ငွေသုံးရာ ချေးထားတာ မှတ်မိသေးလား၊ အခု ငါ့မိန်းမ နေမကောင်းဘူးကွ၊ ညနေ ဆေးခန်း သွားပြဖို့ ငွေမရှိလို့၊ အဲဒါ ပြန်ပေးနိုင်ရင် ပေးကွာ"

"အေးပါ၊ ငါ သတိရပါတယ်၊ မင်းနဲ့ မဆုံရင်တောင် နိရူဒါနဲ့ တစ်ဆင့် ပေးခိုင်းမလို့ကွ"

ဆိုပြီး ရှယ်လီက ငွေသုံးရာ ထုတ်ပေးသည်။ တော်စတွိုင်းက ချက်ကော့ကို လှမ်းကြည့်သည်။ ချက်ကော့က မပြောပါနဲ့တော့ကွာ ဆိုသောသဘော ခေါင်းကို မသိမသာ ခါပြလိုက်၏။

"ကဗျာစာအုပ်လဲ လက်ဆောင်ပေးဦးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ...ပေးမှာပေါ့၊ ပေးချင်လွန်းလို့ကို စောင့်နေတာ၊ ပေးဦးမှာ၊ ပေးဦးမှာ"

ရှယ်လီမှာ ကဗျာစာအုပ် ထွက်ဖြစ်သွားသောကြောင့် အတော်ပျော်နေပုံရသည်။ လေသံကိုက မြူးကြွသွက်လက်နေ၏။ သူက ရှေ့မှာချထားသော ကြွပ်ကြွပ်အိတ်ထဲမှ ကဗျာစာအုပ် သုံးအုပ်ကို ထုတ်သည်။ ဂျွန်ကီ၊ တော်စတွိုင်းနှင့် ချက်ကော့တို့၏ နာမည်များကို ရေးပြီး လက်မှတ် ထိုးသည်။ တစ်ယောက် တစ်အုပ်စီ ပေးသည်။

ကဗျာစာအုပ်ကလေးမှာ အတော်သပ်သပ်ရပ်ရပ် လှလှပပ ပြင်ဆင်ထားသည်။ မျက်နှာဖုံးပန်းချီကို ဒါလီက ရေးဆွဲပေးထားသည်။ ဒါလီသည် စာနယ်ဇင်းသရုပ်ဖော်ပုံများ ဆွဲလေ့မရှိ။ ပန်းချီကားကိုသာ အထူးပြု ရေးတတ်သူ။ ဒီပုံကတော့ ရှယ်လီကို ခင်လွန်းသောကြောင့် ရေးဆွဲပေးခဲ့ခြင်း ဖြစ်၏။

စဥ့်အိုးပေါ်မှာ ဖားပျံကလေး တစ်ကောင် ကပ်နေပုံ။

ကဗျာစာအုပ်နာမည်က

'စဥ့်အိုးလေးကို နမ်းတဲ့ည'။

○

'ပွဲစားကြီးများ ဟိုတယ်'ရှေ့မှာ ရပ်ထားသော မော်တော်ကားများ၏ စုစုပေါင်းတန်ဖိုးကို တွက်ကြည့်လျှင် ဆင်းရဲသာ ရပ်ကွက်တစ်ခုမှာ ရှိသော အိမ်ခြေစုစုပေါင်း တန်ဖိုးထက် အဆပေါင်းများစွာ သာလိမ့်မည်။

တခြားမကြည့်နဲ့။ မွေးနေ့ရှင် နစ်ကိုးကစ်မင်း စီးလာသော မာစီဒီးအက်စ်အယ်လ်-၅၀၀ ရဲ့ တန်ဖိုးကပဲ အိမ် အလုံးတစ်ရာစာလောက်ရှိတာကိုး။ ၂၀၀၂ ခုနှစ်ထုတ် အသစ်စက်စက် စပို့မိုဒယ် ကားလေ။ တွမ်ခရုစ် စီးလာတဲ့ ကားကတော့ လေဇူး-၄၃၀။ သူတို့ ဇနီးမောင်နှံ ကား တစ်စီးစီနဲ့ သီးခြားစီ လာတာကိုက စိတ်ဝင်စားစရာကောင်းနေပြီ။ ဒီလိုဖြစ်အောင် တမင် ထွင်လိုက်တာလည်း ဖြစ်နိုင်သည်။

ဘရက်ပစ်က ဘီအမ်ဒဗလျူ-၇ စီးရိုး။ နစ်ကလပ်ကေ့ချ်က လင်ခရူဇာ၊ အင်ဂျလီနာဂျိုလီက ကက်ဒီလက်၊ ဟိုဘက်မှာတော့ မင်းသားကြီး ကလင့်အိစ်ဝုဒ်ရဲ့ ရိုးစ်ရွိုက်ကားကြီးက ခံ့ခံ့ညားညား ရပ်လို့။

ဒီနေ့ညနေမှာတော့ ဟိုတယ်ရှေ့က ယာဥ်ရပ်နားရန် နေရာသည် မော်တော်ယာဥ် ရှောင်းဝယ်ရေးစခန်း အပေါ်ခွင်နှင့် တူနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်၏ မြေညီထပ်ရှိ အထူးသီးသန့်ဆောင်ရှိ 'ပွဲကတော်ခန်းမ' မှာ မွေးနေ့ပွဲ ကျင်းပဖို့ ပြင်ဆင်ထားသည်။ အခန်းက လူလေးရာလောက် ဆံ့သော်လည်း လက်ရွေးစင် လူနှစ်ရာကိုသာ ဖိတ်ကြားထားသည်။

ခန်းမထဲမှာ မီးဆိုင်းတွေ၊ ရောင်ပြေးတွေ၊ မီးပဒေသာတွေ၊ ရွှေငွေပန်းစက္ကူတွေ၊ ပုဖောင်းတွေ ဆင်ယင်ထားခြင်းမရှိ။ ဒါတွေက ရိုးနေပြီ။ ထို့ကြောင့် ရှင်းရှင်းလင်းလင်းပင် ပြင်ဆင်ထားသည်။ သို့ရာတွင် သေသေချာချာကြည့်လျှင် ထူးခြားမှုကို တွေ့နိုင်သည်။

ခန်းမထဲမှာ မီးလုံး၊ မီးချောင်း၊ ဆလိုက်မီး စသည်တို့ တစ်ခုမှမရှိပါဘဲလျက် အလိုအလျောက်လင်းနေခြင်းပင် ဖြစ်၏။ ပြီးတော့ နံရံမှာ သုတ်ထားသော ဆေးရောင်များသည် ဆယ့်ငါးမိနစ်တစ်ခါ ပြောင်းသွားတတ်သည်။ အပြာနု၊ မီးခိုးနု၊ အစိမ်းနု၊ အဝါနု စသည်ဖြင့်...။

ခုလိုဖြစ်အောင် အထူးသုတ်ဆေးတစ်မျိုးကို နိုင်ငံခြားက တကူးတကန့် မှာယူပြီး အသုံးပြုထားရခြင်းဖြစ်၏။ ဒီပွဲအတွက်ကို တမင်အချိန်ကိုက် ပြုလုပ်ခဲ့ခြင်းလည်း ဖြစ်၏။ ကုန်ကျစရိတ်ကို နှစ်ကိုးကစ်မင်းက ကျခံပေးခဲ့သည်။

စင်မြင့်ပေါ်မှာတော့ လောလောဆယ် နာမည်အကျော်ကြားဆုံးဖြစ်နေသော 'အယ်လ်ကာလီ တီးဝိုင်းအဖွဲ့'က ဧည့်ခံဖျော်ဖြေနေသည်။ စင်မြင့်၏ နောက်ဘက် အပေါ်နားတွင် နံရံကပ် ဒစ်ဂျစ်တယ် မှန်ပြားကြီး ကပ်ထားသည်။ နောက်ဆုံးပေါ် အယ်လ်စီဒီ တီဗီကြီးပင် ဖြစ်၏။ ဖန်ပြားဆိုသော်လည်း အော်ဂဲနစ် ဖိုင်ဘာဖန်မျှင်ဖြင့် ရက်လုပ်ထားသည်။ မလိုအပ်သည့်အချိန်တွင် ကော်ဇောတစ်ချပ်လို လိပ်ပြီး အလွယ်



တကူ သယ်ယူနိုင်သည်။ အရွယ်အစားက ရုပ်ရှင်ပိတ်ကားနီးပါးလောက် ရှိ၏။

တီဗီကြီးပေါ်တွင် N.K 21 ဆိုသော စာလုံးသည် ဒီဇိုင်းပုံစံမျိုးစုံ၊ အရောင်မျိုးစုံ တစ်မျိုးပြီး တစ်မျိုး ပြောင်းနေသည်။ နှစ်ကိုးကစ်မင်း၊ နှစ်ဆယ့်တစ်နှစ် ဆိုသော အဓိပ္ပာယ်ပင် ဖြစ်၏။

တချို့ကတော့ ဒီမင်းသမီး အသက် နှစ်ဆယ့်တစ်နှစ် ဆိုတာ မဖြစ်နိုင်၊ အသက်ကို လျှော့ပြောခြင်းဖြစ်ရမည်ဟု ဆိုကြသည်။ သူနှင့် ငယ်ငယ်က တစ်တန်းတည်း အတူနေခဲ့သော သူငယ်ချင်းတစ်ယောက်မှာ အခု ဆရာဝန်ကတော် ဖြစ်နေပြီ။ ဒါကို ကြည့်ခြင်းဖြင့် နှစ်ဆယ့်တစ်နှစ် မကနိုင်ဟု ထောက်ပြသူလည်း ရှိသည်။

ဘာပဲဖြစ်ဖြစ် သူက နှစ်ဆယ့်တစ်နှစ်ပါ ဆိုတော့လည်း နှစ်ဆယ့်တစ်နှစ်ပေါ့။ သူ့ကို ချစ်သော ပရိသတ်ကတော့ ဆယ့်ရှစ်နှစ်ပါ ဆိုလည်း ယုံကြမှာပဲ ဖြစ်၏။ အသက်ကို တွက်စစ်နေရအောင် သူက ဘောလုံးကန်မှာမှ မဟုတ်ဘဲ။

ဖိတ်ကြားထားသော ဧည့်သည်တွေ တဖွဲဖွဲ ရောက်လာကြသည်။ တစ်ယောက်ဝင်လာတိုင်း စာနယ်ဇင်းသမားတွေက ဓာတ်ပုံ တဖျတ်ဖျတ် ရိုက်ကြသည်။ ပြီးတော့ ကက်ဆက်ရီကော်ဒါ အသေးစားလေးတွေ ထိုးပြီး မေးခွန်းတွေ မေးကြသည်။

ရုပ်ရှင်သရုပ်ဆောင်များ (အထူးသဖြင့် မင်းသမီးများ) သည် အကယ်ဒမီပေးပွဲရယ်၊ ခုလိုပွဲမျိုးရယ်မှာသာ လူစုံအောင် တက်ရောက်ကြသဖြင့် တစ်ယောက်နှင့်တစ်ယောက် အလှချင်းပြိုင်ဖို့ ကြိုးစားကြသည်။

ဒရူးဘယ်ရီမိုးသည် နတ်သမီးလေးတစ်ပါးလို ဝတ်ဆင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



အင်္ကျီ၏ ကျောဘက်မှာ တစ်ခုနှင့်တစ်ခု ယှက်ထားသလို ဖြစ်နေသော အစော်ပံတစ်စုံလို ဖြစ်အောင် ချုပ်ထားသည်။

မက်ဒေါ်နားသည် အစိမ်းရောင်ဝတ်စုံပေါ်တွင် ရွှေရောင်ပဝါကို လွှမ်းခြုံလာသည်။ သေသေချာချာ ကြည့်သောအခါ ရွှေရောင်မှုသာ မဟုတ်။ ရွှေအစစ်ကို နန်းဆွဲပြီး ရက်လုပ်ထားခြင်းဖြစ်ကြောင်း တွေ့ကြရသည်။

မင်းသမီးတွေ အားလုံးလိုလိုပင် လက်ဝတ်ရတနာတွေကို သူများထက် မလျော့အောင် ဆင်မြန်းလာကြသည်။ လူကိုယ်ကနေ စိန်တွေ၊ မြတွေ၊ ပတ္တမြားတွေ၊ နီလာတွေ သီးပွင့်နေသလား ထင်ရ၏။

ဒီကြားထဲမှာ ဂျူလီယာရောဘတ်က ထူးခြားသည်။ သူက ရတနာပစ္စည်း တစ်ခုတည်းသာ ဆင်မြန်းလာသည်။ တစ်ခု ဆိုလည်း ဆိုသလောက်ပါပဲ။ မီးခြစ်ဘူးတစ်ဝက်စာလောက် ရှိသော နီလာတုံးကြီးကို မသွေး မဖြတ်ဘဲ အရိုင်းတုံးအတိုင်း ဖောက်ပြီး လည်မှာဆွဲလာခဲ့ခြင်းဖြစ်၏။ ဘယ်လောက် တန်ဖိုးရှိမလဲဆိုတာ ကျောက်မျက် ကျွမ်းကျင်သူတွေတောင် လွယ်လွယ်ခန့်မှန်းနိုင်မှာ မဟုတ်။

မင်းသားကြီး ရော်ဘင်ဝီလျံသည် ပျော်တတ် နောက်တတ်သူ ဖြစ်၏။ မိတ်ကပ်လည်း ကျွမ်းကျင်သည်။ အသံတုလည်း လုပ်တတ်သည်။ သူက ခါးကုန်းကြီးတစ်ယောက်လို လုပ်ပြီး ဝင်လာသည်။ သူ့ကို ဟိုတယ်က သန့်ရှင်းရေးအလုပ်သမားကြီးဟု ထင်မိကြသေးသည်။ သူသည် ဂျူလီယာရောဘတ်နား ကပ်သွားပြီး လည်မှာဆွဲ လာသည့် နီလာအရိုင်းတုံးကြီးကို ကိုင်ကြည့်သည်။



ဂျူလီယာရောဘတ်မှာ ရုတ်တရက်မို့ လန့်ပြီး အော်မိ၏။ အားလုံး ထိတ်ထိတ်ပျာပျာ ဝိုင်းကြည့်ကြသည်။ သူများတွေ ကြောင်ကြည့်နေတုန်း တွမ်မီလီဂျုံးက ပြေးလာပြီး သူ့ကပ်ကို လှမ်းဆွဲလိုက်သည်။ ထိုအခါ ကုန်းနေသော ခါးသည် ရုတ်တရက် ဆန့်ထွက်သွားသဖြင့် တွမ်မီလီဂျုံး ကြောင်တောင်တောင် ဖြစ်သွား၏။ ရော်ဘင်ဝီလျံက နှုတ်ခမ်းမွေး အတုကို ဆွဲဖြုတ်ပြီး တဟားဟား ရယ်လိုက်တော့မှ သူ့ကို မှတ်မိသွားကြပြီး အားလုံးပွဲကျသွားသည်။

စင်ဒီကရောဖို့ ဝင်လာသည်။ ကက်ဦးထုပ်ကလေးကို ဆောင်းလာ၏။ အပေါက်ဝမှာ ရပ်ပြီး ကက်ဦးထုပ်ကို ချွတ်လိုက်သည်။ သူသည် သီလရှင် ဝတ်နေရာမှ မနေ့ကမှ လူထွက်ခဲ့ခြင်း ဖြစ်၏။ ထို့ကြောင့် ခေါင်းတုံးနှင့် ဖြစ်၏။ ဦးပြည်းစိမ်းစိမ်းနဲ့မှ ပိုတောင်လှနေသေးသည်။ စာနယ်ဇင်းသမားတွေ သူ့ဆီ ဝိုင်းအုံသွားပြန်သည်။

ရှိုးရှိုးကုပ်ကုပ် နေတတ်သော အကယ်ဒမီနှစ်ဆုရှင် တွမ်ဟင့်သည် နောက်နားက ချောင်ကျသော စားပွဲတစ်လုံးမှာ ထိုင်နေသည်။ သူ့ကိုယ်သူ ပွဲကြည့်ပရိသတ်တစ်ယောက်လို သဘောထားပြီး သူများတွေ ပျော်ပါးမြူးထူးနေတာကို ကြည့်နေသည်။ ခဏကြာတော့ ရစ်ချတ်ဂီယာ ရောက်လာပြီး ဝင်ထိုင်သည်။

"ဘယ်လိုလဲ တွမ်၊ ပျင်းနေပြီလားကွ"

ရစ်ချတ်ဂီယာက မေးသည်။ တွမ်ဟင့်က . . .

"အေးကွာ၊ ငါတို့ ရုပ်ရှင်သမားတွေဟာ အမြဲတမ်း လူတွေ အများကြီးနဲ့ ရုတ်ရုတ်သဲသဲ နေကြရတာ ဆိုတော့ ဒါမျိုးပွဲတွေကို ငြီးငွေ့နေပြီကွာ၊ နားအေးပါးအေးပဲ နေချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် မင်းကို ငါပြောတာပေါ့၊ မင်းနဲ့ ငါနဲ့ အတူတူ ပဋ္ဌင်းတက်ကြရအောင်ပါလို့"

"အဲဒီအခါကျတော့လဲ ရုပါမင်းသားနှစ်ယောက် တစ်ပြိုင်တည်း ပဋ္ဌင်းတက်တာ သတင်းထူးပဲ ဆိုပြီး စာနယ်ဇင်းသမားတွေက လိုက်လာကြဦးမှာပဲ၊ မင်းသမီးတွေကလဲ သိမ်ထွက်မှာ စောင့်လောင်းကြဦးမယ်၊ ဘုန်းကြီးဝတ်ကြီးနဲ့ အင်တာဗျူးအလုပ်ခံရရင်လဲ ဒုက္ခ၊ မလွယ်ပါဘူးကွာ၊ မင်းသား လုပ်ရတာ လွတ်လပ်ခွင့်တွေ သိပ်ဆုံးရှုံးတာပဲ"

"ဒါတော့ မတတ်နိုင်ဘူးလေကွာ၊ ကျော်ကြားမှုကို လိုချင်ရင် လွတ်လပ်ခွင့်ကို အဆုံးရှုံးခံရမှာပဲ"

"ငါက ထင်ပေါ်ကျော်ကြားတာကို လိုချင်တာ မဟုတ်ဘူး၊ အနုပညာရှင် အဖြစ်ကိုပဲ လိုချင်တာ"

ရစ်ချတ်ဂီယာက သဲ့သဲ့ ရယ်လိုက်ပြီး…

"မင်းပြောပုံက အရက်ပဲ သောက်ချင်တာ မူးချင်တာမဟုတ်ဘူး ဆိုတာမျိုးဖြစ်နေပြီ၊ အေးလေ…ပြောသာပြောရတယ်၊ ငါလဲ တစ်ခါတစ်ခါတော့ ဒီဘဝကို ငြီးငွေ့လာတယ်၊ ငါတို့ မင်းသား မင်းသမီးတွေဟာ ဟန်ဆောင်ပန်ဆောင် အိုက်တင်တွေ လုပ်ရဖန်များလို့ တကယ့်လက်တွေ့ဘဝမှာတောင် အဲဒီအကျင့်ကြီးတွေ ပါနေကြသလား မသိဘူး၊ တစ်ခါတလေ တကယ်ဖြစ်နေတာလား၊ သရုပ်ဆောင်နေတာလား ဆိုတာ ကိုယ့်ဟာကိုယ်တောင် ခွဲခြားမရချင်ဘူး"

"ဟေ့ကောင်၊ နှစ်ကိုးကို နှုတ်ဆက်ပြီးရင် ငါတို့နှစ်ယောက် စောစောစီးစီး အသာလျှိုပြီး ပြန်လစ်ရအောင်ကွာ"



"ဘာလုပ်မလို့လဲ"

"အင်းလျားကန်ပေါင်ပေါ်မှာ လွတ်လွတ်လပ်လပ် သွားထိုင်ရင်း စကားပြောကြရအောင်ကွာ"

"ကောင်းသားပဲ၊ အမယ်၊ ဘာလဲ ဟေ့ကောင်၊ ဟိုရောက်ရင် အင်းလျားကန်ကြီးကို ငေးကြည့်ပြီး ပွင့်ဦး သီချင်း ဆိုဦးမှာမဟုတ်လား"

"အေးကွ၊ တက္ကသိုလ်အလွမ်းပြေ ဆိုပါတော့ကွာ"

"မာလာဆောင်က ကောင်မလေးကို မင်း ခုထိ မမေ့နိုင်သေးဘူးလား"

"ငယ်ချစ်ကိုးကွ"

"အနုပညာသမားဆိုရင် ဘဝအာမခံချက်ရှိမှာ မဟုတ်ဘူး ဆိုပြီး သူက မင်းကို ခါထုတ်ပစ်ခဲ့တာ၊ ခုမှ နောင်တရချင် ရနေမှာပဲနော်"

တွမ်ဟင့်က ဘာမှပြန်မပြောဘဲ ပြုံးနေသည်။ မျက်လုံးတွေထဲမှာတော့ ဆွေးရိပ်သန်းနေ၏။

ထိုစဉ်တွင် ပရိသတ်တွေ လှုပ်လှုပ်ရွရွဖြစ်သွားသောကြောင့် လှမ်းကြည့်မိကြသည်။ မာရယ်စထရိ ဝင်လာခြင်းကြောင့် ဖြစ်၏။ သူသည် အဖြူရောင်ဝတ်စုံကိုသာ ရိုးရိုးလေး ဝတ်ထားသည်။ မျက်နှာကို ဘာမှ ခြယ်သ ထားခြင်း မရှိ။ လက်ဝတ်ရတနာလည်း လုံးဝ ဝတ်စားခြင်း မရှိ။ နားကပ်ကလေးတောင် ပန်မလာခဲ့။

ဒါကိုက ထူးခြားမှု။ မာရယ်စထရိတစ်ယောက်လုံး ဖြစ်နေမှတော့ ဒါတွေ လိုသေးလို့လား ဆိုသောသဘောဟု ဆိုကောင်း ဆိုနိုင်သည်။ ဟုတ်လည်း ဟုတ်သည်။

သူ့မျက်နှာသည် မင်းသမီးတစ်ယောက်အနေနှင့်ဆိုလျှင် ချောမော



www.burmeseclassic.com

www.burmeseclassic.com



လုပသည်ဟု မဆိုနိုင်။ ကိုယ်လုံးကိုယ်ပေါက်ကလည်း ဖွံ့မက်စရာမရှိ။ ရှည်ရှည်ကိုင်းကိုင်း၊ မိန်းမ မဆန်လှ။ သို့ရာတွင် သရုပ်ဆောင်ပညာမှာတော့ သူ မတုအောင် ထူးချွန်သည်။ ထိပ်တန်းမင်းသားတွေတောင် သူနဲ့တွဲပြီး ရိုက်ရတဲ့အခါ အတော်ကြိုးစားကြရသည်။

စာနယ်ဇင်းသမားတစ်ယောက်က သူ့ကို မေးသည်။

"မင်းသမီး၊ ဘာကား ထပ်ရိုက်ဖို့ အစီအစဉ်ရှိသေးလဲ"

"ကျွန်မနဲ့ ရိုက်ဖို့ ကမ်းလှမ်းထားတာ ငါးကားလောက် ရှိတယ်၊ အဲဒီထဲက တစ်ကားပဲ စိတ်တိုင်းကျတယ်၊ ဒီနှစ်တော့ ဒီတစ်ကားပဲ ရိုက်ဖြစ်တော့မယ် ထင်တယ်"

"ဘယ်မင်းသားနဲ့ တွဲရမှာလဲ"

"ဒပ်စတင်ဟော့ဖ်မင်းနဲ့လေ"

"ဒပ်စတင်နဲ့ ရိုက်ရမှာမို့ ဒီကားကို လက်ခံလိုက်တာလို့ကော ဆိုနိုင်သလား"

"သိပ်သေချာတာပေါ့၊ ဒပ်စတင်နဲ့ အလုပ်တွဲလုပ်ရတာ အဆင်ပြေတယ်၊ သူက နားလည်မှုလဲ ရှိတယ်၊ တစ်ယောက်နဲ့ တစ်ယောက် မလျှော့တမ်း ပြိုင်ပြီး သရုပ်ဆောင်ရတာ သိပ်ပျော်စရာကောင်းတယ်"

မာရယ်စထရိက ဒီအတိုင်းပဲ။ ဇာတ်ကားတွေ များများ လက်ခံလေ့မရှိ။ တစ်နှစ်လုံးမှ တစ်ကား နှစ်ကားသာ ရိုက်လေ့ရှိ၏။ ရိုက်တဲ့ကားတိုင်းလည်း အကယ်ဒမီ ဆန်ခါတင် အဆင့် ဝင်သည်။ တကယ် ရခဲ့တာတော့ နှစ်ဆု ရှိပြီ။

ခုချိန်မှာ စာနယ်ဇင်းဆရာတွေ စိတ်အဝင်စားဆုံး ပုဂ္ဂိုလ်ကတော့ တွမ်ခရုစ်ပင် ဖြစ်၏။ သူနှင့် မွေးနေ့ရှင် နစ်ကိုး ကစ်မင်းတို့၏ အိမ်



ထောင်ရေးမှာ အဆင်မပြေ၊ အက်သံကွဲသံ ထွက်နေသည်ဟု သတင်းပြေးနေသည်။

ဒီပွဲမှာ တွမ်ခရုစ်က မွေးနေ့ရှင် သူ့ဇနီး ပွဲထွက်မလာခင် ဧည့်သည်တွေကို ဧည့်ခံပေးနေသည်။ သူတို့နှစ်ယောက်မှာ မင်းသား မင်းသမီးတွေပီပီ လူရှေ့သူရှေ့မှာတော့ ပိပိရိရိ ဟန်ဆောင်နိုင်ကြသည်။ ဘာမှ ပြဿနာမရှိသည့် ပုံမျိုး။ အိမ်မှာဆိုလျှင်တော့ စကားတောင် ဟက်ဟက် ပက်ပက် မပြောကြတော့။ တွမ်ခရုစ်ကလည်း သူ့စာဖတ်ခန်းထဲမှာ ခွဲအိပ်နေတာ နှစ်လ သုံးလလောက် ရှိပြီ။ ငွေရေးကြေးရေးနှင့် ပိုင်ဆိုင်မှုတွေ ခွဲဝေဖို့ သဘောတူညီမှု မရသေးလို့သာ တရားဝင် မဖြစ်သေးတာ၊ လမ်းခွဲဖို့က သေချာနေပြီဟု ဆိုသည်။

ထိုသတင်းမှာ သူတို့အိမ်က မာလီကိုယ်တိုင်က ပြောခဲ့ခြင်း ဖြစ်၏။ ဒီလိုကိစ္စမျိုးအတွက် စပယ်ရှယ်လစ်ဖြစ်သော သတင်းဆောင်းပါးရှင် တစ်ဦးက အရက်ကြိုက်တတ်သော မာလီကို မူးအောင်တိုက်ပြီး အစ်အောက် မေးရာမှ သိခဲ့ရခြင်း ဖြစ်၏။

ထို့ကြောင့် ဒီနေ့အဖို့ အဆိုပါသတင်းအကြောင်း ရနိုင်သလောက် နှိုက်ထုတ်ဖို့ စိတ်အားထက်သန်နေကြသည်။ တွမ်ခရုစ်နားမှာ စာနယ်ဇင်း ဆရာတွေ ဝိုင်းပြီး ဗျူးကြသည်။ အစပိုင်းတွင် ဘာကား ရိုက်နေသလဲ ဘာညာ မေးရိုးမေးစဉ် မေးရာမှ တဖြည်းဖြည်း ကျူ သွင်းဖို့ ကြိုးစားကြ၏။ တစ်ယောက်က ...

"ဒါနဲ့ မင်းသားနဲ့ နစ်ကိုးတို့ ဇနီးမောင်နှံ နှစ်ယောက်တွဲပြီး ရိုက်ဖို့ အစီအစဉ်ရှိသေးလား သိပါရစေ"

တွမ်ခရုစ်က ...



www.burmeseclassic.com

www.burmeseclassic.com



"လင်မယားဆိုတာ အပြင်မှာသာ တွဲချင်တိုင်း တွဲလို့ရတာဗျ၊ ရုပ်ရှင်ထဲမှာ တွဲဖို့ကျတော့ ထုတ်လုပ်သူတွေက လာငှားမှ ဖြစ်တာကိုး"

ဟု လိမ်လိမ်မာမာ ရှောင်ပြီး ဖြေသည်။ နောက်တစ်ယောက်က တစ်ဆင့်တက်လာပြန်သည်။

"မင်းသားက စာဖတ် တော်တော်ဝါသနာပါတယ်နော်"

"ဘာဖြစ်လို့လဲ"

"သြော်...ခုတလော အိမ်မှာနေရင် စာဖတ်ခန်းထဲမှာပဲ အချိန်ကုန်တတ်တယ်လို့ သတင်းကြားရလို့ပါ"

"စာအုပ်ဆိုတာ အကောင်းဆုံးမိတ်ဆွေပဲလို့ ပညာရှိတွေ ပြောကြတယ် မဟုတ်လားဗျာ"

စိတ်မရှည်နိုင်သော လူငယ် စာနယ်ဇင်းသမားတစ်ဦးက အတင့်ရဲသော မေးခွန်းတစ်ခုကို မေးလိုက်သည်။

"မင်းသားအနေနဲ့ မကြာခင်မှာ လူပျိုဘဝကို တစ်ကျော့ပြန်သွားလိမ့်မယ်လို့ ထင်ကြေးပေးနေကြတာကို ဘာများ မှတ်ချက်ပေးလိုပါသလဲ"

တွမ်ခရစ်က ရယ်လိုက်ပြီး...

"ဒီကိစ္စကို ကျွန်တော်ကိုယ်တိုင်တောင် မသိသေးဘဲနဲ့ ဆရာက ကြိုသိသလို ဖြစ်နေပါလား၊ ကေန္တတော့ ဆရာက ဂမ္ဘီရပညာမှာ တော်တော် ပေါက်မြောက်နေပြီ ထင်တယ်၊ ယတြာလေးဘာလေး ချေလို့ရမယ်ဆိုရင်လဲ ညွှန်ကြားပေးပါဦးခင်ဗျာ...ဟဲဟဲ"

အရိပ်အမြွက်လောက်တော့ ပွင့်အန်ထွက်လာပြီဟု ယူဆကြသည်။ မင်းသားကလည်း နောက်သလို ပြောင်သလိုလုပ်ရင်း ဝန်ခံတော့မလို



လို ငြင်းလိုက်တော့မလိုလို ဝေ့လည်လည် ရှောင်ထွက်ဖို့ ကြိုးစားနေသည်။ ဝါရင့်ဆရာတစ်ယောက်က မေးခွန်းတစ်ခုကို ဖြတ်မေးလိုက်သည်။

"ဒါနဲ့ မင်းသားက ဘာအတွက် ယတြာချေချင်တာလဲ"

တွမ်ခရစ် မျက်ခုံးပင့်လိုက်သည်။ တစ်ချက် တွေသွားပြီး တစ်စုံတစ်ခု ပြောမည်အပြု...

"ကြွရောက်လာကြတဲ့ အနုပညာရှင် မိတ်ဆွေများခင်ဗျား..."

အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ရုပ်ဆဲခရီး၏ အသံထွက်ပေါ်လာသည်။ ပရိသတ်အားလုံး စင်မြင့်ဆီသို့ အာရုံရောက်သွားကြ၏။ တွမ်ခရစ်လည်း မသိမသာ သက်ပြင်းချ၏။ 'အခမ်းအနား စတော့မယ်၊ ခွင့်ပြုပါဦး' ဟု ပြောပြီး စင်မြင့်ဆီ လျှောက်သွားသည်။

"ခုချိန်က စပြီး နှစ်ကိုးကစ်မင်းရဲ့ နှစ်ဆယ့်တစ်နှစ်မြောက် မွေးနေ့ မင်္ဂလာအခမ်းအနား စတင်ကြောင်း ကြေညာအပ်ပါတယ်ခင်ဗျား"

လက်ခုပ်သံတွေ ထွက်ပေါ်လာသည်။ ထို့နောက် မီးရောင်တွေ မှိန်သွားသည်။ အကယ်ဒမီပေးပွဲမှာလို ဆလိုက်မီးတွေက ဟိုဒီ လျှောက်ထိုးရင်း ရှာဖွေနေသည်။ ပရိသတ်ကြီးသည် နှစ်ကိုးကစ်မင်း ဘယ်က ပေါ်လာမလဲဟု စိတ်ဝင်စားစွာ ကြည့်ရှုနေကြသည်။

ဆလိုက်မီးမောင်းသည် စင်မြင့်နောက်နားရှိ ထွက်ပေါက်ဆီသို့ ထိုးလိုက်သည်။ အပေါက်ဝမှာ လူတစ်ယောက် ပေါ်လာသည်။ နှစ်ကိုးကစ်မင်း မဟုတ်။ နှစ်ကိုး၏ ပုံတူမျက်နှာဖုံးကို စွပ်ထားသော သူတစ်ယောက်သာ ဖြစ်သည်။ ထိုသူက မျက်နှာဖုံးကို ဆွဲချွတ်လိုက်ရာ ဟာသ မင်းသား ဂျင်ကာရေး ဖြစ်နေကြောင်း တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်ကြီး ပွဲကျသွား၏။ ဂျင်ကာရေးက ပြောင်စပ်စပ် လုပ်ပြလိုက်ပြီးမှ အပေါ်ကို လက်ညှိုးထိုးပြသည်။ ဆလိုက်မီးသည် အပေါ်ကို ဖျတ်ခနဲ ရွေ့လျားသွားသည်။

မျက်နှာကြက်တစ်နေရာမှ အံဖုံးတစ်ခု ပွင့်လာ၏။ အထဲက နှစ်ကိုးကစ်မင်း ထွက်ပေါ်လာသည်။ သူသည် လက်နှစ်ဖက်ကို ဆန့်တန်းထားပြီး ငှက်တစ်ကောင်လို လေထဲမှာ ဇော်ဝိုက်လှည့်ပတ် ပျံဝဲနေသည်။ ရုပ်ရှင်တွေထဲမှာ လုပ်သလို စက်သီးကြိုးနှင့် ဆွဲထားခြင်း မဟုတ်။ တကယ်ကို လွတ်လွတ်လပ်လပ် ပျံဝဲနေခြင်းဖြစ်၏။ ပရိသတ်ကြီးမှာ ရင်သပ်ရှုမော အံ့သြငေးမောနေကြသည်။

သူသည် ပဝါရှည်ကြီးကို တလွင့်လွင့် ဖြစ်အောင် ပျံဝဲပြနေလိုက်ကာ ဇာမဏီငှက်တစ်ကောင်လား ထင်ရ၏။ အတန်ကြာအောင် ပျံဝဲပြီးမှ စင်မြင့်ပေါ်သို့ ဖြည်းညင်းစွာ ဆင်းသက်လာသည်။ ပရိသတ်ကြီး၏ လက်ခုပ်သြဘာသံမှာ ခန်းမတစ်ခုလုံး ဟိန်းထွက်သွားသည်။

ခုလိုလေထဲမှာ ပျံဝဲနိုင်အောင် ပဋ္ဌလက်အတတ်ပညာဖြင့် စီစဉ်ပေးခဲ့သော မျက်လှည့်ဝိဇ္ဇာ ဒေးဗစ်ကော်ပါဖီးကတော့ မှောင်ရိပ်ကျသော တစ်နေရာမှ ပြုံးပြုံးကြီး စောင့်ကြည့်နေလေသည်။

○

ချက်ကော့သည် စာရေးဆရာမဖြစ်ခင်က ဆေးတက္ကသိုလ်ကျောင်းသား ဖြစ်၏။ သူ့မိဘတွေက နယ်မြို့တစ်မြို့မှာ နေသည်။ ချမ်းချမ်းသာသာထဲကတော့ မဟုတ်။ ချက်ကော့၏ ကျောင်း စရိတ်အတွက် အတော်ကြိုးစားထောက်ပံ့နေကြရသည်။

ချက်ကော့က လွတ်လွတ်လပ်လပ်နေချင်သောကြောင့် ကျောင်းက အဆောင်မှာမနေဘဲ အပြင်ဆောင်မှာ ငှားနေသည်။ ဒီမှာတွင်ပဲ သူ့ဘဝ အချိုးအကွေ့တွေ စတင်ပေါ်ပေါက်လာရခြင်း ဖြစ်လေ၏။

သူ ငှားနေသော အဆောင်ပိုင်ရှင်၏ သမီး အင်နာက တော်တော်လှသည်။ ထို့ကြောင့် ချက်ကော့က စိတ်ဝင်စားမိသည်။ အင်နာကလည်း ဆေးကျောင်းသားဖြစ်သော ချက်ကော့ကို အထင်ကြီးသည်။ ထို့ကြောင့် သူတို့နှစ်ယောက်သည် ချစ်သူများ ဖြစ်ခဲ့ကြသည်။

အင်နာတို့အဖေ သိသွားသောအခါ သဘောမတူဘူးဟု ဆို၏။ အမှန်မှာ တကယ်သဘောမတူခြင်းတော့ မဟုတ်။ ဆေးကျောင်းသားတစ်ယောက်ကို သမက်ဖမ်းသည်ဟု အထင်ခံရမှာ စိုးသောကြောင့် သိက္ခာအရ ပြောခြင်းသာ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဒါကို ချက်ကော့တို့က တကယ်မှတ်ပြီး ခိုးပြေးကြသည်။ ချက်ကော့တို့ အဖေကြီးသည် သားကို ဆရာဝန်ဖြစ်စေချင်လွန်းသဖြင့် ခြစ်ခြုတ်ကုတ်ကတ် စုဆောင်းပြီး စရိတ်ထောက်ပံ့ခဲ့ရသည်။ ခုတော့ ဒင်းက မိန်းမယူရကောင်းလားဟု ဒေါသဖြစ်ရာမှ နှလုံးထိခိုက်ပြီး ကွယ်လွန်ခဲ့ရသည်။ သူ့အမေကလည်း ဒင်းကြောင့်ဖြစ်ရတယ်ဆိုပြီး အဆက်ဖြတ်ထားလိုက်သည်။

အင်နာတို့ မိဘတွေကတော့ ပြန်ခေါ်ပြီး ကျောင်းဆက်ထားပေးသည်။ သမီး ဆရာဝန်ကတော်ဖြစ်ရေးကို ငဲ့ပြီး သူတို့ဘက်က လျှော့ပေးလိုက်ရခြင်း ဖြစ်၏။

တကယ်တော့ချက်ကော့သည် စာတော်လို့သာ ဆေးကျောင်းတက်နေရသော်လည်း ဆရာဝန်အလုပ်ကို ဝါသနာပါသူ မဟုတ်။ စာရေးဆရာဖြစ်ချင်သူ။ ထို့ကြောင့် စာပေသမားများရှိရာ မဂ္ဂဇင်း ဂျာနယ်တိုက်များနှင့် သုံးဆယ့်သုံးလမ်း တစ်ဝိုက်မှာ ကျင်လည်ကျက်စားခဲ့သည်။ ဒီမှာတွင်ပဲ စာရေးဆရာပေါက်စ ဖြစ်သော ဂေါ်ကီနှင့် အသိအကျွမ်း ဖြစ်ရသည်။ ဂေါ်ကီ၏ အားပေးကူညီမှုနှင့် စာပေနယ်ထဲဝင်ဆံ့ပြီး စာရေးဆရာ ဖြစ်လာ၏။

တစ်ဖက်မှာလည်း ကျောင်းပျက်ရက်တွေ များပြီး စာမေးပွဲတဖုတ်ဖုတ် ကျသည်။ နောက်ဆုံး ကျောင်းထွက်လိုက်ရသည်။ အင်နာတို့ မိဘတွေကလည်း ဒီလောက်တော့ သဘောထား မကြီးနိုင်တော့။ ထို့ကြောင့် သီးခြားအိမ်ခွဲပြီး ကိုယ့်အားကိုယ်ကိုးကြပေတော့ဟု ဆိုလာသည်။



အင်နာသည် အတော်မကျေမနပ်ဖြစ်ရ၏။ သူသည် ချက်ကော့ကို အထင်ကြီးပြီး ချစ်ခဲ့မိခြင်း ဖြစ်၏။ တစ်နေ့တွင် ချက်ကော့က ဆရာဝန် ဖြစ်၊ သူက ဆရာဝန်ကတော်ဖြစ်ပြီး သာယာအေးချမ်းသော ဘဝဖြင့် မတောင့်မတ မကြောင့်မကြ နေနိုင်လိမ့်မည်ဟု စိတ်ကူးယဉ်ခဲ့မိ၏။

ခုတော့ ဆရာဝန်ကတော်မဖြစ်ဘဲ စာရေးဆရာကတော်ဖြစ်နေရပြီ။ ချက်ကော့က စာရေးဆရာဆိုသော်လည်း လုံးချင်း ဝတ္ထုရေးသူ မဟုတ်။ ထို့ကြောင့် စာမူခ လုံးခနဲ ခဲခနဲ မရ။ သူက ဝတ္ထုတိုရေးသူသာ ဖြစ်၏။ အလွန်ဆုံး မဂ္ဂဇင်းဝတ္ထုရှည်လောက်သာ ရေးဖြစ်သည်။ သူ့ဝတ္ထုတွေကလည်း စာပေဝေဖန်ရေးဆရာများနှင့် စာဖတ်သက် ရင့်သူများသာ ကြိုက်နှစ်သက်သော ဘဝဆန်သည့် စာမျာ ဖြစ်၏။

ထို့ကြောင့် ဝင်ငွေ သိပ်မကောင်း။ ကလေးတွေလည်း ရှိလာသဖြင့် ချက်ကော့၏ စာမူခမှာ စားဝတ်နေရေးအတွက် လောက်ငအောင် ဖြည့်ဆည်းပေးနိုင်ခြင်း မရှိတော့။

ထိုအခါ အင်နာသည် ဈေးရောင်းပြီး အိမ်စရိတ်ရှာရလေတော့သည်။ သူ၏ စိတ်ကူးယဉ်အိပ်မက်ကလေးမှာလည်း ကြေမွပျက်စီးခဲ့ရသည်။ သူ မျှော်မှန်းခဲ့သော ဆရာဝန်ကတော်ဘဝနှင့် ခု လက်ရှိဖြစ်နေသော ဘဝမှာ လုံးဝတခြား စီ ဖြစ်၏။

ခုလိုဖြစ်ရတာ ဂေါ်ကီကြောင့်ဟု အင်နာက ယူဆသည်။ သူ့ယောကျ်ားသည် ဂေါ်ကီနှင့် ပေါင်းမိလို့သာ စာပေဘက် အားသန်သွားခြင်း ဖြစ်၏။ ဂေါ်ကီ မြှောက်ပေးလို့ ဖြစ်ရတာ ဆိုပြီး အခဲမကျေနိုင်။ ထို့ကြောင့် ဂေါ်ကီ အိမ်ကိုလာလျှင် ဆူဆောင့်ပြီး ရန်လုပ်တတ်သည်။ ဂေါ်ကီကလည်း ဂရုမစိုက်။

ငြိမ်းငြိမ်းချမ်းချမ်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ…ခင်ဗျားယောက်ျား စာရေးဆရာဖြစ်တာကို ဂုဏ်ယူစမ်းပါဗျ၊ ခင်ဗျား စဉ်းစားကြည့်စမ်း၊ ရပ်ကွက်တစ်ခုမှာ ဆေးခန်းတစ်ခု၊ ဆရာဝန်တစ်ယောက်တော့ အနည်းဆုံး ရှိကြတာပဲ၊ ဒါပေမဲ့ ရပ်ကွက်တစ်ခုမှာ စာရေးဆရာတစ်ယောက် ရှိဖို့တော့ ခဲယဉ်းတယ်၊ ကဲ… မဟုတ်ဘူးလား၊ ကျုပ်ကိုတောင် ကျေးဇူးတင်သင့်သေးတယ်"

ဟု ဆိုတတ်သည်။

"သြော်…ဟုတ်လား၊ ကျေးဇူးရှင်ကြီးရယ်၊ ရှင့်လိုပြောကြေး ဆိုရင် ကျုပ်တို့ရပ်ကွက်မှာ အိမ်သာတွင်းတူးတဲ့လူ တစ်ယောက်မှ မရှိလို့ အကြောင်းပေါ်လာရင် ဟိုးကွင်းစပ်ထိ သွားခေါ်ရတယ်၊ ဒါတောင် မအားသေးဘူး လုပ်နေလို့ အရက်တိုက်ပါမယ်ဆိုပြီး ပင့်ရတယ်၊ ကဲ အဲဒီလူက ရှင်တို့ထက် ပိုပြီး တန်ဖိုးမရှိဘူးလား ရှားပါးသတ္တဝါကြီးရဲ့"

ဟု အင်နာက ပြန်ပက်တတ်သည်။

ဒီအခါမျိုးမှာ ဂေါ်ကီက စိတ်မဆိုးတဲ့အပြင် အဲဒီအိမ်သာတွင်းတူးတဲ့လူနဲ့ တွေ့ချင်တယ် ဆိုပြီး ချက်ကော့ကို လိုက်ပို့ခိုင်းသည်။ ဟိုလူက အလုပ်သွားနေတယ်ဆိုတော့ မရရအောင် လိုက်ရှာသည်။ ပြီးတော့ အိမ်သာတွင်း တူးရာမှာ ဝင်ကူလုပ်ပေးသည်။ ညနေကျတော့ အရက်ဆိုင် ခေါ်သွားပြီး အိမ်သာတွင်းတူးသမားဘဝအကြောင်း မေးမြန်းလေ့လာသည်။ ဒီနောက်မှာတော့ ဘဝသရုပ်ဖော် ဝတ္ထုကောင်း တစ်ပုဒ် ရေးဖြစ်သွားလေသည်။

တစ်ခု ရှိတာက ဂေါ်ကီသည် ချက်ကော့အိမ်ကို လာလည်လျှင် ဘီအီးတစ်လုံးနှင့် အမြည်းများ ဝယ်လာတတ်သည်။ အင်နာနှင့် ကလေးတွေအတွက် လည်း ခေါက်ဆွဲကြော်တို့ ဝက်ခေါင်းသုပ်တို့ ဝယ်လာ



တတ်သည်။ တော်စတွိုင်းကိုပါ ခေါ်ပြီး သုံးယောက်သား သောက်ကြသည်။ ဂေါ်ကီ မူးလာပြီဆိုလျှင် 'တောသားကြီး' သီချင်းကို အသံသြသြကြီးနှင့် ဆိုတတ်သည်။ ထို့ကြောင့် ဂေါ်ကီလာလျှင် ကလေးတွေက ပျော်ကြ၏။

'တဲထလက်ကယ်နဲ့…ဘဲကြက်သံ နာခံပါလို့…ကြီးရော့သလား၊ ကိုင်းခုတ်ရာတွင်…ထာဝစဉ် နေဝင်နေထွက်…အလုအယက် သူ့ထက် ငါလျှင်…လုပ်ငန်းတွင်အောင်…"

ဟု ဂေါ်ကီက ဆွဲဆွဲငင်ငင် ဆိုလိုက်သောအခါ တော်စတွိုင်းသည် ရှာကို ခဏပြန်ပို့ထားရသော ချစ်ဇနီး ဆိုညာနှင့် သားသမီးတွေကို ဖျတ်ခနဲ သတိရလွမ်းဆွတ်မိတတ်လေသည်။

○

www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ ချက်ကော့နှင့်စာလျှင် သူ့အိမ်ထောင်ရေးက ပို၍ အဆင်ပြေသည်ဟု ဆိုရမည်။

သူ့ဇနီးက တောသူ။ ငယ်ငယ်တုန်းကတော့ ရွာမှာ ကွမ်းတောင်ကိုင် ပန်းတောင်ကိုင် စာရင်းဝင်ပေါ့။ တော်စတွိုင်းက သူကြီးသားဖြစ်၏။ သူ့အဖေက လယ်တွေ ယာတွေလည်း အတော်အသင့် ပိုင်သောကြောင့် ချောင်ချောင်လည်လည် ရှိသည်။ တော်စတွိုင်းသည် မြို့ကျောင်းမှာလည်း သွားတက်ခွင့် ရခဲ့သည်။

ဒီလို အရည်အချင်းတွေ ရှိသူဆိုတော့ ရွာမှာ အလှဆုံးဖြစ်သော ဆိုညာနှင့်သာ ထိုက်တန်သည်ဟု အားလုံးက ယူဆကြသည်။ လူကြီးချင်းလည်း သဘောတူသည်။ လူငယ်ချင်းကလည်း အပြန်အလှန် သံယောဇဉ် ရှိသည်။

သူတို့နှစ်ယောက်၏ လက်ထပ်ပွဲသည် ရွာမှာတော့ အကြီးကျယ်ဆုံး အဖြစ် ပြောစမှတ်ပြုရသည်။ တစ်ရွာလုံး မီးခိုးတိတ်ပဲ။ ကျွေးတာကလည်း ကြက်သားဟင်း၊ ဝက်သားဘီးကြော်ပတ်တုံးကြီးနှပ်ချက်၊ ငါးရံ့ခြောက်ထောင်းကြော်၊ သရက်သီးသုပ်၊ မယ်ဇလီဟင်းချို၊ ငါးပိ

www.burmeseclassic.com

www.burmeseclassic.com



ကြော်။ ဒါတွင်မက မြို့ပေါ်က တကူးတကန့် ဝယ်ယူခဲ့သော လိုင်မကြူး ဖျော်ရည်လည်း တိုက်သေးသည်။ အငြိမ့်တွေ ဆိုင်းဝိုင်းတွေနဲ့လည်း ဧည့်ခံသေးသည်။

လက်ဖွဲ့ငွေတွေ ပစ္စည်းတွေလည်း မနည်းမနော ရသည်။ လယ်ပိုင်ရှင်တွေ ဆိုလျှင် လယ်ဧကလိုက်၊ နွား အရှဉ်းလိုက် လက်ဖွဲ့ကြသည်။

တော်စတွိုင်သည် မြို့ကျောင်းမှာ နေခဲ့သဖြင့် အမြင်ကျယ်လာသည်။ အထူးသဖြင့် သူ့ဆရာ၏ လမ်းညွှန်မှုကြောင့် စာအုပ်တွေ ဖတ်ခွင့်ရသည်။ စာပေကို ဝါသနာပါလာသည်။ မိဘလက်ငုတ်ဖြစ်သော လယ်ယာလုပ်ငန်းကို စိတ်မဝင်စား။ အဖေ မရှိလျှင် ဆက်ခံရမည့်သူကြီးရာထူးကိုလည်း မမက်မော။

သူက စာရေးဆရာသာ ဖြစ်ချင်သည်။ ထို့ကြောင့် မိဘတွေ ကွယ်လွန်သွားသောအခါ ရှိသမျှ ပိုင်သမျှ ပစ္စည်းတွေ၊ လယ်တွေ၊ နွားတွေကို ရောင်းတန်ရောင်း၊ ပေးတန်ပေး၊ လှူတန်လှူပြီး မြို့ပေါ်တက်လာခဲ့သည်။ စာပေလောကထဲ ခြေစုံပစ်ဝင်ခဲ့သည်။

ဇနီးဖြစ်သူ ဆိုညာကလည်း ပါရမီဖြည့်ဖက်ပီသလှသည်။ တော်စတွိုင်း၏ ဆန္ဒကို လိုက်လျောဖြည့်ဆည်းပေးခဲ့သည်။ စာပေနယ်မှာ ရုန်းကန်လှုပ်ရှားရင်း ရှိတာလေး ကုန်သွားတော့လည်း မညည်းမညူ ဆက်လက်ရင်ဆိုင်သည်။

တော်စတွိုင်း ရသည့် စာမူခနှင့် မလောက်မင ဖြစ်လာသောအခါမှာလည်း ရွာကိုပြန်ပြီး သူ့အမျိုးတွေဆီက ဆန်ကလေး၊ ပဲကလေးက အစ ငါးပိငါးခြောက်ကလေး အစ သွားဆွဲလာပြီး စားဝတ်နေရေးကို ကြံဖန်ဖြေရှင်းခဲ့သည်။



နောက်ဆုံး ဘယ်လိုမှ ဆက်လက်ရပ်တည်ဖို့ မလွယ်တော့သော အခါကျမှ ကလေးတွေ ခေါ်ပြီး ရွာမှာ ခဏပြန်ခိုနေခဲ့ခြင်းဖြစ်၏။ ဆွေမျိုးတွေကလည်း ကောင်းကောင်းမွန်မွန် စောင့်ရှောက်ထားကြသည်။ တော်စတွိုင်းကိုလည်း အပြစ်မတင်ကြ။

တော်စတွိုင်းက စိတ်ရင်းကောင်းသူ ဖြစ်၏။ ရွာမှာနေခဲ့တုန်းက အပေးအကမ်း ရက်ရောသည်။ သူ မြို့ကို တက်ခါနီးတော့ သူတို့ဆီမှာ အလုပ်လုပ်သော သူရင်းငှားတွေကို လယ်တစ်ကွက်စီ အပိုင်ပေးခဲ့ဖူးသည်။ ထို့ကြောင့် တော်စတွိုင်တို့ နွမ်းပါးနေချိန်မှာ တစ်လှည့်တစ်ပြန် စောင့်ရှောက်ကြခြင်း ဖြစ်၏။

ဆွေမျိုးသားချင်းတွေကလည်း တော်စတွိုင်း ဆင်းရဲနေတာကို အထင်မသေးတဲ့အပြင် သူတို့ရွာက နာမည်ကြီး စာရေးဆရာ ထွက်တယ် ဆိုပြီး ဂုဏ်တောင်ယူကြသေးသည်။

ဆွေမျိုးတွေက ဘယ်လောက်ပဲ ကောင်း ကောင်း ဆိုညာတို့သားအမိတစ်တွေမှာ အားငယ်စိတ် ဝင်မိမှာတော့ သေချာသည်။ တော်စတွိုင်းသည် အိမ်ထောင်ဦးစီး တစ်ယောက်အနေဖြင့် မိသားစု၏ စားဝတ်နေရေး ပြေလည်အောင် ဖန်တီး မပေးနိုင်သဖြင့် တာဝန်မကျေသလို ခံစားရသည်။ သူ့အပေါ် နားလည်ရှာလွန်းသော ဆိုညာတို့ သားအမိတွေကိုလည်း ကရုဏာသက်မိ၏။

ခုရေးနေသည့် လုံးချင်းဝတ္ထု ထုတ်ဝေဖို့ အဆင်ပြေခဲ့လျှင်တော့ ဆိုညာနှင့် ကလေးများကို ပြန်ခေါ်မည်။ လုံးချင်းဝတ္ထုဆိုတော့ စာမူခ တစ်လုံးတစ်ခဲတည်း ရနိုင်သည်။ ဒီငွေကလေးနဲ့ အိမ်ဆိုင်လေ တစ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်တည်ထားလျှင် အထိုက်အလျောက် ပြေလည်နိုင်သည်ဟု စိတ်ကူးယဉ်နေမိသည်။

ဂေါ်ကီကတော့ 'တောသားကြီး' သီချင်းကို ခံစားမှုအပြည့်ပါသော အသံနှင့် ဟဲလို့ကောင်းတုန်း...။

'မောင်ဂေါ်ကီ ပြောကြားမယ်၊ တောသားလဲ ဟုတ်နိုင်ပေါင် ခင်ရယ်၊ ထင်တာတွေ အကုန်လုံး မှားကြမယ်၊ ရတနာသုံးပါးလဲ ကြည်ညိုတယ်၊ သံယောဇဉ်တွေ ခွေကာဝိုင်းတဲ့ ကာမဂုဏ်တိုင်းကို အစဉ်ခွာမယ်၊ မြင်တာရယ် ကြားတာရယ် မွှေးတာရယ် အရသာရယ်...အတွေ့ဟူသမျှ ရှောင်ကာ ရှားမယ်၊ တစ်ကိုယ်တည်းပင် တောထွက်သွားမယ်၊ တောသားကြီးပေါ့ကွယ်"

○

နာမည်ကျော်ပုဂ္ဂိုလ်တို့အကြောင်းဆိုလျှင် လူတွေက အလွန် စိတ်ဝင်စားကြသည်။ သာမန်မထင်မရှားလူတစ်ယောက် အကြီးအကျယ် ထိခိုက်ဒဏ်ရာရတာမျိုးကို သက်ဆိုင်ရာ မိသားစုဆွေမျိုးသားချင်းကလွဲလို့ ဘယ်သူမှ အရေးတယူ မရှိလှ။ နာမည်ကြီး ပုဂ္ဂိုလ်တစ်ယောက် ခေါင်းပေါက်သွားတာလောက်ကျတော့ အကြီးအကျယ် စိတ်ဝင်စားကြသည်။

နောက်ဆက်တွဲ အဖြစ် ဘာကြောင့် ခေါင်းပေါက်ရတာလဲ၊ လင်မယား ရန်ဖြစ်ပြီး ဆော်ကြနက်ကြလို့လား၊ အရက်မူးပြီး ချော်လဲလို့လား၊ မနာလိုတဲ့လူတစ်ယောက်ယောက်က ရိုက်လိုက်တာလား သိချင်ကြသေးသည်။ ဒါတွင်မကဘဲ စိတ်ထင်နှင့် ခန့်မှန်းပြောကြတာလည်း ရှိ၏။

ဒါကို နားစွန်နားဖျားကြားသူက တကယ်မှတ်သွားတာမျိုး၊ ဒီအတိုင်းပဲဖြစ်မှာပါဆိုပြီး တကယ်ဖြစ်သယောင် ပြောတာမျိုးက စပြီး ကောလာဟလတွေ ဖြစ်လာတတ်သည်။

လူတွေကလည်း ကောင်းတာထက် မကောင်းတာကို ပိုစိတ်ဝင်စားတတ်ကြသည်။ အဆိုတော်လေးတစ်ယောက် သံဃာတော်တွေကို

www.burmeseclassic.com

www.burmeseclassic.com



နံနက်တိုင် ဆွမ်းလောင်းတတ်တဲ့ ကိစ္စမျိုးကို 'သြော်... ဘာသာရေးကိုင်းရှိုင်းရှာသားပဲ' ဟု သာမန်လောက်သာ အသိအမှတ်ပြုတတ်သည်။ ဘကယ်လို့များ သူက ဘုန်းကြီးကျောင်းလာတာ ဘောင်းဘီတိုနဲ့နဲ့လေး ဝတ်လာတယ်ဆိုလျှင်တော့ ဟိုးလေးတကျော်ဖြစ်ပြီပဲ။

ရပ်ရှင်မင်းသမီ လေးတစ်ယောက် သူ့ခင်ပွန်းနှင့် ချစ်ချစ်ခင်ခင် အဆင်ပြေနေလျှင် သတင်းထူးမဟုတ်။ လင်မယားပြဿနာတက်နေကြပြီ ဆိုလျှင် သတင်းထူး ဖြစ်၏။ ဘယ်လိုဖြစ်ကြတာလဲ၊ ဘယ်သူက ကြာ က ဝင်ရှုပ်လို့လဲ သိချင်လာပြီ။ ဒီလိုအခါမျိုးမှာ မင်းသမီးနှင့် တွဲပြီး ဇာတ်ကားအရိုက်များတဲ့ မင်းသားလည်း အနေခက်ရပြီ။

ဒါမျိုး ဆိုတာကလည်း ပရိသတ်သည်ခြေကြိုက် ဖြစ်၏။ ဒီတော့ ဒီလိုသတင်းမျိုးကို ဦးစားပေးဖော်ပြတတ်သည့် တချို့သော စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များလည်း အလုပ်ရှုပ်ရပြီ။ သူ့ထက်ငါ သတင်းထူး သတင်းဦး ရဖို့ ကြိုးစားကြရပြီ။

ကာယကံရှင်တွေကလည်း တတ်နိုင်သမျှ လျှို့ဝှက်ထားကြသည်။ လူ့သဘာဝကလည်း လျှို့ဝှက်လေ သိချင်လေကိုး။ စာနယ်ဇင်းသမားဆိုတာကလည်း ခက်ခက်ခဲခဲ လိုက်ယူရတဲ့ သတင်းမျိုးကို ပိုပြီး အရသာတွေ့တတ်ကြ၏။ ဒီလိုနဲ့ပဲ ထိပ်တိုက်တွေ့ခဲ့ကြတာတွေလည်း ရှိ၏။ ကောလာဟလတွေလည်း ဖြစ်ပေါ်လာတတ်၏။

မာရီလင်မွန်ရိုးကိစ္စကိုပဲ ကြည့်။ မွန်ရိုးသည် အအောင်မြင်ဆုံး၊ အကျော်ကြားဆုံးအချိန်၊ အရွယ်ကောင်းတုန်းအချိန်၊ လူ့ဘဝမှာ နေလို့အကောင်းဆုံး အချိန်မှာ ကွယ်လွန်ခဲ့ရှာသည်။



တရားဝင် သတင်းထုတ်ပြန်ချက်အရ မွန်ရိုးသည် အဆိပ်သောက်ပြီး ကိုယ့်ကိုယ်ကို သေကြောင်းကြံခဲ့ခြင်းဖြစ်သည်ဟု ဆို၏။ လူထုက မယုံကြ။ ဒီလောက် အောင်မြင်ကျော်ကြားပြီး ချမ်းသာနေသူ တစ်ယောက်က သေချင်နေတယ်ဆိုတာ မဖြစ်နိုင်။ ပြီးတော့ မွန်ရိုးသည် ကြမ်းပိုးဆေး သောက်ပြီး သေကြောင်းကြံခြင်းဖြစ်သည်ဟု ဆိုသည်။ သူ့လို ချမ်းသာနေသူ တစ်ယောက်က ဈေးကြီးသော အိပ်ဆေးတွေ ဝယ်သောက်လို့ရပါလျက် ဒီလောက် နံစော်ပြီး အဝင်ဆိုးသည့် ကြမ်းပိုးဆေး သောက်တယ်ဆိုတာ ယုတ္တိမရှိ။

အိမ်ထောင်ရေး အဆင်မပြေလို့ ဆိုတာလည်း သိပ်သဘာဝ မကျလှ။ မွန်ရိုးအနေဖြင့် သာယာချမ်းမြေ့သော အိမ်ထောင်တစ်ခုကို ထပ်မံထူထောင်ဖို့ အခွင့်အရေးတွေ အများကြီး ရှိသေးသည်။ အချစ်စစ် အချစ်မှန်ကို ရှာဖွေဖို့ အချိန်တွေ အများကြီး ရနိုင်သေးသည်။ သူကသာ လက်ခံမယ်ဆိုလျှင် နှစ်နှစ်ကာကာ ချစ်ခင်ပေါင်းသင်းမယ့်သူတွေ အများကြီး အဆင်သင့်ရှိနေသည်။

ဒီအကြောင်းတွေကို ကြည့်လျှင် သူ့ကိုယ်သူ သေကြောင်းကြံတယ်ဆိုတာ မဖြစ်နိုင်။ တစ်ယောက်ယောက်က လုပ်ကြံတာ ဖြစ်ရမည်ဟု တွက်ဆသူတွေ ရှိသည်။

ဘယ်သူဖြစ်နိုင်မလဲ။ သူ၏ လျှမ်းလျှမ်းတောက် အောင်မြင်ကျော်ကြားမှုကို မနာလိုမရှုဆိတ်သော ပြိုင်ဘက်တစ်ယောက်လည်း ဖြစ်နိုင်သည်။ ထိုအခါ မွန်ရိုးနှင့် ခေတ်ပြိုင်တွေထဲက ဟိုလူလိုလို ဒီလူလိုလို အထင်ခံရလေသည်။ မွန်ရိုးနှင့် ရုပ်ရှင်ကားတစ်ကားမှာ အတူတွဲသရုပ်ဆောင်ရင်း ကတောက်ကဆတ်ဖြစ်ခဲ့ဖူးသော မင်းသမီးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ဆိုလျှင် အိမ်တိုင်ရာရောက် စာပို့ပြီး စွပ်စွဲတာ၊ ခြိမ်းခြောက်တာ ခံရလို့ အတော် စိတ်ထိခိုက်ခဲ့ရသည်။

တချို့ကလည်း မွန်ရိုးကို အရူးအမူး စွဲလမ်းနေသူ စိတ်ဝေဒနာရှင်တစ်ယောက်၏ လက်ချက်ဖြစ်ရမည်ဟု ဆိုသည်။ တချို့ကတော့ မွန်ရိုးကို အချစ်ကြီး ချစ်ခဲ့ပြီးမှ ပိုင်ဆိုင်ခွင့် မရခဲ့သော ချစ်သူဟောင်း တစ်ယောက်ယောက် ဖြစ်နိုင်သည်ဟု ကောက်ချက်ချသည်။

ဒီလိုနဲ့ မွန်ရိုးသတင်းကို သိချင်သူတွေ၊ အမျိုးမျိုးတွေးထင်သူတွေ များပြားလာခဲ့သည်။ ဒါကို အခွင့်ကောင်းယူပြီး မဂ္ဂဇင်းတစ်စောင်က အလွတ်စုံထောက်တစ်ယောက် ငှား၍ ရနိုင်သမျှ သတင်းအချက်အလက်တွေ စုဆောင်းစေသည်။ ဒီတော့မှ ပိုရှုပ်ကုန်လေတော့သည်။

သူ ရရှိလာသော သတင်းတစ်ခု အဆိုအရ မွန်ရိုးမှာ အမှန်တကယ် မသေသေးဘူး ဆိုပဲ။ မသမာသူတစ်ယောက်က မျက်နှာကို အက်စစ်နှင့် ပက်လိုက်သောကြောင့် ရုပ်ပျက်ဆင်းပျက်ဖြစ်သွားသဖြင့် လူမြင်မခံဝံ့ခြင်း ဖြစ်သည်။ ထို့ကြောင့် သေပြီဟု သတင်းလွှင့်လိုက်ခြင်း ဖြစ်သည်ဟု ဆို၏။

နောက်သတင်းတစ်ခုကတော့ မွန်ရိုးသည် အောင်မြင်ကျော်ကြားလွန်းသော ဒဏ်ကို မခံနိုင်တော့ဘဲ ငြီးငွေ့လာသည်။ ပတ်ဝန်းကျင်ရှိ လူတွေက သူ့ကို အမှန်တကယ်ချစ်ခင်ကြခြင်း မဟုတ်၊ သူ၏ အလှအပ၊ သူ၏ ကိုယ်ခန္ဓာ၊ သူ၏ ကျော်ကြားမှု၊ သူ၏ ဥစ္စာဓန ကြွယ်ဝမှုတို့ကိုသာ အလေးထားကြခြင်းဖြစ်သည်ဟု ထင်မြင်ယူဆလာသည်။

ထို့ကြောင့် လောဘ၊ မောဟ၊ ပြိုင်ဆိုင်မှု၊ လှည့်စားမှု၊ အတ္တကြီးမှုတွေ ပြည့်နှက်နေသော ရုပ်ရှင်လောကကိုရော၊ ဆက်နွှယ်ပတ်သက်



သော ဝန်းကျင်ကိုပါ စွန့်ခွာပြီး ဇာတ်မြုပ်နေဖို့ ဆုံးဖြတ်လိုက်သည်။ ထို့ကြောင့် မွန်ရိုးသည် စစ်ကိုင်းတောင်ရိုးရှိ လူသူအရောက်အပေါက် အနည်းဆုံး ချောင်တစ်ခုမှာ သီလရှင်ဘဝဖြင့် အေးချမ်းစွာ နေထိုင်လျက်ရှိသည်။ အနှောင့်အယှက် ကင်းကင်း ဘာဝနာပွားနိုင်အောင် သေပြီဟု သတင်းလွှင့်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ထိုသတင်းကို ကြားသောအခါ စာနယ်ဇင်းသမားတွေရော တချို့ပရိသတ်တွေပါ စစ်ကိုင်းတောင်ရိုးကို လိုက်ကြတော့သည်။ ချောင်တကာ စေ့အောင် လိုက်ရှာကြသည်။ ဖြူဖြူငယ်ငယ် သီလရှင် မှန်သမျှကို အလွတ်မပေးဘဲ စူးစူးစိုက်စိုက် ကြည့်ရှုအကဲခတ်ကြသည်။

တကယ်တော့ စစ်ကိုင်းတောင်ရိုးဆိုသည်မှာ ရှုပ်ထွေး ပွေလီလှသော လူ့လောကနှင့် ကင်းကင်းနေပြီး တရားကျင့်ကြံလိုသော သူတော်ကောင်းတို့ ခိုမှီးရာ အလွန်အေးချမ်းငြိမ်သက်သောနေရာ ဖြစ်၏။

ခုလို လူတွေအများအပြား ခြေရှုပ်နေကြသောအခါ သူတော်ကောင်းများအတွက် အနှောင့်အယှက်ဖြစ်လာသည်။ ထို့ကြောင့် သက်ဆိုင်ရာက မေတ္တာရပ်ခံ တားမြစ်လာရသည်။

ဂျာနယ်တစ်စောင်က သီလရှင်လေးတစ်ပါး တောင်ပေါ်မှ နေဝင်မြစ်ပြင်ကို ငေးကြည့်နေဟန် နောက်ကျောဘက် ခပ်စောင်းစောင်းမှ ရိုက်ကူးထားသော ပုံကို ဖော်ပြပြီး မွန်ရိုးကို အဝေးမှခိုးရိုက်ထားသလိုလို ထင်ယောင်ထင်မှား ဖြစ်အောင် လုပ်လိုက်သေးသည်။

သိက္ခာရှိသော မဂ္ဂဇင်းကြီးတစ်စောင်က မွန်ရိုးကွယ်လွန်စဉ်အလောင်းကို စစ်ဆေးခဲ့ရသော မှုခင်းဆရာဝန်ကို အင်တာဗျူး လုပ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဆရာဝန်က မှန်ရိုးကွယ်လွန်ကြောင်း သူကိုယ်တိုင် စစ်ဆေး အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း ပြောပြသည်။

ဝါရင့် စာနယ်ဇင်းဆရာကြီးတစ်ယောက်ကလည်း ခိုင်မာတိကျမှု မရှိသော သတင်းကို အခြေပြု၍ ကိုယ့်ဂျာနယ်၊ ကိုယ့်မဂ္ဂဇင်း ရောင်းကောင်းအောင် လုပ်စားခြင်းမှာ စာနယ်ဇင်းကျင့်ဝတ်နှင့် မညီကြောင်း ဆောင်းပါးတစ်စောင် ရေးသည်။

ဒီတော့မှ ထိုကိစ္စ တစ်ခန်းရပ်သွားခဲ့ခြင်းဖြစ်၏။

*

ဒိုင်ယာနာကိစ္စတွင်လည်း ကောလာဟလက ဝင်နှောင့်လိုက်သေးသည်။ ဒိုင်ယာနာသည် လူချစ်လူခင် ပေါများသူဖြစ်၏။ အလှူအတန်းရက်ရောသည်။ လူမှုရေးကိစ္စတွေမှာ တက်ကြွစွာဦးဆောင်တတ်သည်။ သို့ရာတွင် ဝမ်းနည်းကြေကွဲဖွယ် ဇာတ်သိမ်းနှင့် ကြုံရရှာသည်။

သူသည် ယာဉ်တိုက်မှုကြောင့် ကွယ်လွန်ခဲ့ရရှာခြင်းဖြစ်၏။ တချို့က ထိုကိစ္စမှာ သွေးရိုးသားရိုးမဟုတ်ဟု ဆိုခဲ့ကြသေးသည်။ သူ၏ ကိုယ်ပိုင်ကားပေါ်တွင် တခြားအမျိုးသားတစ်ယောက် အတူရှိနေခဲ့ခြင်းသည်လည်း မေးခွန်းထုတ်စရာ ဖြစ်လာခဲ့သည်။

သို့ရာတွင် လူထုကတော့ မေ့တွာမပျက်ကြ။ ပိုပြီးတော့တောင် ကရုဏာသက်ပြီး ဝမ်းနည်းကြေကွဲကြရသည်။ သူ့အတွက် ဝမ်းနည်းခြင်း အထိမ်းအမှတ်တွေ ဆုတောင်းမေတ္တာပို့တာတွေ လုပ်ကြသည်။

တေးသံသွင်းလုပ်ငန်းတစ်ခုကတော့ ‘ဒိုင်ယာနာအလွမ်းပြေ’ ဆိုသော စီးရီးတစ်ခွေ ထုတ်ဖို့ စီစဉ်သည်။ နာမည်ကြီး သီချင်းရေးဆရာများက မေတ္တာဖြင့် ကူညီရေးပေးကြသည်။



ထိုသီချင်းစီးရီး ကိစ္စမှာလည်း ကသိကအောက်ဖြစ်စရာတစ်ခု ပေါ်လာသေးသည်။ လူတွေကြားမှာ ကောလာဟလသတင်းဖြစ်နေပုံက

ထိုသီချင်းစီးရီးကို ပရိသတ်ပိုမိုခံစားနိုင်စေရန်အတွက် ဒိုင်ယာနာ၏ သားကြီးဖြစ်သူ ဝီလျံကိုယ်တိုင် သီဆိုမည်၊ ထိုအခါ သားအငယ် ဟယ်ရီက မကျေနပ်။ သူ့အမေနှင့် ပတ်သက်သောသီချင်း ဖြစ်သောကြောင့် သူနှင့်လည်း ဆိုင်သည်၊ သူလည်း ဆိုခွင့်ရှိသည်ဆိုပြီး ထိုသီချင်းများကိုပင် သူ့အသံနှင့် စီးရီးတစ်ခွေ အပြိုင်ထုတ်မည်ဟု သတင်းထွက်လာသည်။

ပရိသတ်တချို့က ဝီလျံကို အားပေးမည်၊ သားကြီးဖြစ်သောကြောင့် ဒီအခွင့်အရေးကို ခံစားထိုက်သည်ဟု ဆိုသည်။ ဒီလိုဘယ်ရမလဲ၊ သားနှစ်ယောက်ရှိရာ ညီတူမျှတူ ရပိုင်ခွင့်ရှိတာပေါ့ဟု ဟယ်ရီကို ကရုဏာသက်သူတွေက ဆိုသည်။ ထိုကိစ္စအတွက် ညီအစ်ကိုနှစ်ယောက်တို့မှာ မျက်နှာချင်းတောင် မဆိုင်တော့ဘဲ တစ်ယောက်နှင့်တစ်ယောက် မခေါ်နိုင် မပြောနိုင် ဖြစ်နေကြသည်ဟု အတွင်းသိဆိုသူတွေက ပြောနေကြသည်။

တကယ့်အဖြစ်မှန်ကတော့ . . .

ဝီလျံနှင့် ဟယ်ရီတို့ ညီအစ်ကိုနှစ်ယောက်ကြားမှာ ဘာပြဿနာမှ မရှိ။ ဝီလျံက ဟယ်ရီကို ညာတာတတ်သည်။ ဟယ်ရီကလည်း အစ်ကိုဖြစ်သူကို အလွန်တွယ်တာသည်။ တစ်ယောက်နှင့်တစ်ယောက် စည်းစည်းလုံးလုံး ချစ်ချစ်ခင်ခင်ရှိကြသည်။

သီချင်းစီးရီးခွေ ကိစ္စမှာလည်း ဟယ်ရီက ဆိုတောင် ဆိုချင်တာ မဟုတ်။ သူက ဘောလုံးကန်ဖို့သာ စိတ်ဝင်စားသူဖြစ်၏။ အမေနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်သော အလွမ်းပြေဂုဏ်ပြုခြင်း ဖြစ်သဖြင့် အမှတ်တရအဖြစ် ဝင်ဆိုပေးပါဟု ဝီလျံက အတင်းတိုက်တွန်းသောကြောင့် ပါလာရခြင်း ဖြစ်၏။ ညီအစ်ကိုနှစ်ယောက် အချေ၏ အေဆိုက်၊ ဘီဆိုက် တစ်ခြမ်းစီ ဆိုဖို့ အစကတည်းက စီစဉ်ထားပြီးသား ဖြစ်၏။

ဒါကို လူစိတ်ဝင်စားပြီး သီချင်းခွေ ရောင်းကောင်းအောင် စီးပွားရေးသမားတွေက လုပ်ကြံဖန်တီး သတင်းလွှင့်ခဲ့ကြခြင်းသာ ဖြစ်လေ၏။

BURMESE CLASSIC .com

ပန်းချီလောကမှာ ဖြစ်သွားတဲ့ ကိစ္စကတော့ ကောလာဟလမဟုတ်။ အမှန်တကယ် ဖြစ်၏။ နာမည်ကျော်ပန်းချီဆရာ ပီကာဆိုနှင့် ပတ်သက်သည်။

ပီကာဆိုသည် ထိပ်သီးပန်းချီဆရာကြီး ဖြစ်၏။ သူသည် သမာရိုးကျ ပန်းချီပုံစံကို ဖောက်ထွက်ပြီး ကိုယ်ပိုင်ဟန်ဖြင့် လမ်းသစ်ထွင်ခဲ့သူ ဖြစ်၏။

သူ့ပန်းချီတွေက ရေးချက်တွေ ဆန်းသစ်သည်။ တခြား ပန်းချီဆရာတွေ တွဲစပ်မသုံးရဲသော အရောင်များကို အချိုးညီအောင် ဖန်တီးနိုင်သောကြောင့် အချင်းချင်းကပင် သူ့ကို ဖြုံကြရသည်။ သူ့ပန်းချီကားများသည် နက်နဲသည်၊ လျှို့ဝှက်သည်၊ အသိရခက်သည်။ သို့ရာတွင် ကြည့်မိသူတိုင်းကို ညို့ငင်ဖမ်းစားနိုင်သည်။

သူက ပညာမာနလည်း ကြီးသည်။ သူ့လက်ရာကိုလည်း တန်ဖိုးထားသည်။ သူ့ပန်းချီကားတွေကို ဈေးကြီးကြီး ရမှ ရောင်းသည်။

တစ်ခါက နာမည်ကြီး စီးပွားရေးကုမ္ပဏီကြီးတစ်ခု၏ ဥက္ကဋ္ဌက သူ့ရုံးခန်းမှာ ချိတ်ဖို့ ပန်းချီကားတစ်ကား ဆွဲပေးရန် အလုပ်အပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆွဲရမှာက သူ၏ပုံတူ ဖြစ်၏။ ပီကာဆိုက ပန်းချီဆွဲခကို ပုံမှန်ထက် ငါးဆ လောက် ပိုတောင်းသည်။ ကုမ္ပဏီသူဌေးက . . .

"ဈေးက များလှချည်လားဗျ၊ ခင်ဗျားပုံက အဲဒီလောက် တန်လို့လား"

ဟု မေးသည်။

"ကျွန်တော့်ပုံ မဟုတ်ပါဘူးလေ၊ ခင်ဗျားပုံပါ၊ ခင်ဗျားရဲ့ ပုံဟာ ဘယ်လောက် တန်နိုင်သလဲဆိုတာ ခင်ဗျားဘာသာ သတ်မှတ်ကြည့်လေ"

ပီကာဆိုက ပြန်ပြောသည်။ သူဌေးလည်း ခဏတွေနေပြီးနောက် ခေါင်းညိတ်လိုက်ပြီး . . .

"အင်း . . . ဟုတ်တာပေါ့၊ ကျုပ်ရဲ့ပုံတူဟာ တန်ဖိုးရှိရမှာပေါ့"

ဆိုပြီး ပီကာဆို တောင်းသည့်ဈေး ပေးဖို့ သဘောတူလိုက်၏။ တကယ်တော့ ပီကာဆိုသည် များသောအားဖြင့် ခေတ်သစ်ပန်းချီတွေကိုသာ ရေးဆွဲလေ့ရှိသည်။ ပုံတူပန်းချီ ရေးလေ့မရှိ။ ဒီသူဌေးရဲ့ပုံကတော့ ထူးခြားသော ဥပမိရုပ် ရှိသဖြင့် စိတ်ဝင်စားမိ၏။ ထို့ကြောင့် လက်ခံလိုက်ခြင်း ဖြစ်၏။

ရေးဆွဲပြီးသွားတော့လည်း ပုံတူဆိုတဲ့အတိုင်း တကယ်ကို တူပါပေသည်။ ဘယ်လောက်ထိလဲ ဆိုတော့ အဝတ်အစားက ပိတ်စ အစစ်တွေကို ဖြတ်ပြီး ကပ်ထားသလား ထင်ရလောက်အောင် ဟူသည်။ အထူးသဖြင့်တော့ မျက်လုံးများ။ ဘယ်ကိစ္စမဆို ပြတ်ပြတ်သားသား ဆုံးဖြတ်လုပ်ကိုင်တတ်သော ရူးရူးရှရှ အကြည့်။



"တူလိုက်တာဗျာ၊ ကျွန်တော်နဲ့ပြိုင်ဘက် စီးပွားရေးသမား တစ်ယောက် ပေါ်လာသလား အောက်မေ့ရတယ်"

သူဌေးသည် သူ့ပုံ သူကြည့်ပြီး အံ့သြသွားသည်။ ကျေနပ်ပြီး သဘောလည်း ကျသွားသည်။

*

ပီကာဆိုသည် ကံကောင်းသည်ဟု ဆိုနိုင်သည်။ တချို့ ပန်းချီဆရာများသည် သက်ရှိထင်ရှား ရှိချိန်မှာ ဆင်းဆင်းရဲရဲ ငတ်ငတ်ပြတ်ပြတ် နေခဲ့ကြရ၏။ သေပြီးတော့မှပင် သူတို့ပန်းချီကားတွေ ဈေးကောင်း ရလာသော်လည်း ခံစားခွင့်မရတော့။ လောလောဆယ် ခေတ်ပြိုင် ပန်းချီဆရာတွေထဲမှာလည်း စားဝတ်နေရေး အဆင်မပြေကြသူတွေ များသည်။

ပန်းချီဆရာ ဆိုတာကလည်း နှစ်မျိုးနှစ်စား ရှိသည်။ ကော်မာရှယ် ခေါ် စာနယ်ဇင်းသရုပ်ဖော် ပန်းချီဒီဇိုင်းလုပ်ခြင်း၊ ကုန်ပစ္စည်းအမှတ်တံဆိပ်၊ ပိုစတာ၊ လက်ကမ်းစာစောင်များ ရေးခြင်း၊ ဆိုင်းဘုတ် ရေးခြင်း စသော စီးပွားရေးလုပ်ငန်းများနှင့် ဆက်နွယ်ရေးဆွဲခြင်းက တစ်မျိုး။ ဖိုင်းအတ်ဟု ခေါ်သော ပန်းချီကားများ ရေးဆွဲခြင်းက တစ်မျိုး။

ကော်မာရှယ်သမားတွေက အလုပ်အပ်သူတွေဆီက အခကြေးငွေယူပြီး ရေးဆွဲပေးခြင်းဖြစ်၏။ သူတို့အနေဖြင့် အလုပ်အပ်သူတွေ စိတ်တိုင်းကျ ဖြစ်အောင် ရေးဆွဲ ပေးရသည်။ ဝင်ငွေ ပုံမှန်ရှိသည်ဟု ဆိုနိုင်သည်။

ဖိုင်းအတ်သမားကတော့ ကိုယ့်စိတ်ကြိုက် ဆွဲချင်တာကို ဆွဲသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ပြပွဲတင်သည်။ ပြပွဲမှာ ရောင်းရလျှင် ငွေရမည်။ ပြပွဲမှာလုံးဝ မရောင်းရဘဲလည်း ရှိနိုင်သည်။ ကိုယ်က ကင်းဗတ်စ၊ ဘောင်၊ ဆေး၊ အချိန်၊ ပညာတို့ကို အချိန်ကြာမြင့်စွာ ကြိုတင်ရင်းနှီးထားရသည်။ ဘယ်လောက်ကြာမှ အကျိုးအမြတ် ပြန်ရမလဲ မပြောနိုင်။

ပန်းချီကားတစ်ကားကို ဆွဲပြီး မကြာခင် ရောင်းထွက်ချင်လည်း ထွက်မည်။ နှစ်ပေါင်းများစွာ ကြာချင်လည်းကြာမည်။ တစ်သက်လုံး မရောင်းရဘဲ ကွယ်လွန်ပြီးမှ ရောင်းချင်လည်း ရောင်းရမည်။ ပန်းချီကား တစ်ကားတည်းနှင့် လေးငါးခြောက်လ စားလောက်အောင် ရချင်လည်း ရသည်။ လပေါင်းများစွာ ကြာအောင် ဘာဝင်ငွေမှ မရှိဘဲ စုတ်ပြတ်ချင် ပြတ်နေတတ်သည်။

ပန်းချီကားတစ်ကား ရေးဆွဲရာမှာလည်း ဘယ်လောက်ကြာမယ် မခန့်မှန်းနိုင်။ သုံးလေးရက်နဲ့ ပြီးချင်လည်း ပြီးမည်။ လနှင့်ချီ ကြာချင်လည်း ကြာမည်။ ရေးလက်စကို စိတ်ကြိုက်မတွေ့သဖြင့် နှစ်ပေါက်အောင် ကြာချင်လည်း ကြာသွားနိုင်သည်။

တချို့ပန်းချီကားတွေကို ပြပွဲတင်သော်လည်း 'ရောင်းရန်မဟုတ်' ဟု စာချိတ်ချင် ချိတ်ထားမည်။ တစ်ခါတလေ ကိုယ့်ဘာသာ ကြိုက်လွန်းသဖြင့် ပြပွဲတောင် မတင်ရက်ဘဲ သိမ်းထားတာမျိုး ရှိသည်။

ပီကာဆိုမှာ ဖိုင်းအတ်သမားဖြစ်၏။ ဖိုင်းအတ်သမား အများစုမှာ လူအများ ကြိုက်ကြိုက် မကြိုက်ကြိုက် ကိုယ်ဆွဲချင်ရာ ဆွဲကြသူများ ဖြစ်၏။ ထို့ကြောင့် ပုံမှန်ဝင်ငွေလည်း မရှိဘဲ စားဝတ်နေရေး အဆင်မပြေတာက များသည်။

BURMESE CLASSIC .com



ပီကာဆိုကတော့ ထူးခြားသည်။ သူ့ပန်းချီတွေက ဈေးကောင်း ရတတ်သည်။ ထို့ကြောင့် သူများထက်စာလျှင် ချောင်ချောင်လည်လည် ရှိသည်ဟု ဆိုနိုင်သည်။

သူသည် အသက်ခြောက်ဆယ်စွန်းစွန်း ရှိလာသည့်တိုင် လူငယ်လေးတစ်ယောက်လို နုပျိုဖျတ်လတ်ဆဲ ဖြစ်၏။ စပို့ရှပ်၊ တီရှပ်၊ ဂျင်းဘောင်းဘီတို့ ဝတ်ဆင်လေ့ရှိ၏။ ရွယ်တူ တန်းတူ လူကြီးတွေနှင့် မပေါင်းဘဲ လူငယ်ပန်းချီဆရာလေးတွေနှင့်သာ အဖွဲ့ကျတတ်သည်။

သူ့လက်ရာတွေကို စွဲလမ်းပြီး သူ့ဆီမှာ ပန်းချီပညာ သင်ချင်သူ လူငယ်တွေလည်း အတော်များများ ရှိ၏။ သို့ရာတွင် သူ၏ သင်ပုံသင်နည်း စနစ်၏ ဒဏ်ကို မခံနိုင်သဖြင့် တပ်လန်သွားသူတွေသာ များသည်။

ပီကာဆိုက 'ပန်းချီသင်၊ ရှာပြင်ထွက်' ဟု ဆိုပြီး လယ်ကွင်းပြင်ကြီး ထဲက တဲကလေးတစ်လုံးမှာ တစ်ယောက်တည်း သွားနေခိုင်းသည်။ ဆန် ဆီ ဆား၊ ငါးပိ ငါးခြောက်၊ ကြက်သွန်၊ အာလူး၊ ပဲ စသည်တို့ ပေးထားသည်။ ကိုယ့်ဘာသာ ချက်စားရသည်။

ဘာအသုံးအဆောင်ပစ္စည်းမှ ယူခွင့်မရှိ။ ရေဒီယို၊ ကက်ဆက် မပြောနဲ့၊ နာရီတောင် မထားရ။ လျှပ်စစ်မီးလည်း မရှိ။ ပန်းချီသင်တယ် ဆိုသည့်တိုင် ဘာမှ လေ့ကျင့်ရေးဆွဲခွင့် မရှိသေး။ ခဲတံ၊ စုတ်တံ၊ ဆေး၊ စက္ကူ စသည်တို့ လုံးဝဆောင်မထားရ။ ယုတ်စွအဆုံး မြေကြီးပေါ်မှာ တောင် တုတ်ချောင်းနှင့် ခြစ်ခွင့်မရှိ။

ထိုလယ်ကွင်းထဲက တဲကလေးမှာ သုံးလတိတိ တစ်ယောက်တည်း နေရသည်။ ထိုအတောအတွင်းမှာ မနက် နေထွက်လာတာ၊ ညနေ



www.burmeseclassic.com

www.burmeseclassic.com



ဘက် နေဝင်သွားတာကို စောင့်ကြည့်ရသည်။ ကျန်တဲ့အချိန်တွေမှာ ကောင်းကင်ကိုကြည့်ရသည်။ တိမ်တွေကို ကြည့်ရသည်။ ဘေးပတ်ဝန်းကျင်ရှိ အရာဝတ္ထုများကို စေ့စေ့စပ်စပ် ကြည့်ရှုမှတ်သားရသည်။ ထိုသို့ကြည့်ရှုမှတ်သားရင်းက ပန်းချီဆိုတာ ဘာလဲ၊ ဘာကြောင့်ပန်းချီဆွဲချင်တာလဲ၊ အရောင်တွေကို ဘယ်လို ခံစားမိသလဲ၊ ပန်းချီဆရာတစ်ယောက်ရဲ့ စိတ်နေစိတ်ထားဟာ ဘယ်လိုဖြစ်သင့်သလဲ ဆိုတာတွေကို တွေးတောကြံဆကြည့်ရသည်။

ပီကာဆိုက တစ်ပတ် တစ်ခါ လာတွေ့သည်။ ထိုအခါ တပည့်ဖြစ်သူက မိမိ တွေးတောဆင်ခြင်မိတာတွေကို ပြောပြရသည်။

ဒီလို သုံးလတိတိ နေပြီးမှ ဒုတိယအဆင့်ကို တက်ခွင့်ရသည်။ ထိုအဆင့်မှာ တစ်လ ကြာသည်။ စိတ်ဖြင့် ရေးဆွဲသည့်အဆင့် ဖြစ်၏။ လက်တွေ့ မဆွဲရသေး။ မျက်စိမှိတ်ထားပြီး အရောင်တွေကို အာရုံ ခံစားရသည်။ မိမိ လေ့လာကြည့်ရှုထားသော အရာဝတ္ထုများကို စိတ်ကူးဖြင့် ရေးဆွဲကြည့်ရသည်။ အရောင်တွေကို စိတ်ထဲမှာ တွဲစပ်ကြည့်ရသည်။ ထိုအဆင့်ကို လွန်မြောက်ပြီးတော့မှ လက်တွေ့ရေးဆွဲမှုကို စတင်သင်ကြားရသည်။

ပီကာဆိုထံသို့ ပန်းချီပညာ သင်ရန် ရောက်ရှိလာသူတွေထဲက အများစုမှာ လယ်ကွင်းထဲက တဲကလေးထဲမှာ တစ်လလောက် နေပြီးတာနဲ့ ပြန်ပြေးကြတော့သည်။ လက်တွေ့ရေးဆွဲ ရသည့် အဆင့်ထိဆန့်ခါတင် ကျန်တာဆိုလို့ ဆယ်ယောက်မှာ တစ်ယောက်တောင်မရှိ။ သူ့ဆီမှာ တပည့်ခံချင်သူများသည် နောက်ဆုံးတွင်...



“ပန်းချီသင်မယ့်အစား ရောင်လင်ကျောင်းမှာ ကွန်ဖူးသွားသင်တာကမှ သက်သာလိမ့်ဦးမယ်”

ဟု ပြောပြီး ထွက်ပြေးကြရသည်။ ပီကာဆိုကတော့...

“ဒါတောင် သင်ရိုးညွှန်းတမ်းကို အများကြီး လျှော့ထားတာ၊ ငါ ပန်းချီသင်တုန်းကဆိုရင် ကိုယ်နေမယ့်တဲကို ကိုယ့်ဘာသာ ဆောက်ခဲ့ရတာ၊ ကိုယ့်ဘာသာ ငါးမျှားပြီး စားခဲ့ရတာကွ”

ဟု ပြောလေသည်။

ထိုကဲ့သို့သော ပီကာဆိုသည် အသက်ခြောက်ဆယ်ကျော်တော့မှ ပင် အသက်နှစ်ဆယ်ပင် မပြည့်တတ်သေးသော မိန်းကလေး တစ်ယောက်ကို လက်ထပ်ယူလိုက်လေသည်။

အနုပညာလောကတစ်ခုလုံး အံ့ဩကုန်ကြသည်။ ဝေဖန်သံ သပ်ချက် အမျိုးမျိုးလည်း ထွက်ပေါ်လာသည်။ တချို့က ပီကာဆိုကို အာကျကြသည်။ ကောင်မလေးက ငယ်ငယ်ချောချောလေးကိုး။ အတော်စွတဲ့ ပုဂ္ဂိုလ်ပဲဟု ချီးကျူးကြသည်။

သူ့ပြိုင်ဘက်တွေကတော့ နည်းနည်း ပြောချင်ဆိုချင်သည်။ တချို့က ဇာတ်လမ်းလေးတောင် ဆင်လိုက်သေးသည်။ သူတို့ အပြောအရ ဆိုလျှင်တော့...

ကောင်မလေးမှာ ငယ်ရွယ်စဉ် လူမှန်းမသိတတ်ခင်ကတည်းက မိဘတွေ ဆုံးသွားသဖြင့် အဘိုးဖြစ်သူ၏ စောင့်ရှောက်မှုအောက်မှာ ကြီးပြင်းခဲ့ရသည်။ သူတို့နှစ်ဦးမှာ အဘိုးတစ်ခု မြေးတစ်ခု ဖြစ်သဖြင့် တစ်ဦးအပေါ် တစ်ဦး သံယောဇဉ်အလွန်ကြီးကြသည်။

တစ်နေ့မှာတော့ ကံကြမ္မာက သူတို့မြေးအဘိုးကို ရက်ရက်စက်စက်

www.burmeseclassic.com



ခွဲခွာပစ်လိုက်သည်။ အဘိုးဖြစ်သူသည် နှလုံးရောဂါဖြင့် ရုတ်တရက် ကွယ်လွန်သွားလေ၏။ မြေးမလေးမှာ ခိုကိုးရာမဲ့ဖြစ်ရသည်။ သူ့အတွက် အဘိုးသာလျှင် အဖေ၊ အဘိုးသာလျှင် အမေဖြစ်သောကြောင့် ပို၍ခံစားရသည်။ အဘိုးကို လွမ်းသောစိတ်ဖြင့် ဗုန်းဗုန်းလဲမတတ် ဖြစ်ရသည်။ စိတ်ဝေဒနာသည်လေး ဖြစ်လုလု အခြေအနေကို ရောက်ခဲ့ရသည်။ ခုလို အဘိုးဖြစ်သူကို တမ်းတနေချိန်မှာပင် ပီကာဆိုနှင့် တွေ့ခဲ့ခြင်းဖြစ်၏။ ထိုအခါ ကောင်မလေးမှာ အဘိုး အစားပြန်ရပြီ ဆိုသော အစွဲအလမ်းဖြင့် ပီကာဆိုကို တွယ်တာမိရာမှ လက်ထပ်ဖြစ်ခဲ့ခြင်းဟု ဆိုသည်။

ထိုကိစ္စမှာ ပီကာဆိုကို မနာလိုသူတွေက လုပ်ကြံဖန်တီးပြီး ပြောကြခြင်းသာဖြစ်သည်ဟု ပီကာဆိုဘက်တော်သားတွေက ချေပသည်။ ပီကာဆိုကတော့...

"လူတွေဟာ အသက်ကြီးတာနဲ့ အိုမင်းတာကို မခွဲခြားတတ်ကြသေးဘူးဗျ"

ဟု ခပ်အေးအေးလေသံဖြင့်သာ တုံ့ပြန်ပြောဆိုလေ၏။

○

"မင်္ဂလာရယ်မှ...မဏ္ဍိုင်...လေး......"

"ဟေ့...ဟေ့...ဟေ့...အောင်ပါ...စေ"

ကုမုဒြာဇာတ်ရုံကြီးအတွင်းမှာ မာဿာဂရေဟာမ်၏ အသံက ဟိန်းထွက်လာသည်။ အသက် ခုနစ်ဆယ်နား ကပ်နေသည့်တိုင် သူ့အသံက 'ပေါက်'နေတုန်း။ အဆွဲအငင်၊ အပင့်အရှိုက်တွေ ကျန်နေတုန်း။ အဆို အဟဲ အောင်နေတုန်းရှိသေးသည်။

"တစ်ကြိမ်ငယ်မှ နှစ်ကြိမ်လေ... သုံးကြိမ်ငယ်မှ ဦးတင်...ရွှာတော်ရှင်... မယ်လျှင်...ကန်တော့ပါ၏ ဘုရား..."

သက်ကြီး အနုပညာရှင်များ၏ ပဒေသာကပွဲဖြစ်လေ၏။ ဂန္ထဝင် အနုပညာကို ချစ်မြတ်နိုးသော လူငယ်တစ်စုက အကုန်အကျခံပြီး စီစဉ်ဖင်ဆက်သည်။ သူတို့မှာလည်း စွန့်စွန့်စားစား လုပ်ခဲ့ရခြင်း ဖြစ်၏။ ခေတ်ပရိသတ်က အဘိုးကြီး အဘွားကြီးတွေ ဆိုတာ၊ ကတာကို စိတ်ဝင်စားပါ့မလားဟု စိုးရိမ်ခဲ့ကြရသည်။

တကယ်တမ်းကျတော့ ပရိသတ်မှာ ရုံပြည့်ရုံလျှံအောင် လာရောက်အားပေးကြသည်။ ငွေတာရီရုပ်မြင်သံကြားဌာနကလည်း လာရောက်ရိုက်ကူးပြီး တိုက်ရိုက်ထုတ်လွှင့်ပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံးအစီအစဉ်က မာသာဂရေဟမ်၏ တစ်ချိန်က နာမည်ကျော် အပျိုတော်အက ဖြစ်၏။ အသက်အရွယ် ထောက်လာသဖြင့် ငယ်ငယ်ကလောက် မသွက်လက်တော့သော်လည်း မျက်ခုံးချီပုံ၊ မေးထိုးပုံ၊ လက်ချိုးပုံ၊ ခြေထိုးပုံတို့မှာ ရက်ပ်သမား၊ တက်ကနိုသမား လူငယ်တွေ ငေးယူ ရလောက်အောင် ပြောင်မြောက်လှသည်။

"သောက်တော်ဘူးရယ်နဲ့ အိုမက္ကာ...အိုမက္ကာ...မင်းကျော်စွာမို့ မကျော်လား...ဝေးရာကရှား..."

အကဝိဇ္ဇာကြီး မာသာဂရေဟမ်၏ အဆိုအကကို ဆိုင်းဝိုင်းကြီးက မြိုင်မြိုင်ဆိုင်ဆိုင်ကြီး ပို့ပေးနေသည်။ ဆိုင်းအဖွဲ့ကလည်း မကောင်းဘဲ ခံနိုင်ရိုးလား။ ဗျာစားကြီး စိန်မိုးဇတ်၊ ငွေနဲ့ကျော် ချိုက်ကော့စကီး နှင့် ပတ်မတီး ရှိုပင်တို့ လက်စွမ်းပြ တီးမှုတ်ဖျော်ဖြေကြတာကိုး။

သူတို့က သံပြိုင်လိုက်ဆိုရမည် နေရာတွေမှာ ဝင်အော်ပေးကြသေးသည်။

"ကိုကြီးကျော် ရေ..."

"ဗျို့...ဗျို့"

"မောင်ကြီးကျော်...ရေ"

"ဗျာ...ဗျ"

"ဤဇမ္ဗူမှာ ပြိုင်ဘက်ရှာ ...မိုးကျနတ်သား"

*



ဒုတိယအစီအစဉ်ကတော့ နှောင်းခေတ် အဆိုတော်ကြီးများ၏ ဖျော်ဖြေမှု ဖြစ်၏။

တွမ်ဂျုံး၏ 'ယောက်ျားမှာလည်း အသည်းနဲ့ပါ'

ကော်နီဖရန့်စစ်၏ 'မေ့ကွက်ကိုရှာ'

အိန်ဂျဲဘတ်၏ 'ချစ်အားငယ်ရသူမယ်'

မေရီဟော့ကင်း၏ 'နက်ဖြန် သို့မဟုတ် ဘယ်သောခါ'

အင်ဒီဝီလျံ၏ 'မုန်းရစ်လေဦး'

"ရွှက်ဝါကြွေ...နွေဦး...လေရူးပွေစ ညနေဆည်းဆာ...

ဥသြဆွေ...နွေတေးရှင်ငှက် ပင်ကိုင်းထက်မှာ...

သံစာစာ...နွေကြိုတေးကိုသာ...လေးတွဲ့မှန်စွာ...

တေးဖွဲ့ပြန်ရှာ... အဖော်ကွဲ...တစ်ကိုယ်တည်း...

ကိုယ်လည်း မင်း...လိုပါပဲ...ကိုယ့်ဘဝမှာ...

ညိုဝါရွှေ...ညောင်းရွက်လေအနှော့...ပြေလျော့ ...ကြွေပေါ့

နွေတစ်ကျော့...ရောက်ပြန်လေပြီ...တစ်ခါ..."

ခံစားချက်အပြည့်ဖြင့် သီဆိုနေသော ဂန္ထဝင်အဆိုတော်ကြီး အင်ဒီဝီလျံ၏ သီချင်းသံတွင် ပရိသတ်များ မိန်းမောနေကြသည်။

ထို့နောက် ဂီတလုလင် ဘီသိုဗင်၏ တစ်ကိုယ်တော်စန္ဒရား လက်စွမ်းပြ တီးကွက်များဖြင့် ပရိသတ်အာရုံကို ချုပ်ကိုင်ဖမ်းစားလိုက်ပြန်သည်။

*

ဆက်လက်ပြီး ရုပ်ပါစတား အဆိုတော် ရုပ်ရှင်မင်းသား အဲဗစ်ပရက်စလေနှင့် ခေတ်ဟောင်းမင်းသမီးကြီးများ ဖြစ်ကြသော အက်ဗာဂါဒနာ



www.burmeseclassic.com

www.burmeseclassic.com



မေရိပစ်ဖို့၊ အက်စသာဝီလျံ၊ ဂျူဒီဂါလင်တို့ တစ်လှည့်စီ စုံတွဲ သီဆိုသော သီချင်းများဖြင့် ဖျော်ဖြေသည်။ ဂျူဒီဂါလင်နှင့်တွဲ၍သီဆိုသော 'တကူကူးကူ' သီချင်းကို ပရိသတ်တွေ အရမ်းသဘောကျပြီး ပွဲတောင်းသဖြင့် နှစ်ကြိမ်ပြန်သီဆိုရသည်။

ထို့နောက် ခေတ်ဟောင်း အနုပညာရှင်ကြီးများကို ဂုဏ်ပြုသည့် အနေဖြင့် ခုတလော အလွန်နာမည်ကြီးနေသော ဝက်စ်လိုက်ဖ် အဖွဲ့က ဒိုးပတ်ဝိုင်းဖြင့် ဖျော်ဖြေသည်။ မိုက်ကယ်ဂျက်ဆင်ကလည်း ဦးရွှေရိုးအကဖြင့် ပါဝင်ကူညီခဲ့သေးသည်။

*

နောက်ဆုံးအစီအစဉ်ကတော့ သက်ကြီးအငြိမ့်ခန်း ဖြစ်၏။ မင်းသမီးမှာ ဂျူလီအင်ဒရူး ဖြစ်၏။ လူရွှင်တော်များအဖြစ် ဘော့ဟုပ်၊ ဂျယ်ရီလူးဝစ်နှင့် နော်မန်ဝစ်စဒမ်တို့က အသုံးတော်ခံကြသည်။

ဘော့ဟုပ်က ခွန်းထောက်တစ်ပုဒ် ဆိုသည်။ ထို့နောက် ပရိသတ်ကို မေတ္တာပို့၊ နှုတ်ဆက်စကားပြောပြီး . . .

"ကဲ . . . သူငယ်ချင်းတို့ရေ၊ အခုလို ရုံပြည့်ရုံလျှံအောင် လာရောက်အားပေးကြတဲ့ ပရိသတ်ကြီးဟာ မင်းတို့ငါတို့ကို ကြည့်ရုံသက်သက် မဟုတ်ဘူး၊ မင်းသမီး ဂျူလီအင်ဒရူးလေးရဲ့ ချစ်စွာသော ပီယဝါစာစကားသံလေးတွေ၊ ကြည်လင်ချိုမြတဲ့ တေးသံလေးတွေ၊ နွဲ့နှောင်းသွက်လက်တဲ့ ကကြိုးကဟန်လေးတွေကို ကြားချင် မြင်ချင် ကြည့်ချင်လို့ လာကြတာ မဟုတ်လားကွဲ့"

"ဟုတ်ပါ့"



"ဒီတော့ မင်းသမီးကို ခေါ်ကြဦးစို့ရဲ့"

ထိုအခါ နော်မန်ဝစ်စဒမ်က ဇာတ်စင်ထောင့်ဆီ ပြေးသွားသည်။ ဂျယ်ရီလူးဝစ်က . . .

"ဟေ့ကောင် . . . ဘယ်သွားမလို့လဲ"

"မင်းသမီးခေါ်ဖို့ ဆိုက်ကား သွားငှားမလို့လေ"

"ဒီလောက်တောင် ညံ့ရသလားဟဲ့၊ မင်းသမီးခေါ်တာ ဆိုက်ကားနဲ့ ရပါ့မလား၊ မသကာ လင်ခရူဇာလောက်တော့ ဖြစ်ရမှာပေါ့"

ဘော့ဟုပ်က ဝင်၍ . . .

"ဟာ . . . ဘာတွေ လျှောက်ပြောနေတာလဲ၊ မင်းသမီးခေါ်ပါ ဆိုတာက စာချိုးလေးနဲ့ လှမ်းခေါ်ဖို့ ပြောတာ"

"သြော် . . . ဒီလိုလား၊ ဒီလောက်တော့ ဖြစ်ပါတယ်ကွ၊ အဟမ်း . . . အဟမ်း . . . ပဝါနုစ်စ . . . အသာချပါလို့"

"မင်းခေါ်ပုံကြီးက ရိုးနေပါပြီကွာ"

"ဒါဆိုလဲ မင်းပဲ ခေါ်လိုက်ပါတော့"

"ကဲ . . . ခေါ်ပြီနော်၊ ခင်ကညာမြင်၊ ဘဝင်မှာ ရွှင်လိုက်ပါတဲ့၊ အိုးဗျ ဘင်လာဒင် . . ."

"ဟာ . . . ဘယ့်နှယ်၊ မင်းသမီးခေါ်ပါဆိုတာ၊ ကဲ ကဲ . . . မင်းတို့ခေါ်လို့တော့ မဖြစ်ပါဘူး၊ ငါပဲ ခေါ်ပါ့မယ်"

ဂျယ်ရီလူးဝစ်က ပရိသတ်ဘက် ကျောပေးပြီး ကျုံ့ကျုံ့ကလေး ထိုင်နေသော မင်းသမီး ဂျူလီအင်ဒရူးကို တစ်ချက်စောင်းငဲ့ကြည့်လိုက်ပြီးမှ . . .

"ထားခင်နှမ၊ ခါးရင်အစ၊ ငါးပဋ္ဌကောင်းခြင်း၊ အကယ်ဒမီရွှေခြင်



www.burmeseclassic.com

www.burmeseclassic.com



လေးလို၊ မယ်မဒီတောင် မြင်ရင်ငေးရပါတဲ့၊ ဂျယ်ရီရဲ့ ခင်ခင်လေး ဂျူလီရေ…”

ဂျူလီအင်ဒရူးသည် ထရပ်လိုက်ပြီး နွဲ့နှောင်းညင်သာစွာ လျှောက်လာသည်။ ပရိသတ်ကို လက်အုပ်ကလေး ချီ၍ နှုတ်ဆက်ပြီးမှ သီချင်းစ ဆိုသည်။

“အငြိမ့်မင်းသမီ များ ရှည်းစား ထားတဲ့ လူဆိုတာမျိုးနော်၊ သဘောနည်းနည်း ကြီး ဦး မှပေါ့၊ သခင်ရယ်… မီးရောင်အောက်ကို ဝင်ရင် လူပြက်တွေနဲ့ သောတော့ မောင်သဘောက မကြည်မလင်”

တီးလုံးအပိုဒ်တွင် အကဝင်လာသည်။ ဂျူလီအင်ဒရူး၏ ကဟန်မှာ တချို့မင်းသမီ တွေလို ခုန်ပေါက်လူးလိမ့်နေခြင်းမျိုး မဟုတ်။ အလွန်ညက်ညောသည်။ ကကြိုးတစ်ကွက်ချင်းမှာ ပန်းချီကား တစ်ချပ်စီလို လှပသပ်ရပ်သည်။ လက်ခုပ်သံတွေ မစဲတော့။

○

ဈေးတို့၏ သဘောသဘာဝမှာ နံနက်စောစောမှာ စည်ကားတတ်သည်။ နေမြင့်လာလျှင် ဈေးကွဲပြီ။ မွန်းလွဲညနေပိုင်းတွင် တစ်ကြိမ် စည်ကားသည်။ ညနေစောင်းလျှင် ဈေးပေါင်ကျိုပြီ။ မမှောင်ခင်ဈေး ပိတ်လေ့ရှိ၏။ ဒါက မြို့ပြ၏ ဈေးတို့ ထုံးစံပင် ဖြစ်ပေ၏။

သူတို့ဘက်ပိုင်းမှာကျတော့ တစ်မျိုး။ ညနေစောင်းမှ ဈေးတန်ကလေးက စတင်သက်ဝင်လှုပ်ရှားလာသည်။ ဈေးသည်တွေကလည်း ထိုအချိန်ကျမှ ဆိုင်ကိုစခင်းသည်။ မှောင်လာလေ စည်ကားလာလေ ဖြစ်၏။

သူတို့ရပ်ကွက်များရှိ လူတို့သည် နံနက်အစောကြီး ထပြီး လုပ်ငန်းခွင်ရှိရာသို့ သွားကြရသည်။ တစ်နေကုန် အလုပ်လုပ်ပြီး ဝင်ငွေရှာကြသည်။ ညနေစောင်း အလုပ်က ပြန်တော့မှ ပါလာတဲ့ ငွေကလေးနှင့် ချင့်ချိန်ပြီး ဈေးဝယ်ကြရသည်။ လုပ်ငန်းခွင်ရှိရာနှင့် အိမ်နှင့် ခရီးကွာလှမ်းသူများမှာ မိုးချုပ်မှပင် ပြန်ရောက်တတ်သည်။ ထို့ကြောင့် ညမှောင်တော့မှ ဈေးစည်ကားခြင်း ဖြစ်၏။ လက်ဖက်ရည်ဆိုင်တွေ

www.burmeseclassic.com

www.burmeseclassic.com



ဆိုလျှင်လည်း တစ်နေကုန် ခြောက်ကပ်နေပြီး ညကျမှ လူတဖွဲဖွဲ ဝင်လာတတ်၏။

ဈေးဝင်ဝယ်၊ အိမ်ပြန် ချက်ပြုတ်ပြီး ည ရှစ်နာရီလောက်မှာ ညစာစားကြရသည်။ ပြီးတော့ တစ်နေကုန် ပင်ပန်းလာသမျှ ကျောဆန့်ပြီး အနားယူသူက ယူ၊ လက်ဖက်ရည်ဆိုင် ထွက်သူက ထွက်၊ ငွေကလေးနည်းနည်းပါးပါး ပိုလျှင် ဗီဒီယိုရုံ သွား။ ဘဝတွေက ဒီအတိုင်း ကျင်လည်နေသည်။

ဈေးကလေးမှာ အဆောက်အအုံတွေ ဘာတွေနဲ့ အတည်တကျမဟုတ်။ လမ်း၏ ဘေးတစ်ဖက်တစ်ချက်မှာ ယာယီချခင်းပြီး ရောင်းကြသော ပုံကျဈေးကလေးသာ ဖြစ်၏။

ပုံကျဈေး ဖြစ်သောကြောင့် ဆိုင်နေရာတွေကို စနစ်တကျ နံပါတ်တပ်ထားခြင်းလည်း မရှိ။ သို့တိုင်အောင် သူတို့နည်း သူတို့ဟန်ဖြင့် နေရာသတ်မှတ်ပိုင်းခြားထားတာတော့ ရှိ၏။

တစ်ယောက်က ဗာဒံပင်ရှေ့က ဟာ ငါ့နေရာဟု သတ်မှတ်ထားလျှင် သူ့ဘေးက ဘယ်သူ၊ အဲဒီဟိုဘက်က ဘယ်သူ၊ လမ်းတစ်ဖက် မျက်နှာချင်းဆိုင်က ဘယ်သူ ဆိုပြီး ဆင့်ကဲ ဆင့်ကဲ မှတ်ထားလိုက်တော့ ပြီးရောပေါ့။

တစ်ခါတလေမှာတော့ နည်းနည်းပြဿနာရှိ၏။ ထွက်နေကျ ဆိုင်က အကြောင်းကြောင်းကြောင့် အချိန် အတော်ကြာအောင် မထွက်ဖြစ်သောအခါ တခြားတစ်ယောက်က အစားဝင်ချင် ဝင်မည်။ ဘေးဆိုင်တွေက သူ့နေရာကို ချဲ့ပြီး ယူချင်ယူမည်။ နောင် အဆင်ပြေလို့ ပြန်



ထွက်ချင်တဲ့အခါကျတော့ နေရာက ပျောက်နေပြီ။ ထိုအခါ သူ့နေရာကို ပြန်တောင်း၊ တစ်ဖက်ကလည်း နင်မှ မထွက်တော့ဘဲ၊ ပြီးတော့ ဒီလိုနေရာမျိုးက အပိုင်ယူထားလို့ ရတာမှမဟုတ်ဘဲ ဆိုပြီး ငြင်းကြခုံကြ၊ ဆဲကြ ဆိုကြတာမျိုးတော့ ဖြစ်တတ်သည်။

တစ်ခါတလေကျတော့လည်း ဆိုင်နီးနားချင်း မသင့်မတင့်ဖြစ်တာမျိုး ကြုံရသည်။ ထိုအခါ အော်ကြီးဟစ်ကျယ် စကားများကြ၊ ဆော်မယ် နက်မယ် လုပ်လို့ ဘေးက ဝိုင်းဆွဲကြရ၊ နောက်ကျတော့လည်း တဟီးဟီး တဟဲဟဲ ရယ်မောကြ၊ သူတို့ဘဝနဲ့ သူတို့တော့ ဟုတ်သလိုလိုပါပဲ။

ညဘက်ကျမှ စည်ကားသော ဈေး ဖြစ်သဖြင့် ဒီဇယ်မီးခွက်ကလေးတွေ ထွန်းထားကြသည်။ ဘက်ထရီမီးချောင်းတွေကိုလည်း ကြိုကြားကြိုကြား မြင်ရသည်။ အဝေးမှ လှမ်းကြည့်လိုက်လျှင် ဘုရားပွဲဈေးတန်းကလေး တစ်ခုလို ဖြစ်နေ၏။

များသောအားဖြင့်တော့ ကန်စွန်းရွက်၊ ချဉ်ပေါင်ရွက်၊ ပဲသီး၊ ခရမ်းချဉ်သီး၊ ရုံးပတီသီး၊ ငရုတ်သီးစိမ်း၊ နံနံပင် စသော ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်၊ ငရုတ်သီးမှုန့်၊ နနွင်းမှုန့်၊ ဆား၊ မဆလာ စသော မီးဖိုချောင်သုံး ပစ္စည်းများ၊ အာပြဲခြောက်၊ ငါးဖောင်ရိုးခြောက်နှင့် အမျိုးအမည် မသိရသော ငါးသေး ငါးဖွဲခြောက်များ၊ ကြက်ဥ၊ ဘဲဥ၊ ဝက်အူချောင်း၊ ဝက်ဆီဖတ်သည်များသာ ရှိ၏။

ဆီရောင်းသူက တစ်ကျပ်သား၊ နှစ်ကျပ်သား၊ ငါးကျပ်သား စသည်ဖြင့် ပလတ်စတစ်အိတ်ကလေးများတွင် အဆင်သင့် ထည့်ပေးထား



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဆန်သည်ကလည်း တစ်လုံး၊ နှစ်လုံးမှစ၍ တစ်ပြည်အထိ ကြွပ်ကြွပ်အိတ်များနှင့် ထည့်ထားသည်။ အဆင်သင့် ယူသွားရုံပင် ဖြစ်၏။ (ရူပါမားကက်ကြီးတွေမှာ ဘာစမာတီဆန်တို့၊ ဂျက်စမင်ဆန်မွှေးတို့ကို ပက်ကင်လှလှလေး ထုပ်ပြီး ရောင်းသလိုမျိုးပေါ့လေ။)

မုန့်ဟင်းခါးဆိုင်၊ အသုပ်ဆိုင်၊ အကြော်ဆိုင်တို့ရဲ့ ဟိုဘက် ချောင်ကျကျ တစ်နေရာမှာတော့ ဒီလိုအရပ်မျိုးအတွက် မရှိမဖြစ်သော ဆိုင်ကလေး တစ်ဆိုင်လည်း ရှိ၏။

အရက်ပုန်းဆိုင်ကလေးပင် ဖြစ်လေ၏။ ဘီအီးနှင့် တောအရက်တို့ ရသည်။ တောအရက်ဆိုသော်လည်း ဟိုး တောထဲ တောင်ထဲမှာ ချက်တာတော့ မဟုတ်ပါ။ သူတို့မြို့နယ်အစွန်အဖျားရှိ ချောင်ကျသော နေရာတွေမှာ ကိုယ်တိုင်ချက်လုပ်ကြခြင်းသာ ဖြစ်၏။ ဒီဂရီကလည်း မှန်လှသည် မဟုတ်။ ပြင်းပြီဆိုလျှင် အက်စစ်မျိုးချရသလို ထူပူသွားစေပြီး ပျော့ပြီဆိုတော့လည်း အရက်ထဲ ရေရောထားတာလား၊ ရေထဲ အရက်ရောထားတာလား မသိနိုင်အောင်ပါပဲ။

ဈေးကတော့ အလွန်သက်သာသည်။ ဘီအီးဈေး၏ ထက်ဝက်လောက်သာ ရှိ၏။ တချို့ကတော့ ထိုအရက်များသည် စနစ်တကျ ချက်ထားတာ မဟုတ်သောကြောင့် အန္တရာယ်ရှိသည်ဟု ဆိုကြသည်။ သူတို့အခေါ် 'ဖောလျှော' ဆိုသောရောဂါ ဖြစ်၏။ တောအရက် သောက်ဖန်များလျှင် အသားအရေ ပွစိစိဖြစ်လာသည်။ အသည်းကို ထိခိုက်သောကြောင့် ဖောလာခြင်းဖြစ်၏။ မကြာခင် သေတော့သည်။ ထို့ကြောင့် ဖောလျှော တွင်ခြင်းဖြစ်၏။



သို့ရာတွင် သူတို့ကတော့...

"မဖောလဲ လျှောချင်လျှောတာပါပဲကွာ၊ ဒါမှ မသောက်လဲ ရေသောက်ပြီး မူးဖို့ပဲ ရှိတယ်"

ရေဆိုတာတောင်မှ ရေသန့်ဘူး ဝယ်သောက်နိုင်တာ မဟုတ်။ ရေသန့်ဘူးကလည်း တောအရက်တစ်ပုလင်းထက် ဈေးပိုကြီးနေတာကိုး။ သူတို့ခများမှာက နိုင်ငံခြားစံချိန်မီ ချက်လုပ်ထားသော အရက်ကောင်းကောင်းတွေလည်း မသောက်နိုင်၊ ဘီယာဆိုင်လည်း မထိုင်နိုင်တော့ ဒီဆိုင်ကလေးတွေကိုပဲ အားကိုးရတော့တာပါပဲ။ ငွေကလေး နည်းနည်းပါးပါး ရှင်လာလျှင်တော့ ဘီအီး စစ်စစ်ကလေး ကိုင်ရတာပေါ့လေ။

အမြည်းတွေကတော့ ဒီလိုဆိုင်မျိုးရဲ့ ထုံးစံအတိုင်း ပဲခြမ်းကြော်သုပ်၊ လက်ဖက်သုပ်၊ အာပြဲချောက်၊ တညင်းသီးပြုတ်။ ဘဲဥသုပ် ဆိုတာ အကောင်းစား အမြည်းလေ။

တစ်နေကုန် ပင်ပင်ပန်းပန်း အလုပ်လုပ်ခဲ့ရတာ ဆိုတော့ ဒါလေး ဝင်သွားမှ အကိုက်အခဲ အညောင်းအညာပြေပြီး ပေါ့ပါးသွားတတ်တာကလား။ အရက်သောက်လျှင် ဒဏ်ကျေတယ်လို့ ဆေးပညာက လက်ခံသလား၊ မခံသလားတော့ မသိ။ သူတို့ကတော့ ခွေးတောက်ရွက်ဟင်းချိုကလေးနဲ့များ တွဲဖက်ပြီး မျှောချလိုက်ရလျှင် တကယ့်လာဘ်တစ်ပါးဟုပဲ ထင်နေကြသူများ ဖြစ်၏။

*

တော်စတွိုင်းသည် ဒီဈေးကလေးကို စိတ်ဝင်စားခဲ့တာ ကြာပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒီဈေးကလေးအကြောင်း ဝတ္ထုတစ်ပုဒ် ရေးချင်နေသည်။ ထို့ကြောင့် ဈေးတန်းထဲ ဟိုဒီလျှောက်ရင်း လေ့လာသည်။

သူက ဝတ္ထုရေးလျှင် စိတ်ကူးနှင့် မှန်းပြီး ရေးလေ့မရှိ။ အကြောင်းအရာတစ်ခုကို စေ့စေ့စပ်စပ် လေ့လာသည်။ ဖြစ်နိုင်လျှင် ကိုယ်တိုင်ဝင်ရောက်ခံစားကြည့်ချင်သည်။ အနည်းဆုံး အနီးကပ်တော့ ကြည့်ရှုမှတ်သားတတ်သည်။ ထို့ကြောင့်လည်း သူ့ဝတ္ထုတိုတွေက သရုပ်ပီပြင်ခြင်း ဖြစ်၏။ ထို့ကြောင့်လည်း ဝတ္ထုတစ်ပုဒ် တစ်ပုဒ် ထွက်လာဖို့ အချိန်တွေ ကြာခြင်း ဖြစ်၏။

သူက အခြေခံလူတန်းစားတွေအကြောင်း ရေးတာများသည်။ သူတို့ ဘာအလုပ်လုပ်ကြသလဲ၊ ဘယ်လိုဝတ်စားဆင်ယင်ကြသလဲ၊ ဘယ်လို နေထိုင်စားသောက်ကြသလဲ အချက်အလက် ရှာရတာ သိပ်မခဲယဉ်း။ အရေးကြီးတာက သူတို့၏ စရိုက်ကို ပေါ်အောင် ရေးနိုင်ဖို့ ဖြစ်၏။ သူတို့ ပြောတဲ့ စကားအသုံးအနှုန်းတွေ၊ လေယူလေသိမ်းတွေက အစ အမိဖမ်းနိုင်မှ ဝတ္ထုက အသက်ဝင်မည်။ ဒါမှမဟုတ်လို့ကတော့ ဝတ္ထုဆန်သော သုတဆောင်းပါးလို ဖြစ်နေလိမ့်မည်။ ဝတ္ထုဆိုလျှင် ဘာအကြောင်းအရာပဲ ရေးရေး ရသမြောက်ဖို့၊ အနုပညာ အားကောင်းဖို့တော့ လိုအပ်သည်ဟု သူထင်၏။

*

ဈေးဝယ်သူ မိန်းမတစ်ယောက်သည် ပုစွန်ဆိတ်သည်နှင့် အချေအတင် ငြင်းခုံနေကြ၏။ ဖြစ်ပုံမှာ ပုစွန်ဆိတ်သည်က တစ်ပုံ ငါးဆယ်



နှင့် အော်ရောင်းနေသည်။ ဝယ်သူမိန်းမသည် ပထမတစ်ခေါက် ဖြတ်သွားစဉ်က လှမ်းကြည့်သွားသည်။ နောက်တစ်ခေါက် ပြန်လျှောက်အလာတွင်...

"လာနော် လာနော်...ပုစွန်ဆိတ်ကလေးတွေ၊ လျှော့လိုက်ပြီ၊ လျှော့လိုက်ပြီ၊ တစ်ပုံလေးဆယ်နဲ့ပဲ ယူသွား"

ပုစွန်ဆိုတာက ကြာရှည်သိုလှောင်ထားလို့ ရတာမဟုတ်။ ဒီနေ့မရောင်းရလျှင် နောက်နေ့ကျတော့ ပုပ်ကုန်တာ၊ ဒီတော့ မြန်မြန်ရောင်းထွက်အောင် လျှော့ရတာလေ။

တစ်ပုံ ငါးဆယ်ကနေ လေးဆယ်ကို လျှော့လိုက်ပြီဆိုတော့ ဝယ်သူ မိန်းမလည်း စိတ်ဝင်စားသွားသည်။ ထပ်ဆစ်လို့လည်း ရချင် ရနိုင်သည် ဆိုပြီး ဆိုင်ရှေ့မှာ ဝင်ထိုင်လိုက်သည်။

"မလျှော့တော့ဘူးလား"

ဟု မေးသည်။ ဈေးသည်က...

"လျှော့ထားပြီးသားလေ အစ်မရဲ့၊ တစ်ဆယ်တောင် လျှော့ထားတာ"

ဝယ်သူအမျိုးသမီးမှာ ပုစွန်ဆိတ်အပုံတွေကို ကြည့်ပြီး မျက်မှောင်ကြုတ်သွားသည်။ တစ်ခုခု မှားယွင်းနေကြောင်း ရိပ်မိလိုက်သည်။ ဘာပါလိမ့် စဉ်းစားသည်။

ဟုတ်ပြီ။ ပထမအခေါက် ကြည့်သွားတုန်းက ပုစွန်ဆိတ် အပုံက သုံးပုံပဲ ရှိသည်။ ခုကြည့်လိုက်တော့ လေးပုံဖြစ်နေသည်။ သူ ဟိုဘက်



www.burmeseclassic.com

www.burmeseclassic.com



လျှော့ကိုက်နေတုန်း အချိန်အတွင်းမှာ သုံးပုံထဲက နည်းနည်းစီ ခွဲပြီး လေးပုံ ဖြစ်အောင် ပွားထားခြင်းဖြစ်မည်။ ဒီလိုဆိုတော့ နဂိုက တစ်ပုံ ငါးဆယ်နှင့် ရောင်းလျှင် သုံးပုံအတွက် တစ်ရာ့ငါးဆယ်ပဲ ရမည်။ ခုလို လေးပုံ ခွဲပြီး လေးဆယ်နဲ့ ရောင်းတော့ တစ်ရာ့ခြောက်ဆယ် ရမည်။ ဈေးလျှော့တယ်ဆိုခါမှ တစ်ဆယ်တောင် ပိုမြတ်တဲ့သဘော ဖြစ်နေ၏။ ပညာသားပါလှသော ရောင်းဝယ်ရေးဗျူဟာပဲ။

"အစ်မ ဒါမျိုးတော့ လုပ်ဖို့မကောင်းဘူး၊ စောစောက ကျွန်မကြည့်သွားတုန်းက သုံးပုံပဲ ရှိတာ"

ဟု ဝယ်သူမိန်းမက ပြောလိုက်သည်။ ဈေးသည်က…

"မဟုတ်ပါဘူး၊ စောစောကတည်းက လေးပုံပါပဲ"

"ကျွန်မ သေသေချာချာမြင်တာပါ၊ စောစောကထက်စာရင် အပုံတွေက သေးသွားတာ ကြည့်ပါလား"

ဝယ်သူက ထပ်ပြီး သက်သေထူသည်။

"အမယ်…တစ်ပုံမှာ ပုစွန်ဆိတ် ဘယ်နှစ်ကောင်ရှိတယ် ဆိုတာကော ရေတွက်ထားသေးသလား မသိဘူး"

ဟု ဈေးသည်က ပြန်ငေါ့သည်။ ဝယ်သူကလည်း မခေလှပါ။

"အစ်မ ဈေးလျှော့ရောင်းတာကလဲ ကုမ္ပဏီတွေက အထူးလျှော့ဈေးဆိုတာလိုပါပဲလား"

ခေတ်မီသော ဥပမာဖြစ်သဖြင့် တော်စတွိုင်း နားစွင့်ရင်း ပြုံးလိုက်မိ၏။



"ကဲ ကဲ…သုံးဆယ့်ငါးကျပ်နဲ့ပဲ ယူသွားတော့၊ ပုစွန်ဆိတ်ခေါင်းတွေထဲမှာ လက်ငင်းကံစမ်းမဲ ပါသေးတယ်"

ဟု ဈေးသည်က နောက်ပြောင်ရင်း အလျှော့ပေးလိုက်သည်။

သူတို့ အရောင်းအဝယ်တည့်သွားကြ၏။

တော်စတွိုင်းသည် ဈေးဝယ်သူတွေကို အကဲခတ်ကြည့်သည်။ ဝယ်သူ မိန်းမအများစုသည် ဈေးထဲရောက်လျှင် သင့်တော်ရာ ဆိုင် တစ်ဆိုင် ဝင်ပြီး တစ်ခါတည်း တန်းဝယ်တာမျိုး သိပ်မရှိ။ တစ်ဆိုင်ပြီး တစ်ဆိုင် ဝင်စနည်းနာပြီးမှ ဝယ်တတ်သည်။

ဈေးဝယ်တယ်ဆိုတာ ကြည့်တော့ လွယ်မလိုလိုနဲ့ အတော်တွက်ရ ချက်ရ ဦးနှောက်စားရသည့် ကိစ္စဖြစ်၏။ ဘာတွေ ပေါသလဲ၊ ဘာတွေ ဈေးသက်သာသလဲ စုံစမ်းရသည်။ ရာသီအချိန်အခါကိုလည်း နားလည်ရသည်။ မိုးကုန်ခါစမှာ ငါးပုစွန် ပေါတတ်သည်။ ဆောင်းရာသီမှာ ဟင်းသီးဟင်းရွက် လှိုင်လှိုင်ထွက်သည်။ ဆီရှားသောအချိန်မှာ ဝက်သား ဈေး တက်သည်။ ဒါတွေကို သိရမည်။

ကိုယ့်မှာရှိတဲ့ ငွေနဲ့ အဆင်အပြေဆုံးဖြစ်အောင် တိုင်းထွာ ချင့်ချိန် ဝယ်တတ်ရမည်။ ဈေးပေါတိုင်းလည်း ဝယ်လို့ဖြစ်တာမဟုတ်။ ဥပမာ ကြက်ဥတွေ အဝင်များလို့ ဈေးတွေ ကျနေသည်။ သို့ရာတွင် အိမ်မှာ စားမယ့်လူ များသည်။ ကိုယ့်မှာရှိတဲ့ ငွေက အားလုံးအတွက် လောက်င အောင် မဝယ်နိုင်တာမျိုး ရှိသည်။ ဒီတော့ ကိုယ့်မှာရှိတဲ့ ငွေရယ်၊ စားမယ့် ပါးစပ်ပေါက်ရယ်၊ ကုန်ဈေးနှုန်းရယ်ကို သဟဇာတဖြစ်အောင် ချိန်ကိုက်တတ်ဖို့ လိုသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုကိစ္စတွေမှာ မိန်းမတွေက အလွန်တော်သည်။ ဘယ်လောက် ညံ့တဲ့မိန်းမဖြစ်ဖြစ် ဒီနေရာတော့ သန်ျာပါမောက္ခထက် ပိုပြီး တွက်ချက်တတ်သည်။ ယောကျ်ားတွေက ဒီလိုကိစ္စမျိုးကြုံလျှင် ဘာလုပ်ရမှန်းမသိ ဖြစ်တတ်၏။

ဟိုလူတစ်ယောက်ကိုပဲ ကြည့်။ ထိုသူမှာ အသက်ငါးဆယ်ဝန်းကျင်လောက် ရှိမည်။ ပိန်ပိန်ခြောက်ခြောက်၊ ညိုညိုညစ်ညစ် ဖြစ်၏။ ခါးကြားမှာ ကြွပ်ကြွပ်အိတ် အဟောင်းတစ်လုံးကို ခေါက်ပြီး ထိုးထားသဖြင့် ဈေးလာဝယ်မှန်း သိသာသည်။ အလုပ်ကအပြန် ဝင်ဝယ်ခြင်းဖြစ်မည်။

သူသည် ချီတုံချတုံဖြစ်ဟန်ဖြင့် ခဏတွေနေသည်။ ထို့နောက် ဆုံးဖြတ်ချက်တစ်ခု ချလိုက်ပုံရသည်။ ဈေးတန်းကို လွန်အောင် ဆက်လျှောက်သွားပြီးနောက် အရက်ဆိုင်ထဲ ဝင်သွားလေသည်။

ဒီလူ ဘယ်လိုလူမျိုးဖြစ်မလဲ။ အိမ်မှာ ဆာလောင်မွတ်သိပ်စွာ စောင့်စားနေကြသော မိသားစုကို မညှာတာဘဲ တစ်ကိုယ်ကောင်းဆန်တဲ့ လူလား။ ကိုယ့်မှာ ဝင်ငွေအနည်းငယ်သာရှိတယ် ဆိုလျှင်လည်း မတတ်သာတဲ့အဆုံး ချဉ်ဖတ်စုံနှင့် ငါးပိရည် ဝယ်သွားလျှင် တစ်နပ်စာတော့ ဖြစ်သွားနိုင်တာပဲ မဟုတ်လား။

ဒါမှမဟုတ် ခုလိုအခြေအနေကို ရင်မဆိုင်ရဲလောက်အောင် သတ္တိနည်းလို့ ကြံမိကြံရာ ထွက်ပေါက်ရှာတဲ့ လူမျိုးလား။

နောက်တစ်ခုကတော့ မိသားစုမရှိသူ လူပျိုကြီးလည်း ဖြစ်နိုင်၏။ သူ့မှာရှိတဲ့ ငွေနဲ့ ဟင်းလျာဝယ်ပြီး ချက်စားတာထက်စာလျှင် တော



အရက် တစ်ပိုင်းနဲ့ အမြည်းနည်းနည်းပါးပါး စားသောက်လိုက်တာကမှ စရိတ်ငြိမ်းပြီး တွက်ခြေကိုက်သေးတယ်ဟု ဆုံးဖြတ်လိုက်တာလည်း ဖြစ်ကောင်းဖြစ်နိုင်သည်။

၀



www.burmeseclassic.com

www.burmeseclassic.com

မော်ရုံဟော၀န်သည် သာယာလှပလွန်းသည်။ မြင့်မားပြီး အုံ့ဆိုင်းနေသော သစ်ပင်ကြီးများပေါ်တွင် ငှက်မျိုးစုံတို့ ပျော်ပါးမြူးထူးနေကြ၏။ နေရာတိုင်းမှာ ပန်းတွေပွင့်နေကြသည်။ အရောင်အသွေးစုံသော ကော်ဇောကြီးတစ်ချပ် ခင်းထားသလိုဖြစ်နေသည်။ ကျောက်ကမ်းပါးယံမှ ရေတံခွန်များ ဖြာကျနေသည်။ အောက်ခြေတွင် ရေအိုင်တစ်ခု ရှိပြီး စမ်းချောင်းငယ်များအဖြစ် ခွဲထွက်စီးဆင်းနေကြ၏။

စမ်းချောင်းဘေးရှိ ကျောက်တုံးပေါ်တွင် ရိုမီယိုနှင့် ဂျူးလီယက်တို့ ထိုင်နေကြ၏။ ရိုမီယိုက ငှက်ကလေးတွေကို မော့ကြည့်နေစဉ် ဂျူးလီယက်က စမ်းချောင်းထဲမှာ ကူးခတ်နေသော ရွှေငါးကလေးများကို ကြည့်နေ၏။

သူတို့နှစ်ယောက် အပြန်အလှန် ချစ်ကြပုံမှာ ဘယ်သူမှ မီနိုင်မယ် မထင်။ တစ်ယောက်ကိုတစ်ယောက် မျက်စိအောက်က အပျောက်မခံဆိုတာထက် ပိုသည်။ ကိုယ့်ချစ်သူကို သူများ ကြည့်တာတောင် မခံနိုင်။ မြို့ကြီးပြကြီးမှာဆိုလျှင် တစ်ယောက်မဟုတ် တစ်ယောက် ကြည့်တာတော့ ခံရမှာပဲ။ ထို့ကြောင့် ဘယ်သူမှ မကြည့်နိုင်အောင် လူသူမရှိသည့် တောတောင်ထဲမှာ လာနေခဲ့ကြခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်မှာ ရိုမီယိုက ဟင်းစားအရှာထွက်နေစဉ် လေပြင်းမုန်တိုင်း ကျလာသည်။ သူတို့၏ ဂေဟာဖြစ်သော ကျောက်ဂူရှိရာသို့ မပြန်နိုင်။ နောက်တစ်နေ့ မနက်ကျမှ မုန်တိုင်းစဲသွားသဖြင့် ဂျူးလီယက်နှင့် ပြန်ဆုံကြသည်။ သူတို့နှစ်ယောက်မှာ တစ်ညတာ ခွဲခွာခဲ့ရတဲ့အတွက် ခုနစ်ရက်တိုင်တိုင် လွမ်းဆွေးကြရလေသည်။

ဂျူလီယက်သည် စမ်းချောင်းထဲက ရွှေငါးကလေးများကို လိုက်ဖမ်းရင်း ဆော့ကစားနေသည်။ ငါးကလေးတွေက အလွန်လျင်သဖြင့် ဖမ်းရခက်သည်။ တစ်ခါတစ်ရံ လက်ခုပ်ထဲ ရောက်ပြီးမှ ဆယ်လိုက်လျှင် လျှောခနဲ လွတ်ထွက်သွားတတ်သည်။ ဒါကိုကြည့်ပြီး ဂျူးလီယက် ပျော်နေသည်။ သူ၏ ရယ်သံလွင်လွင်သည် စမ်းရေစီးသံနှင့် အပြိုင် ကျောက်တောင်နံရံကို ရိုက်ခတ်နေ၏။

ရိုမီယိုသည် သူ၏လေ ကို ကြိုး အသစ် လဲတပ်နေသည်။ ဒီလေးကြိုးသည် သူ၏ လက်စွဲတော်ဖြစ်သလို သူနှင့် ဂျူးလီယက်တို့၏ အောင်သွယ်တော်ကြီး လည်း ဖြစ်၏။ ဒီလေးကြိုး၏အစွမ်းကြောင့်ပင် မြားပစ်ပြိုင်ပွဲတွင် အဓိကပြိုင်ဘက်ဖြစ်သော နီရိုးဘုရင်ကို အနိုင်ယူနိုင်ခဲ့ခြင်း ဖြစ်၏။

ထိုစဉ်က ရိုမီယိုမှာ ဖိတ်စာမပါသဖြင့် ပြိုင်ပွဲဝင်ခွင့်မရှိဟု နီရိုးဘုရင်က ကန့်ကွက်ခဲ့သေးသည်။ ဖိတ်စာ လို မလို ငြင်းကြခုံကြရသေးသည်။ နောက်ဆုံး ဒိုင်အဖွဲ့က ရိုမီယိုကို ဝင်ပြိုင်ခွင့်ပြုခဲ့သည်။

ပြိုင်ပွဲတွင် ရိုမီယို အနိုင်ရရှိသောအခါ နီရိုးဘုရင်က လုံးဝမကျေနပ်။

"ဒီမှာ ရိုမီယို၊ မင်း မှတ်ထားလိုက်စမ်း၊ နီရိုဆိုးတဲ့ကောင်ဟာ သူ



လိုချင်တာကို ရဖို့ ဘယ်တော့မှ လွယ်လွယ်နဲ့ လက်လျှော့တတ်တဲ့ လူမျိုး မဟုတ်ဘူးကွ"

ဟု ကြုံးဝါးသွားခဲ့သည်။

ရိုမီယိုသည် လေးကြိုး တပ်ပြီးသွားသည်။ ကြိုး အလျှော့အတင်း ကို စမ်းသည်။ ကြိုးကို လက်နှင့်ခတ်ကြည့်ရာ ထောင်ခနဲ မြည်သွား သည်။ သူ ကျေနပ်သွား၏။ ကျည်တောက်ထဲက မြားတံတစ်ချောင်းကို ယူသည်။ လေးပေါ် တင်ပြီး ခပ်လှမ်းလှမ်းရှိ ကျွန်းပင်ကြီးဆီ စမ်းသပ်ပစ်ခတ်လိုက်၏။ မြားတံသည် အလင်းရောင်တန်းတစ်ခုလို ဝင်းခနဲ လက်ခနဲ ပြေးထွက်သွားသည်။

ရုတ်တရက်ကြည့်လျှင် ပစ်မှတ်ကို လွဲချော်သွား သည်ဟု ထင်ရ၏။ အမှန်မှာ မြားတံသည် လုံးပတ် လက်တစ်ဖက်စာမျှ ရှိသော ကျွန်းပင်ကြီးကို ထုတ်ချင်းခတ် ဖောက်ထွက်သွားခြင်း သာ ဖြစ်၏။ မြန်လွန်းပြင်းထန်လွန်းလို့ မမြင်လိုက်ရခြင်းပါပဲ။

ထိုစဉ်မှာပင် ဂျူးလီယက်၏ အရေးတကြီး ခေါ်သံကို ကြားသဖြင့် လှည့်ကြည့်သည်။

"မောင်တော်...ဟိုမှာကြည့်ပါဦး၊ ရွှေသမင်လေး လှလိုက်တာ၊ ဂျူးဂျူး လိုချင်တယ်"

သမင်လေးတစ်ကောင်သည် တောစပ်တစ်နေရာမှ သူတို့ရှိရာကို မျက်လုံးလေး ကလယ်ကလယ် လုပ်ရင်း ကြည့်နေသည်။

ရိုမီယိုက လေးနှင့်မြားကို အသင့်ပြင်ပြီး ချိန်ရွယ်လိုက်၏။ ဂျူးလီယက်က အလန့်တကြား တားမြစ်သည်။

"မပစ်ပါနဲ့၊ အရှင်ဖမ်းပေးပါ မောင်တော်"



www.burmeseclassic.com

www.burmeseclassic.com



ရှိမိယို တစ်ချက် တွေသွားသည်။ သူသည် လေးအတတ်မှာ တစ်ဖက်ကမ်း ခတ်သူသာဖြစ်၏။ မြားပစ်ပြိုင်ပွဲမှာတုန်းက ရော်ဘင်ဟုတ်ကို၊ လေသည်ကျော်ကြီး ဝီလျံတဲတို့ကို နိုင်ယူခဲ့သူဖြစ်၏။ ဒီလိုလူမျိုးက သမင်ကို အရှင်လိုက်ဖမ်းပေးရမယ်ဆိုတော့...

"ဘာလဲ၊ ဖမ်းမပေးနိုင်ဘူးပေါ့... ဟုတ်လား၊ သိပါတယ်...သိပါတယ်၊ အခုတော့ အချစ်တွေ လျော့ကုန်ပြီ မဟုတ်လား၊ ဟိုအရင် မရခင်တုန်း က မောင်တော်ဆိုခဲ့တဲ့ သီချင်းကို မမှတ်မိတော့ဘူးပေါ့လေ"

ရှိမိယိုသည် ဂျူးလိယက်ကို ချစ်ရေးဆိုခဲ့စဉ်က ရဲတိုက်ရှေ့မှာသွားဆိုခဲ့သည့် သီချင်းကို သတိရလိုက်သည်။

"ဘာလိုချင်လဲ ချစ်တဲ့သူရေ...ကိုယ့်ကို ပြော...အပ်ကစပြီး ပန်းရထားကြီးထိ ကိုယ် ဖန်ဆင်း...မရဘူးဆိုတာ မရှိစေရဘူး...ပြောသာချလိုက်...ပြောသာချလိုက်...အို..."

မိန်းမတစ်ယောက်၏ သုံးလက်မလောက်သာ ရှည်သော လျှာသည် ခြောက်ပေမြင့်သော ယောကျ်ားကြီးတစ်ယောက်ကို လိုရာစေခိုင်းနိုင်သည် ဆိုသောစကားသည် အလွန်မှန်၏။ ရှိမိယိုသည် ခြေဆောင့်ပြီး ပူဆာနေသော ဂျူးလိယက်ကို တစ်ချက်ကြည့်ပြီး...

"ရ...ရမှာပေါ့"

ဟု ပြောလိုက်ရလေသည်။

ရှိမိယိုက ဂျူးလိယက်ကို ဂူထဲမှာ ဝင်နေဖို့ ဘယ်သူ လာလာ ဘာသံကြား ကြား ထွက်မလာဖို့ အထပ်ထပ် မှာပြီး သမင်နောက်ကို လိုက်သွားသည်။



သမင်ကလေးသည် ရှိမိယို လိုက်လာတာမြင်သောအခါ တောအုပ်အတွင်းသို့ လှစ်ခနဲ ဝင်ပြေးသည်။ မျက်ခြည်ပြတ်လောက်အောင် မပြေး။ လှမ်းမြင်သာရုံလောက်ကနေ ရပ်ကြည့်နေပြန်သည်။ ရှိမိယို လိုက်လာပြီဆိုမှ ဆက်ပြေးပြန်သည်။ ဒီလိုနဲ့ မျှားခေါ်သွားရာ တောနက်သထက် နက်လာသည်။ ခရီး အတော်ဝေးဝေးကို ရောက်လာသည်။

ထိုအချိန်တွင် ဂျူးလိယက်သည် ကျောက်ဂူထဲမှာ စောင့်မျှော်နေ၏။ သမင်လေးတစ်ကောင် လိုက်ဖမ်းတာ ဒီလောက်တောင် ကြာရသလား၊ ပြန်လာရင်တော့ စိတ်ကောက်ပစ်လိုက်ဦးမယ်ဟု တွေးနေသည်။

ထိုစဉ်မှာပင် အပြင်ဘက်က 'နှောင်...နှောင်' ဆိုသော မောင်းတီးသံ ကြားရ၏။ အသာ ချောင်းကြည့်လိုက်တော့ ဆီးသီး၊ ရှောက်သီးဝိုင်း၊ ဘွေးသီးတို့ကို တွန်းလှည်းကလေးဖြင့် လိုက်ရောင်းသော 'နှောင်နှောင်သည်'ကို တွေ့လိုက်ရ၏။

ဂျူးလိယက်သွားရည်ယိုလာသည်။ ဒီတောထဲကို ရောက်ပြီးမှ ခုလို ချဉ်ချဉ် ငန်ငန် စပ်စပ် အရသာမျိုး မစားရတာ ကြာပြီ။

အမှန်တော့ သူ နားလည်ဖို့ကောင်းသည်။ ဒီလိုတောထဲတောင်ထဲမှာ ဘယ်က နှောင်နှောင်သည် ရှိမလဲ။ တော်ရုံ ဆင်ခြင်စဉ်းစားတတ်သူ ဆိုလျှင်ပင် မသင်္ကာစရာကောင်းမှန်း တွေးသိနိုင်၏။ သို့ရာတွင် မိန်းမတို့ စိတ်က တစ်မျိုးပဲ။ သုံးလက်မလောက်ရှည်သော သူတို့၏ လျှာသည် ယောကျ်ားကြီးတစ်ယောက်ကို ချုပ်ကိုင်နိုင်သော်လည်း လက်တစ်ဆုပ်စာလောက် ရှိသည့် ဘွေးသီး စိမ်းစိမ်းကလေး၏ ဖြားယောင်းမှုကိုတော့ မတွန်းလှန်နိုင်။

www.burmeseclassic.com

www.burmeseclassic.com



"နောင်...နောင်...နောင်"

မောင်းသံက ထပ်မံဖိတ်ခေါ်ပြန်သည်။ သူသည် ဘာကိုမှ မစဉ်းစားတော့ဘဲ ဂူအပြင်ကို ထွက်လိုက်သည်။ နောင်နောင်သည် ရှိရာသို့ လျှောက်သွားသည်။ နောင်နောင်သည်မှာ သူ့ကို ပြုံးကြည့်ပြီး ကြိုဆိုနေ၏။ ဒီအသည် မြင်ဖူးသလိုလို ရှိပါတယ်၊ အရင်က သူနေထိုင်ခဲ့ရာ ရဲတိုက်ရှေ့ကို လာတတ်တဲ့ အသည်များလား။ တွန်းလှည်းနား ရောက်တော့...

"ငွေးချိုသီး တစ်လုံးဘယ်လောက်လဲ"

ဟု မေးလိုက်စဉ်တွင်...

"ဟား ဟား...ဟား...ဟား"

နောင်နောင်သည်က တဟားဟား ရယ်လိုက်သည်။ ထိုစဉ်မှာပင် ဝုန်းခနဲ မီးခိုးလုံးကြီး ပေါ်လာပြီး တွန်းလှည်းနေရာတွင် မြင်းရထားကြီး တစ်စင်း ဖြစ်သွားသည်။ နောင်နောင်သည်ကလည်း စောစောကလို ပိန်ပိန်သေးသေး မဟုတ်တော့ဘဲ အလွန်ထွားကျိုင်းသော လူကြီးတစ်ယောက်ဖြစ်သွား၏။ ဂျူးလိယက်သည် လန့်သွားပြီး လူထွားကြီးကို ကြည့်လိုက်သည်။

"ဟင်...နီရိုးဘုရင်"

ဟု ရေရွတ်ရင်း မေ့မျောသွား၏။ နီရိုးဘုရင်သည် ဂျူးလိယက်ကို ပွေ့ပြီး မြင်းရထားပေါ် တင်လိုက်သည်။ ထို့နောက် အရှိန်ပြင်းစွာ မောင်းထွက်သွားသည်။ သူ၏ ကျယ်လောင်သော ကြောက်မက်ဖွယ် ရယ်သံများသာ ပဲ့တင်ထပ်၍ ကျန်ရစ်ခဲ့လေသည်။

ရိုမီယိုသည် တောထဲသို့ အတော်ကြီး ကျွံဝင်ပြီးခါမှပင် မိမိ လှည့်



စားခံရပြီ ဖြစ်ကြောင်း သိလိုက်ရသည်။ ချက်ချင်း နောက်ကြောင်း ပြန်လှည့်သည်။ သို့ရာတွင် တောက နက်လွန်းသဖြင့် မျက်စိလည် လမ်းမှားနေပြီး ရက်အနည်းငယ် ကြာမှပင် ကျောက်ဂူရှိရာသို့ ပြန်ရောက်သည်။

ဂျူးလိယက်ကား မရှိတော့။ မြင်းရထား ဘီးရာများကို မြင်တော့ ဒါ နီရိုးဘုရင် လက်ချက်ပဲ ဆိုတာ ခန့်မှန်းမိသည်။ ထို့ကြောင့် နီရို ၏ မြို့တော်သို့ လိုက်လေသည်။

လမ်းမှာ သူ့မိတ်ဆွေများကို တွေ့ရသည်။ သူရဲကောင်းများ ဖြစ်ကြသော ခားတည်၊ ပေါ်သိုး၊ အာသိုး၊ ဟာကြူလီ၊ အာချီလီ၊ ဒေးဗစ် ၏ လောက်လွှဲတပ်ဖွဲ့တို့ ဖြစ်ကြ၏။

သူတို့အားလုံးက ရိုမီယိုဘက်က ဝင်ရောက်ကူညီဖို့ ကတိပြုကြသည်။ အားလုံး အသီးသီး တာဝန်ခွဲပြီး နီရို၏ ရောမမြို့တော်ကို ဝင်တိုက်ကြသည်။ သူတို့၏ တိုက်ခိုက်မှုကြောင့် ရောမမြို့တော်ကြီး မီး ဟုန်းဟုန်းတောက်လောင်နေသည်။

နီရိုးဘုရင်ကတော့ ထိတ်လန့်တုန်လှုပ်ခြင်း လုံးဝမဖြစ်သည့်ပြင် 'ငါ၏ ဘုန်းကံကြောင့် ရောမမြို့တော်ကြီးသည် ညအချိန်မှာပင် နေမွန်းတည့်ချိန်ကဲ့သို့ ထိန်ထိန်လင်းပေသည်' ဟု အမိပ္ပာယ်ရသော သီချင်းတစ်ပုဒ်ကို သီဆိုရင်း ဗျပ်စောင်းကို တီးနေလိုက်သေ သည်။

သူ့စိတ်ထဲတွင် ရိုမီယိုလို အချစ်ရူးကလေးတစ်ယောက်က သူ့ကို ယှဉ်နိုင်လိမ့်မည်ဟု မထင်။ သူ၏ ခိုင်ခံ့ထူထဲသော ရဲတိုက်ကြီး ကို ဖောက်ထွင်းပြီး သူ၏ မြို့စောင့်တပ်မှူး ဂိုလိုက်ယက်ကို ကျော်ဖြတ် လာနိုင်လိမ့်မည်ဟု မယုံကြည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ဟာကြူလီက ခံတပ်မြို့ရိုးကို ဖြိုဖျက်ပစ်လိုက်သည်။ ဂိုလိုက်ယက်သည်လည်း ဒေးဗစ်၏ လောက်လွှဲထိမှန်ပြီး ကျဆုံးသွားရ၏။ ရိုမီယိုပစ်လွှတ်လိုက်သော မြားတစ်စင်းသည်လည်း နီရိုးဘုရင်၏ လက်ဝဲဘက် ရင်အုံကိုဖောက်ထွင်းဝင်ရောက်ပြီး နှလုံးသားကိုထုတ်ချင်းခတ် ထိမှန်သွား၏။

ရိုမီယိုသည် ဂျူးလီယက်ကို ချုပ်နှောင်ထားရာအဆောင်သို့ အလျင်အမြန် ပြေးဝင်သွားသည်။ သို့ရာတွင် နောက်ကျလေပြီ။ ဂျူးလီယက်သည် နီရိုးဘုရင်လက်တွင်း သက်ဆင်းရတာထက်စာလျှင် သေရတာကမှ ကောင်းသေးသည်ဆိုပြီး အဆိပ်သောက်၍ မိမိကိုယ်မိမိ အဆုံးစီရင်သွားခဲ့လေပြီ။ ရိုမီယိုမှာ ဖြေမဆည်နိုင်အောင် ယူကျုံးမရဖြစ်ရ၏။

"မောင်တော့်အပေါ် တင်ရှိနေတဲ့ အချစ်ကြွေးတွေကို နောက်ဘဝကျမှ ပေးဆပ်ပါရစေတော့"

ဟု မြည်တမ်းရင်း သူ့ရင်ဝကို ဓားနှင့် ထိုးစိုက်ချလိုက်လေသည်။

အလက်ဇန်းဒါး ဒူးမား၏ နောက်ဆုံးထုတ်ဝေသော ဝတ္ထုစာအုပ်၏ ဇာတ်လမ်း ဖြစ်၏။

ထိုစာအုပ်ထွက်လာပြီးနောက် စာပေနယ်ထဲမှာ လှုပ်လှုပ်ခတ်ခတ်ဖြစ်သွား၏။ တချို့က အတွေးဆန်းသစ်ပုံကို သဘောကျကြသည်။ အရေးရဲသည်၊ လမ်းသစ်တီထွင်မှုတစ်ခုဖြစ်သည်ဟု ချီးကျူးကြသည်။ တချို့ကတော့ ဂန္ထဝင်ကို ဖျက်ဆီးဖို့ကြံစည်ခြင်းဖြစ်သည်ဟု စွပ်စွဲပြီး ဝေဖန်ကန့်ကွက်ကြသည်။



ဒူးမားကတော့ ဘယ်သူတွေ ဘာပြောပြော တွန့်ဆုတ်သွားခြင်းမရှိဘဲ သူ့ဟန်အတိုင်း ဆက်ရေးသည်။ မကြာခင်မှာပင် ရာဇဝင်နောက်ခံဝတ္ထုတစ်အုပ် ထပ်ထွက်လာသည်။ စာအုပ်အမည်ကတော့ 'လင်ကွန်းမင်းသားကြီး' ဟူ၍ဖြစ်လေ၏။

○

www.burmeseclassic.com

www.burmeseclassic.com

ခုတလော စာပေနယ်ထဲမှာ ပြောစရာလေးတွေ ဖြစ်ဖြစ်နေ၏။

စာပေဝေဖန်ရေးတွင် ကိုယ်သန်ရာ၊ ကိုယ်နှစ်သက်ရာ စံနှုန်းကို မူတည် အခြေခံပြီး ရေးလေ့ရှိကြသည်။ တချို့က အကြောင်းအရာပိုင်ကို ဦးစားပေးဝေဖန်သည်။ စာအုပ်ပါ အကြောင်းအရာ၊ ဝတ္ထု၏ ဦးတည်ချက်တို့သည် စာဖတ်သူကို အကျိုးဖြစ်ထွန်းစေခြင်း ရှိမရှိ၊ ဇာတ်ကောင်တို့၏ စရိုက်သည် သရုပ်မှန်ခြင်း ရှိမရှိ ဆန်းစစ်ကြသည်။

တချို့ကတော့ ဝတ္ထုကို တင်ပြပုံ ရသမြောက်မှု ရှိမရှိ၊ ဇာတ်ကောင်တို့၏ စရိုက်သဘာဝများကို ဖော်ပြပုံပီပြင်မှု ရှိမရှိ၊ အရေးအသား ညက်သော ပြေပြစ်မှု ရှိမရှိ၊ ဇာတ်လမ်း၏ ရည်ရွယ်ချက်ကို ထိရောက်အောင် ပို့ဆောင်နိုင်ခြင်း ရှိမရှိဆိုသော အနုပညာ၊ အတတ်ပညာနှင့် ဆိုင်သည့် အပိုင်းကို ဦးစားပေး ဝေဖန်ကြသည်။

တချို့ကတော့ အကြောင်းအရာပိုင်းရော၊ ပုံသဏ္ဌာန်အပိုင်းရော ခြုံ၍ ဆန်းစစ်တတ်ကြသည်။

စာပေဝေဖန်ရေးဆရာတွေထဲမှာ အများစုက အရှိအတိုင်း အမှန်အတိုင်း သုံးသပ်ကြသည်။ ကောင်းလျှင် ကောင်းသလို၊ ညံ့လျှင် ညံ့

www.burmeseclassic.com

www.burmeseclassic.com



သလို ထောက်ပြတတ်သည်။ မှုတသော ဝေဖန်ရေးစံကို ကိုင်စွဲကျင့်သုံးကြသည်။ တချို့ကတော့ သူ့လူဆို တစ်မျိုး ကိုယ့်လူဆို တစ်မျိုး ဘက်လိုက်မှုလေးတွေ ရှိသည်။ ဝေဖန်ရာမှာလည်း အဆိုးမြင်ရှုထောင့်ကနေ၍ တမင် အပြစ်ရှာချင်တာမျိုး၊ သာမန်ချွတ်ယွင်းချက်ကလေးကအစ မရမက ရှာထုတ်ပြီး ပုံကြီးချဲ့ချင်တာမျိုး၊ စာကိုသာမက ပုဂ္ဂိုလ်ရေး တိုက်ခိုက်မှုတွေပါ ပါလာတတ်သည်။ ဒီလိုကိစ္စမျိုးတွေကြောင့် စာပေဝေဖန်ရေးအပေါ် စာဖတ်ပရိသတ်က လေးစားမှုမရှိတော့ဘဲ အရိအသေ တန်လာမှာကို သမာသမတ် ဂိုဏ်းသားတွေက စိုးရိမ်နေကြသည်။

စာပေဝေဖန်ရေးမှာ ခေတ်အဆက်ဆက် ဦးတည်ရာ အကြောင်းအရာ အမျိုးမျိုး ပေါ်ခဲ့သည်။ စာပေမှာ ပုံသဏ္ဌာန်က အဓိကလား၊ အကြောင်းအရာက အဓိကလား၊ စာပေသည် ဘယ်သူ့အတွက်လဲ၊ ဘဝသရုပ်ဖော်စာပေ ဆိုတိုင်း သရုပ်မှန် ဖြစ်ရဲ့လား၊ သရုပ်မှန်တယ်ဆိုတာကကော ဘာလဲ၊ ဓာတ်ကောင်စရိုက် ပီပြင်တာကို ဆိုလိုတာလား၊ ရည်ရွယ်ချက် မှန်ကန်တာကို ပြောတာလား စသည်ဖြင့် ငြင်းကြခုံကြသည်။ တချို့ကလည်း ပွဲမဆူ ဆူအောင် တမင်အစရှာ ဆွဲထုတ်ပြီး တိုက်ပွဲခေါ်တာမျိုး ရှိသည်။

ခုနောက်ဆုံး ဖြစ်ပေါ်နေသော စာပေတိုက်ပွဲကတော့ ဂန္ထဝင်နှင့် မော်ဒန် ဖြစ်၏။ အစပိုင်းတုန်းကတော့ တို့ကနန်း ဆိတ်ကနန်းလောက်ပါပဲ။ နောက်တော့ စိတ်မထိန်းနိုင်ကြတော့ဘဲ 'ဂန္ထဝင်ကို ပြတိုက်ထဲပို့ရမယ်'၊ 'မော်ဒန်ကို မျိုးပြုတ်အောင် သုတ်သင်ပစ်ရမယ်' ဆိုတာမျိုး အထိ ပွဲကြမ်းလာ၏။ ကြားထဲက ဖျန်ဖြေပေးချင်သူတွေကလည်း



အထင်မှားခံရပြီး ကြားညပ်မှာစိုးသောကြောင့် လက်ရှောင်နေကြရသည်။

မော်ဒန်အပေါ် ကျိတ်ပြီး ကရုဏာသက်နေသူ လူကြီးတချို့ ရှိသည်။ သို့ရာတွင် သူတို့ပါ ရောပြီး သရုပ်ပျက်စာရင်း သွင်းခံရမှာ စိုးသဖြင့် အသာငြိမ်နေရတာမျိုးလည်း ရှိ၏။

တကယ်တော့ မော်ဒန်သမား အများစုမှာ လူငယ်များ ဖြစ်၏။ သူတို့သည် စာပေနယ်မှာ အရှိန်အဝါလည်း မရှိသေး၊ ဩဇာလည်း မညောင်းသေး။ ထို့ကြောင့် မော်ဒန်သမားတို့မှာ အပြောအဆိုခံ၊ အဝေဖန်ခံဘဝဖြင့် လိုမ့်ပိန့်နေရ၏။

ဒီလိုအချိန်မှာပင် ဂျိမ်းဂျွိုက်စ်၏ စာအုပ်တစ်အုပ် ထွက်လာသည်။ စာအုပ်နာမည်က 'ဆိုက်ကားတို့၏ ချာသံ'။

စာအုပ်ထဲမှာ မော်ဒန်နှင့် ပို့စ်မော်ဒန် သဘောတရားတွေ ရေးထားသည်။ အထူးသဖြင့် မော်ဒန်စာပေ၏ အရေးပါသော လက္ခဏာရပ်ဖြစ်သည့် ဒီကွန်စထရပ်ရှင်းအကြောင်း ရှင်းပြထားသည်။

ထိုစာအုပ်သည်လည်း စာပေနယ်မှာ ဂယက်ရိုက်ခဲ့ပြန်သည်။ မော်ဒန် ဆန့်ကျင်ရေးသမားတွေက ပြင်းပြင်းထန်ထန် ဝေဖန်ကြသည်။ မော်ဒန်သမားတွေထဲမှာလည်း ထိုစာအုပ်ပါ အချက်အလက်များနှင့် ပတ်သက်၍ သဘောတူသူတွေ ရှိသလို အယူအဆကွဲပြားသူတွေလည်း ရှိနေပြန်သည်။ ဂျိမ်းဂျွိုက်စ်ကတော့ သဘောထားကွဲလွဲခြင်းသည်ပင်လျှင် မော်ဒန်၏ ဝိသေသတစ်ခုဖြစ်သည်ဟု ဆိုလေ၏။

○

www.burmeseclassic.com

www.burmeseclassic.com

ယမကာဝိုင်းသည် တဖြည်းဖြည်း အရှိန်တက်နေသည်။ ဒါကလည်း ယမကာရဲ့ ထုံးစံပါပဲ။ အရက်တို့မည်သည် တစ်ခွက်သောက်လိုက်ရုံနဲ့ ဂိတ်ဆုံးရောက်တာမဟုတ်။ ပထမတစ်ခွက်မှာ ရှိန်းခနဲ ဖိန်းခနဲ ဖြစ်ပြီး သွေးပူလာမည်။ ဒုတိယတစ်ခွက်မှာ နားထင်ဆီက 'ဒိတ်ဒိတ်' ဆို အချက်ပေးပြီးနောက် ရီတီတီ စ ဖြစ်လာမည်။ တတိယတစ်ခွက်ကျတော့ နှုတ်သွက်လျှာသွက် ဖြစ်လာမည်။ စတုတ္ထခွက်ဆိုလျှင် အရှိန်ရပြီ။

မော်တော်ကား စထွက်ခါစမှာ ဂီယာချိန်းသည့် သဘောနှင့် တူသည်။ မော်တော်ကားက လိုအပ်လျှင် ဂီယာကြီး ပြောင်းပြီး အရှိန်လျှော့လို့ ရသည်။ ဘရိတ်ဖမ်းပြီး ရပ်လို့ရသည်။ ယမကာကတော့ အရှိန်နှင့် လိမ့်နေပြီဆိုလျှင် လျှော့ချင်တိုင်း လျှော့လို့မရ။

တစ်ခုတော့ရှိ၏။ ယမကာအရှိန်သည် အချိန်အတန်ကြာသောအခါ အလိုအလျောက် နည်းနည်းပြန်ကျသွားတတ်သည်။ ထိုအချိန်မှာ ရပ်ဖို့ သင့်တော်ပြီ။ ဒီလိုမှ မဟုတ်ဘဲ လျော့သွားတာကို ပြန်တင်ဦးမှပဲ ဆိုပြီး ထပ်ထပ်သောက်လျှင် ဂိတ်ဆုံးရုံမက ရွာရောက်သွားလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ဝိုင်းမှာ စတုတ္ထဂီယာ ချိန်းခါစအဆင့် ရောက်နေပြီ။ နည်းနည်းလည်း မှန်စပြုနေပြီ။ အစပိုင်းမှာတော့ တစ်ယောက် အခြေအနေတစ်ယောက် မေးကြမြန်းကြသည်။ ထိုမှတစ်ဆင့် စာပေအနုပညာနယ်ထဲက သတင်းတွေအကြောင်း ဖလှယ်ဖြစ်ကြသည်။

"ချက်ကော့ ဘာဖြစ်လို့ လိုက်မလာတာလဲ"

ဟု ဂျွန်စတိန်းဘက်က မေးသည်။ တော်စတွိုင်းက...

"ဒီကောင် လိုက်ချင်တာမှ တစ်ပိုင်းသေနေတာပဲ၊ ဒါပေမဲ့ သူက ခြေချုပ်မိနေတယ်ကွ"

"သူ့မိန်းမက ပါမစ်မပေးလို့ မဟုတ်လား"

ဟု အကြောင်းသိဖြစ်သော ဂျက်လန်ဒန်က ဝင်ပြောသည်။

"ဒီလိုပြောလဲ ရတာပဲ၊ အခု သူ့မိန်းမက မှန့်ဟင်းခါးဆိုင် ထွက်နေတယ်လေ၊ ဒါကြောင့် ချက်ကြီးလဲ ကြက်သွန်နွာ၊ ငရုတ်သီး ထောင်း၊ ငှက်ပျောအူ လှီးနဲ့ ဝင်ကူနေရတာပေါ့"

"ချက်ကော့မိန်းမက တော်သားပဲကွ၊ အပေါက်ဆိုးပေမယ့် တစ်ဖက်တစ်လမ်းကတော့ အိမ်ထောင့်တာဝန်ကို ဝင်ထမ်းရှာသားပဲ"

"ဒါနဲ့ တော်တော်...မင်း ဆိုညာနဲ့ ကလေးတွေကို ရှာကနေ ဘယ်တော့ပြန်ခေါ်မှာလဲ"

ဂျက်လန်ဒန်က မေးသည်။ တော်စတွိုင်းက...

"ငါလဲ ပြန်ခေါ်ချင်လှပြီ၊ ငွေရေးကြေးရေးက အဆင်မပြေသေးလို့"

"မင်း ရေးနေတဲ့ လုံးချင်းဝတ္ထု အခြေအနေကကော"

"စာအုပ်က ရေးပြီးနေပြီ၊ ထုတ်ပေးမယ့်လူ ရှာမတွေ့သေးလို့၊ ထုတ်



ဝေသူ နှစ်ယောက် သုံးယောက်တော့ ပြကြည့်ပြီးပြီ၊ သူတို့က ဝတ္ထုက နည်းနည်းလေးတယ်ဆိုပြီး အင်တင်တင် လုပ်နေကြတယ်"

"ဝတ္ထုက ဘာဖြစ်လို့ လေးတာလဲကွ၊ ကျောက်သင်ပုန်းပေါ်မှာရေးထားလို့လား၊ ပေါ့ချင်ရင် ဘားပြာစက္ကူနဲ့ ရေးပေါ့ကွ"

ဟု မိုပါဆွန်းက ဝင်နောက်သည်။ တော်စတွိုင်းက...

"ငါလဲ ဒီစာအုပ်လေးထုတ်ဖို့ အဆင်ပြေမှ ငွေလေး ဘာလေး ရမှာ၊ ဒီတော့မှ ဆိုညာတို့ သားအမိကို ပြန်ခေါ်နိုင်မှာကွ"

"မင်းအဖြစ်ကလဲ မလွယ်ပါလား၊ ဒါပေမဲ့ ဒူးမားလောက်တော့ မဆိုးသေးပါဘူး"

"ဒူးမားက ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲကွ၊ အရက် မသောက်တော့ပါဘူး၊ ပြတ်ပါပြီဆိုပြီး ကတိတွေ အထပ်ထပ်ပေးပြီးမှ ခိုးသောက်တာ မိသွားလို့ သူ့မိန်းမက ပုလင်းနဲ့ ဆော်လိုက်တာ ထိပ်ကွဲသွားတယ်လေ၊ ပြီးတော့ အိမ်ပေါ်က ပါ နှင်ချလို့ အခု ခရိုနင်ဆီ ရောက်နေတယ်၊ ဆေးလဲကု၊ ကျွေးလဲ ကျွေးနေရတာပေါ့"

"ဒူးမားက တော်တော် မိန်းမကြောက်ရတာပဲ"

"ကြောက်ရုံမကဘူး၊ မိန်းမကို ချစ်လိုက်တာလဲ သည်းသည်းလှုပ်ပဲ၊ ညညဆို သူ့မိန်းမကို သတိရလို့ဆိုပြီး ငိုလား ငိုရဲ့၊ သူငယ်ချင်း စာရေးဆရာတွေဆီ ဖုန်းဆက်ပြီး သူ့မိန်းမ စိတ်ပြေအောင် ပြောပေးပါလို့ တောင်းပန်လား တောင်းပန်ရဲ့"

"ဒီလောက် အဖြစ်သည်းရအောင် သူ့မိန်းမက ဘယ်လောက် လှနေလို့လဲကွ၊ ခါတ်တိုင်ကို ထဘီပတ်ထားတဲ့ ပုံမျိုးကြီးပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုမပြောနဲ့လေကွာ၊ ဓာတ်တိုင်မှာလဲ…အဲ…ဓာတ်တိုင်မှာလဲ အသည်းနဲ့ပါကွ"

မိုပါဆွန်းက တဟားဟားရယ်သည်။ သူ့အသံအကျယ်ကြီးကြောင့် ဘေးက ဝိုင်းတွေတောင် လန့်ပြီး ဝိုင်းကြည့်ကြသည်။

"ငဆွန်း၊ မင်းအသံပြဲကြီးနဲ့ကွာ"

ဟု ဂျက်လန်ဒန်က ဟန့်လိုက်၏။

တကယ်တော့ ဒီနေ့ ယမကာဝိုင်းကို ဒကာခံသူမှာ မိုပါဆွန်း ဖြစ်၏။ သူက လူတန်းစားပေါင်းစုံနှင့် ပေါင်းနေသူဖြစ်၏။ ထို့ကြောင့် သူ့ကို လေးစားသော သဘော်သားတစ်ယောက်က ဝီစကီတစ်လုံး လက်ဆောင်ပေးခဲ့သည်။ မိုပါဆွန်း ချစ်စရာကောင်းတာက ခုလိုအခွင့် အရေးရသည့်အခါ သူငယ်ချင်းတွေကို သတိရတတ်ခြင်းပင် ဖြစ်၏။

သို့ရာတွင် ပြဿနာတစ်ခုရှိသည်။ သူက သောက်လုံးကြီးသည့် အပြင် သူငယ်ချင်းတွေကိုပါ တိုက်ရမှာဆိုတော့ တစ်လုံးနဲ့ လောက်မှာမဟုတ်။ ဝီစကီတစ်ပုလင်း ကုန်ပြီးလျှင် နောက်ထပ် ဝီစကီ ထပ် မဝယ်နိုင်။ ဘီအီးပဲ ဆက်ကိုင်ရမည်။ ဝီစကီနဲ့ ဘီအီး တွဲ ရတာက တော့ သိပ်ဟန်မကျ။

ထို့ကြောင့် ဝီစကီ ပုလင်းကို စတိုးဆိုင် တစ်ဆိုင်မှာ ပြန်ရောင်း လိုက်သည်။ ရတဲ့ငွေက သူငယ်ချင်းတွေကို ဘီအီး အဝတိုက်ရုံသာမက သူ့အတွက် သုံးဖို့ စွဲဖို့တောင် ပိုလာနိုင်သေးသည်။

စာရေးဆရာတို့၏ အရက်ဝိုင်းသည် စီးပွားရေးသမားတွေ လုပ်ငန်း ရှင်တွေရဲ့ အရက်ဝိုင်းနှင့်မတူ။ စီးပွားရေးသမားတွေက အလုပ်သဘော



ပါသည်။ ဒကာခံသူကို တခြားလူတွေက ဦးစားပေးရသည်။ သူ့ကို ဆန့်ကျင်တာမျိုး မလုပ်ကြ။

စာရေးဆရာဝိုင်းမှာက ဒီလိုမဟုတ်။ အရက်တိုက်တဲ့လူရယ်လို့ အလျှော့ပေးဆက်ဆံတာမျိုး မရှိ။ စိတ်မထင်လျှင် ထဆဲချင် ဆဲမည်။ စာပေအယူအဆနှင့်ပတ်သက်ပြီး ကျန်တဲ့လူတွေက ဒကာခံသူကိုပြင်ပြင်းထန်ထန် ဝိုင်းဝေဖန်ချင် ဝေဖန်မည်။ ဒီအတွက် အပြောခံရသူက 'ငါ တိုက်တဲ့အရက်လဲ သောက်သေး၊ ငါ့ကိုလဲ ဝိုင်းနှိပ်ကွပ်ကြသေး' ဟု သဘောမထား။

သူတို့၏ စကားဝိုင်းသည် ဒုတိယမြောက် ဘီအီးပုလင်းနှင့်အတူ အရှိန်တက်လာသည်။ သူတို့ လေးယောက်စလုံးမှာ ဘဝသရုပ်ဖော် စာပေရေးသူတွေချည်း ဖြစ်၏။ ကျန်တဲ့လူတွေက ရိုးရိုးတည်တည် ရေးကြသူများ ဖြစ်ပြီး မိုပါဆွန်းကတော့ အထေ့ကလေ့တွေ၊ အငေါ် ကလေးတွေနှင့် ရှင်နေအောင် ရေးတတ်သူဖြစ်၏။ အပြင်မှာလည်း သူက သရော်တော်တော်ပြောတာ ဝါသနာလို ဖြစ်နေ၏။

ဒီနေ့မှာတော့ ဂျွန်စတိန်းဘက်နှင့် ဂျက်လန်ဒန်တို့က စကားဝိုင်း ကို ဦးဆောင်နေသည်။ စတိန်းဘက်က…

"ဘဝသရုပ်ဖော်ရေးတယ်ဆိုတဲ့နေရာမှာ လူတွေဘာလုပ်နေကြ သလဲ ဆိုတာ ရေးပြရုံနဲ့ မပြီးသေးဘူးကွ၊ သူတို့စိတ်ထဲမှာ ဘာတွေရှိ နေသလဲ ဆိုတာကိုပါ ဖော်ထုတ်တင်ပြနိုင်မှ ပီပြင်တာကွ"

ဂျွန်စတိန်းဘက်သည် အခြေခံလူတန်းစားတို့အကြောင်း ရေးရာ မှာ အတွင်းစိတ်ခံစားမှုတွေကိုပါ သရုပ်ပေါ်အောင် ရေးနိုင်သူဖြစ်၏။ သူက ဘဝတွေကို အရင်းအတိုင်း ဖော်ပြသည်။ စာရေးဆရာအနေဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဝတ္ထုထဲ ဝင်ပြီး စွက်ဖက်ခြင်း၊ လမ်းညွှန်ခြင်းတွေ ပြုလုပ်လေ့မရှိ။ စာဖတ်ပရိသတ်က ကြိုက်နှစ်သက်သလို ခံစားလိမ့်မည်ဟု လမ်းဖွင့်ပေးထားသည်။ ဒါကို ဂျက်လန်ဒန်က သဘောမတူ။

“ဒီလောက်နဲ့ တာဝန်ကျေပြီလို့ မပြောနိုင်ဘူး၊ အခြေခံလူတန်းစားတွေ ရင်ဆိုင်ကြုံတွေ့နေရတဲ့ လူမှုပြဿနာတွေကို ဖြေရှင်းပေးနိုင်မယ့် နည်းလမ်းကိုပါ ညွှန်ပြပေးနိုင်ရမယ်၊ ဒါမှမဟုတ်ရင်တော့ မေးခွန်းတွေချည်းပဲ ရှိပြီး အဖြေမရှိသလို ဖြစ်နေလိမ့်မယ်”

ဟု ဂျက်လန်ဒန်က ဝေဖန်သည်။ စတိန်းဘက်က…

“လူ့ဘဝဆိုတာ သိပ္ပံပညာလို တိကျတာမဟုတ်ဘူးကွ၊ မေးခွန်းတစ်ခုအတွက် အဖြေတွေက အများကြီး ဖြစ်နိုင်တယ်၊ စာဖတ်ပရိသတ်မှာလဲ သူတို့ကိုယ်ပိုင် အတွေးအမြင်တွေ ရှိနိုင်တာပဲ၊ တစ်ခါတလေကျတော့ မေးခွန်းထဲမှာပဲ အဖြေက ပါပြီးသား ဖြစ်နိုင်တာပဲ”

“ကောင်းတယ်ကွာ၊ တော်တော်ကောင်းတယ်”

ဟု မိုပါဆွန်းက ရေရွတ်လိုက်သည်။

“ဘာကောင်းတာလဲ ဟေ့ကောင်”

စတိန်းဘက်က မေးတော့…

“ဟောဒီ တညင်းသီးပြုတ်လေကွာ၊ စေးနေတာပဲ၊ ဆိမ့်ဆိမ့်လေးနဲ့ ချိုတာကွ”

“မနောက်နဲ့ကွာ၊ ဒီမှာ စကားကောင်းပြောနေတာကွ”

ဟု ဂျက်လန်ဒန်က ငေါက်သည်။ မိုပါဆွန်းက အသံပြဲကြီးနှင့် တဟားဟားရယ်ပြန်သည်။ ခွက်ထဲက လက်ကျန်အရက်ကို မော့သည်။ ထို့နောက်…



“လူ့ဘဝဆိုတာ မေးခွန်းတွေကို ဆက်တိုက်ဖြေနေရတာပဲကွ၊ တစ်ခါတလေကျတော့လဲ ထူးထူးဆန်းဆန်းတွေ ဖြစ်ချင် ဖြစ်တာပဲ၊ အဖြေပဲ ရှိပြီး မေးခွန်းကျတော့ ရှာမရတဲ့ ပုစ္ဆာမျိုး ကြုံရင် ကြုံရတတ်တယ်”

မိုပါဆွန်းက ဒီလိုပဲ။ အရွန်းအပြက်တွေ လျှောက်ပြောနေရင်က လေးနက်သော စကားလုံးတွေ ထွက်ထွက်လာတတ်၏။

ဂျက်လန်ဒန်သည် ခဏ တွေနေပြီးမှ မိုပါဆွန်း၏ ပခုံးကို ပုတ်လိုက်ပြီး…

“ဒီလိုကျပြန်တော့လဲ ဆွန်းက တော်သွားပြန်ရော”

ဟု ချီးကျူးလိုက်သည်။

“မင်း သူငယ်ချင်းပဲကွ၊ ဒီလောက်တော့ ရှိမှာပေါ့”

မိုပါဆွန်းက စပ်ဖြဲဖြဲလုပ်ရင်း ပြန်ပြောသည်။ ၎င်းနှင့်စတိန်းဘက်က

“ကဲ… ဒါဆိုလဲ ဆွန်းကို ဂုဏ်ပြုတဲ့အနေနဲ့ တစ်ခွက်စီ သောက်ရအောင်”

ဟုပြောပြီး ဖန်ခွက်တွေထဲ အရက်ငှဲ့ပေးသည်။ ထို့နောက် ဖန်ခွက်ချင်း တိုက်၊ ချီးယားစ်လုပ်ပြီး မော့ချလိုက်ကြ၏။

သူတို့သည် သဘောထားချင်း မတိုက်ဆိုင်တဲ့အခါ အချေအတင် ငြင်းခုံကြသည့်တိုင် တစ်ယောက်၏ စာပေအယူအဆကို တစ်ယောက်က လေးစားမှုတော့ ရှိကြ၏။ တစ်ယောက်ကို တစ်ယောက် ချစ်ကြခင်ကြတာကလည်း ညီအစ်ကိုအရင်းထက်တောင် ပိုချင်သေးသည်။ ထိုအချက်မှာ သူတို့ စာရေးဆရာများ၏ ချစ်စရာကောင်းသော စရိုက်တစ်ခု ဖြစ်၏။

ငြိမ်းငြိမ်းချမ်းချမ်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



တော်စတွိုင်းသည် နဂိုကပင် စကားနည်းသူဖြစ်သောကြောင့် ဒီနေ့ဝိုင်းမှာလည်း စကားသိပ်မပြော။ စိတ်ထဲကတော့ သူ့သူငယ်ချင်းများ၏ စာပေအယူအဆများသည် ကိုယ့်ရှုထောင့်နှင့်ကိုယ် မှန်ကြသည်ချည်း ဖြစ်သည်ဟု တွေးနေမိလေ၏။

○

အနုပညာလောက တစ်ခုလုံးက စိတ်ဝင်စားကြသောပွဲဖြစ်၏။ အနုပညာနှင့်သက်ဆိုင်သော အခမ်းအနားများတွင် အစည်ကားဆုံးပွဲလည်း ဖြစ်၏။ ရုပ်ရှင်ထူးချွန် အကယ်ဒမီဆုပေးပွဲကြီးပင် ဖြစ်လေသည်။

ဒီနှစ် ဇာတ်ကား အထွက်များသည်။ သရုပ်ဆောင်တွေကလည်း အစွမ်းကုန် ကြိုးစားခဲ့ကြသဖြင့် အပြိုင်အဆိုင်တွေ ဖြစ်နေသည်။ ထို့ကြောင့် ဒီနှစ် အကယ်ဒမီ ဘယ်သူတွေရမလဲဆိုတာ ခန့်မှန်းရအတော်ခက်နေ၏။ ဒါကြောင့်လည်း ဒီနှစ်ပွဲကို လူတွေ ပိုစိတ်ဝင်စားကြခြင်း ဖြစ်၏။

ဆုပေးပွဲကျင်းပမည့် ခန်းမကြီးထဲမှာ ညေ့်ပရိသတ်တွေ ပြည့်လျှံနေသည်။ ခါတိုင်းနှစ်တွေထက် လူပိုများသည်ဟု ဆိုရမည်။

ခန်းမအဝင်ဝတွင် စာနယ်ဇင်းသမားတွေ စောင့်ဆိုင်းနေကြသည်။ နာမည်ကြီး မင်းသား မင်းသမီး တစ်ယောက် ရောက်လာတိုင်း ဓာတ်ပုံတွေ တဖျတ်ဖျတ်ရိုက်ကြသည်။ မေးခွန်းတွေ ဝိုင်းအုံမေးကြသည်။ မေးခွန်းတွေကတော့ ဟိုအရင်နှစ်တွေကအတိုင်းပါပဲ။

"ဒီနှစ် ဘယ်သူတွေ ရမယ်ထင်သလဲဟင်"

www.burmeseclassic.com

www.burmeseclassic.com



"အခုဝတ်လာတာ အကယ်ဒမီဝတ်စုံလား"

"ဒီနေ့ ပိုလှနေတယ်ထင်တယ်၊ စင်ပေါ်တက်ရမှာမို့ အထူး ပြင်ဆင်လာတာလား"

"ရင်ခုန်စရာလေးတွေ ရှိမယ်ထင်တယ်နော်"

မင်းသား မင်းသမီးတွေကလည်း ထုံးစံအတိုင်း

"ကျွန်တော်က သူများတွေအတွက် လက်ခုပ်တီးပေးဖို့ လာတာပါ"

"ဒီဝတ်စုံလား၊ ဘာသဘောမှ မဟုတ်ပါဘူး၊ တစ်နှစ်မှ တစ်ခါကျင်းပတဲ့ပွဲမို့ သပ်သပ်ရပ်ရပ်ကလေး ဖြစ်အောင် ဝတ်လာတာပါ"

"ကြိုးတော့ ကြိုးစားထားတာပဲလေ၊ ရတာ မရတာကတော့ ကံတရားပေါ့၊ ဘယ်သူပဲ ရရ ဝမ်းသာရမှာပါပဲ"

"သူများတွေကတော့ ပြောနေကြတာပဲလေ၊ ကိုယ့်ကိုယ်ကိုတော့ သိပ် ထင်မထားပါဘူး"

"ကြေညာတော့မှပဲ တိတိကျကျ သိရမှာပဲ၊ မျှော်လင့်မထားတာက အကောင်းဆုံး ဖြစ်မယ်ထင်တယ်"

ဘာပဲပြောပြော ရနိုင်ခြေရှိသူတွေ အားလုံးကတော့ ကိုယ့်မျှော်လင့်ချက်ကလေးနဲ့ ကိုယ် ရင်ခုန်နေကြတာပါပဲ။

ဒီနှစ်အဖို့ လူစိတ်အဝင်စားဆုံးကတော့ မင်းသမီးဆုပင် ဖြစ်၏။ ဆန်ခါတင်အဖြစ် တစ်ပေးခံနေရသူတွေကတော့ မက်ဒေါ်နားနှင့် ရှယ်ရွန်စတုန်းတို့ ဖြစ်ကြ၏။

သူတို့နှစ်ယောက်ကို အရင်က ညို့မင်းသမီးများအဖြစ်သာ သတ်မှတ်ခဲ့ကြသည်။ သူတို့မှာ မျက်နှာနှင့် ကိုယ်လုံးအလှကို အသားပေးသော ဇာတ်ကားများကိုသာ ရိုက်ခဲ့ကြရသည်။ ပီပြင်သောဇာတ်ကောင်



စရိုက်ကို သရုပ်ဖော်ရသော ဇာတ်လမ်းမျိုး ရိုက်ခွင့်မကြုံခဲ့။ ဒီနှစ်ကျမှသာ အနုပညာစွမ်း ပြခွင့်ရခဲ့ကြခြင်း ဖြစ်၏။ အခွင့်အရေးရခိုက် အစွမ်းကုန် ကြိုးစားခဲ့ကြသဖြင့် နှစ်ယောက်စလုံး အကယ်ဒမီ ဆန်ခါတင် စာရင်း ဝင်ခဲ့ကြခြင်း ဖြစ်၏။

အခမ်းအနားသို့ တက်ရောက်လာသော မင်းသမီးတို့၏ ဝတ်စားဆင်ယင်ပုံကိုကြည့်၍ အကယ်ဒမီ ချိန်ထားခြင်း ရှိမရှိ ခန့်မှန်းနိုင်သည်။

ပထမအချက်ကတော့ သဇင်ပန်းတွေ ဝေနေအောင် ပန်လာခြင်း ဖြစ်၏။ ထိုကိစ္စမှာ ဘယ်သူက စတွင်မှန်း မသိရသော်လည်း မင်းသမီးတိုင်းလိုလို လိုက်နာကျင့်သုံးကြတာ တွေ့ရသည်။

ဒုတိယအချက်က အဝတ်အစားကို သပ်သပ်ရပ်ရပ် လုံလုံခြုံခြုံ ဝတ်လာတတ်ခြင်းပင်ဖြစ်၏။ တကယ်လို့များ စင်ပေါ် တက်ရမယ်ဆိုလျှင် ဣန္ဒြေရရဖြစ်ဖို့ လိုတယ်မဟုတ်လား။

တတိယအချက်ကတော့ အဝတ်အစား၏ အရောင်ပင်ဖြစ်၏။ များသောအားဖြင့် အကယ်ဒမီချိန်သူတို့သည် အနက်၊ အညို၊ အနီ စသော အရောင်ရင့်ရင့်များ ဝတ်လေ့မရှိ။ သိပ်နုလွန်းသော အရောင်များလည်း ဝတ်လေ့မရှိ။ အဖြူဆွတ်ဆွတ် သို့မဟုတ် အရောင်လွင်လွင်ကလေးများဖြစ်သော ကြည်ပြာရောင်၊ အဝါရောင်တို့ကိုဝတ်လေ့ရှိသည်။ အထူးသဖြင့် အကယ်ဒမီရောင်ဟု ဆိုနိုင်သော ရွှေဝါရောင်ကို ဝတ်ကြတာများသည်။

ဒီနေ့လည်း မက်ဒေါ်နားသည် ရွှေဝါရောင်ဝတ်စုံကိုဝတ်ပြီး သဇင်ပန်းတွေ ဝေအောင် ပန်လာသည်။ ခါတိုင်းတုန်းက အဝတ်အစား ဆန်းဆန်းပြားပြားတွေ ဝတ်လေ့ရှိသော မက်ဒေါ်နားကို ရိုးရိုးယဉ်ယဉ်



www.burmeseclassic.com

www.burmeseclassic.com



ကလေး ဝတ်လာတာမြင်ရတော့ ပိုလို့တောင် လှနေသေးတယ် ထင်ရ၏။

ရှယ်ရှွန်စတုန်းကတော့ တစ်မျိုး။ သဇင်ပန်းကို ခေါင်းမှာပန်မလာဘဲ ရင်ဘတ်မှာ ထိုးလာသည်။ ဝတ်စုံကလည်း နုံ့သာရောင်ဖြစ်၏။ တကယ်လို့ အကယ်ဒမီမရခဲ့လျှင် မျက်နှာအပူသက်သာအောင်လို့လားတော့မသိ။

*

ရုပ်ရှင်လောကတွင် စွန့်ဦးတီထွင်သူ ရှားပါးနေသည်။ ပရိသတ်ကြိုက်တတ်သည့်ဇာတ်ကားမျိုး၊ ဝင်ငွေကောင်းတတ်သည့် ဇာတ်ကားမျိုးကိုသာ ဖော်မြူလာတစ်ခုလို ရိုက်နေကြသည်။

ပြီးခဲ့သောနှစ်များတုန်းက အချစ်၊ ဟာသနှင့် သီပွဲနောက်ခံ လျှို့ဝှက်သည်းဖို ဇာတ်လမ်းများ ခေတ်စားသည်။ အားလုံးက ဒါမျိုးတွေချည်းဝိုင်းအုံရိုက်နေကြတာ ကြာတော့ ပရိသတ်က ငြီးငွေ့ချင်လာသည်။ ထိုစဉ်မှာပင် ဇာတ်ကားတစ်ကားက ထိုးဖောက်ထွက်လာသည်။ လူသန်ကြီး အာနိုးပါဝင်သော 'ပန်းပဲမောင်တင့်တယ်' ဇာတ်ကားပင်ဖြစ်၏။

ခေတ်လွန်ကားတွေ ကြည့်ရတာ ရိုးအီနေသော ပရိသတ်နှင့် ဟပ်မိသွားသည်။ ထိုဇာတ်ကားသည် အလွန်အောင်မြင်ပြီး ဆယ်နှစ်အတွင်း ဝင်ငွေအများဆုံး စံချိန်တင်သွား၏။

တစ်ယောက်ယောက်က တစ်ခုခု စမ်းသပ်လိုက်လို့ အောင်မြင်လျှင်



လိုက်လုပ်တတ်ကြသော ရုပ်ရှင်လောကသားတို့ ထုံးစံအတိုင်း အလားတူ ဇာတ်ကားတွေ ရိုက်ဖို့ စိုင်းပြင်းကြဟေ့သည်။

ကုမ္ပဏီတစ်ခုက ဗျတ်ဝိဗျတ္တကို ရိုက်ဖို့ စီစဉ်သည်။ စတော်လုံ့နှင့် မဲလ်ဂစ်ဘဆင်တို့ကို ငှားသည်။ မအိုဇာနေရာမှာတော့ ရှယ်ရှွန်စတုံးဖြစ်၏။ ဒရာမာဘက် နွှယ်ပြီး ရိုက်မည်ဟု ဆို၏။

တခြားကုမ္ပဏီတစ်ခုကလည်း အားကျမခံဘဲ ရွှေဖျဉ်းညီနောင်ကို ရိုက်မည်ဟု ကြေညာသည်။ ခုန်ပျံကျော်လွှား စွန့်စားခန်းများကို အသားပေးမည်။ ရွှေဖျဉ်းညီနောင်အဖြစ် ဗန်ဒမ်းနှင့် စတီဗင်ဆေးဂဲလ်၊ မရွှေဥအဖြစ် မက်ဒေါနားတို့ ပါဝင်မည်။

ထိုဇာတ်ကားများတွင် ပီပြင်အောင် သရုပ်ဆောင်နိုင်သောကြောင့် ရှယ်ရှွန်စတုံးနှင့် မက်ဒေါနားတို့ အကယ်ဒမီ တစ်ပေးခံရခြင်းဖြစ်၏။

*

ဆုရသူများကို ကြေညာသည်။ ဒါရိုက်တာဆုကို တဲရင့်မာလစ်က ရရှိသည်။ အမျိုးသားဇာတ်ပို့ဆုကို ရှောင်ကွန်နရီ၊ အမျိုးသမီးဇာတ်ပို့ဆုကို မင်းသမီးကြီး ဂျနီဖာဂျုံးက ရရှိသွားကြသည်။

ထုံးစံအတိုင်းဆိုလျှင် အမျိုးသား ဇာတ်ဆောင် (မင်းသား) ဆုကို နောက်ဆုံးမှ ကြေညာလေ့ရှိ၏။ ဒီတစ်ခါတော့ မင်းသမီးဆုကို လူတွေ ပိုစိတ်ဝင်စားနေကြသောကြောင့် ပွဲအရှိန်ကို ထိန်းသည့်အနေဖြင့် မင်းသားဆုကို အရင်ကြေညာသည်။

အာနိုး ရရှိသွားလေသည်။ သူသည် အက်ရှင်ဇာတ်ကြမ်းတွေချည်း



www.burmeseclassic.com

www.burmeseclassic.com



ရိုက်ခဲ့ရသဖြင့် အကယ်ဒမီနှင့် အလုမ်းဝေးနေခဲ့ရပြီး ဒီနှစ်မှ ရလိုက်သဖြင့် သူ့ကိုချစ်သော ပရိသတ်များ ဝမ်းသာအားရဖြစ်ကြရသည်။

"အခုဆက်လက်ပြီး အမျိုးသမီးဇာတ်ဆောင် မင်းသမီးဆုကို ကြေညာပါ့မယ်"

ဆုကြေညာပေးမည့် ကက်သီဘိတ် စင်မြင့်ပေါ် တက်လာသည်။ ပရိသတ်ကြီးမှာ လုံးဝတိတ်ဆိတ်ငြိမ်သက်သွား၏။ ကာယကံရှင်တွေတော့ ဘယ်လိုနေမလဲ မသိ။ ဒါရိုက်တာနှင့် ဇာတ်ညွှန်းဆရာများ၊ ရုပ်မြင်သံကြားဆရာများမှာ ရှယ်ရွှန်စတုံးနှင့် မက်ဒေါနား ဘယ်သူ့ဆီ ပြေးရမလဲ စောင့်စားနေကြစဉ် ကက်သီဘိတ်က စာအိတ်ကို ဖောက်လိုက်သည်။ စာရွက်ကလေးကို ထုတ်ယူပြီး ကြည့်သည်။ ချက်ချင်းမကြေညာသေးဘဲ ပရိသတ်ဘက် တစ်ချက်ဝေ့ကြည့်လိုက်ပြီးမှ

"အကောင်းဆုံး...အမျိုးသမီး...ဇာတ်ဆောင် မင်းသမီးဆုကို ရရှိသူကတော့...ဟူပီ ဂိုးလ် ဘတ်...ဖြစ်ပါတယ်ရှင်"

မထင်မှတ်သော ကြေညာချက်ဖြစ်သောကြောင့် အားလုံး မှင်သက်မိကုန်ကြသည်။ ခဏမျှ တိတ်ဆိတ်နေပြီးမှ ဝေါခနဲ လက်ခုပ်သံတွေ ဆူညံသွားသည်။ ဟူပီဂိုးလ်ဘတ်မှာ ဘယ်လိုမှ မျှော်လင့်မထားသောကြောင့် ရုတ်တရက် ကြက်သေ သေသွားသည်။ သူ့ကိုယ်သူ မယုံနိုင်သလို ငေးကြောင်နေ၏။ ပြီးမှ မျက်နှာကို လက်ဝါးနှင့်အုပ်ပြီး တရှုပ်ရှုပ် ငိုလေတော့သည်။

ဟူပီဂိုးလ်ဘတ်မှာ ရုပ်ကလည်း မလှ၊ အသား လည်း မည်းမည်း၊ ကိုယ်လုံးကိုယ်ပေါက်ကလည်း ပုပုဝဝ။ သူသည် ဟိုအရင်က ဇာတ်ပို့ဇာတ်ရန်အဖြစ်သာ သရုပ်ဆောင်ခဲ့ရပြီး အခုဇာတ်ကားကျမှ သူနှင့်



လိုက်ဖက်သော ဇာတ်ရုပ် ဖြစ်သဖြင့် အဓိကဇာတ်ဆောင်အဖြစ် ပါဝင်ခွင့် ရခဲ့ခြင်းဖြစ်၏။ ဟူပီဂိုးလ်ဘတ် ဆုရခဲ့သော ဇာတ်ကား၏ အမည်မှာ 'မယ်ကုဝဏ်' ဖြစ်လေ၏။

○

www.burmeseclassic.com

www.burmeseclassic.com

တော်စတွိုင်းသည် ထမင်းပွဲကို ငေးကြည့်နေသည်။ ထမင်းပွဲဆိုသော်လည်း ဖွယ်ဖွယ်ရာရာ ပြင်ဆင်ထားခြင်းတော့ မဟုတ်။ ထမင်းတစ်ပန်းကန်နှင့် တို့ဟူးသုပ် တစ်ပွဲသာ ဖြစ်၏။ တစ်ယောက်တည်းဆိုတော့ ခုလိုပဲ ဖြစ်သလို စားနေရသည်။

ထမင်းစားတဲ့ အခါတိုင်း ဇနီးဖြစ်သူကို သတိရမိ၏။ ဆိုညာသာရှိလျှင် ခုလိုဖြစ်မှာ မဟုတ်။ ဆိုညာက အိမ်ထောင်ထိန်းသိမ်းမှုကို အလွန်နိုင်နင်းသည်။ ဟင်းချက်လည်း ကောင်းသည်။ သားကြီးငါးကြီး မပါသည့်တိုင် စားလို့ကောင်းအောင် ဖွယ်ဖွယ်ရာရာ စီစဉ်တတ်သည်။

ပဲသီးသနပ်သုပ်၊ ဘူးသီးဟင်းခါး၊ ငါးပိရည် တို့စရာလောက်နှင့် ထမင်းမြိန်အောင် ကျွေးဆောင်နိုင်သည်။ အထူးသဖြင့် ငါးပိရည်ကျိုဖြစ်၏။ ရွာက ရသော သုံးဦးစပ် ငါးပိရည်ထဲမှာ ငရုတ်သီးစိမ်းမီးကင်နှင့် ကြက်သွန်ဖြူကို ထောင်းထည့်ထားတာ၊ ပဲတီချဉ်၊ မန်လာချဉ်တို့နဲ့ တွဲဖက်စားလိုက်ရင် ထမင်းသုံးပန်းကန်လောက် အသာလေး လျှောခနဲ ဝင်သွားနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားရုံနဲ့တောင် သွားရည်ယိုလာ၏။ ခုလောလောဆယ်မှာတော့ တို့ဟူးသုပ်နဲ့ပဲ ခြောက်ကပ်ကပ် စားလိုက်ရသည်။ ထမင်းစားပြီးတော့ ပက်လက်ကုလားထိုင်မှာ ထိုင်ရင်း ဆေးပေါ့လိပ် တစ်လိပ်မီးညှိရှိုက်ဖွာသည်။

ချက်ကော့လာရင် ကောင်းမယ်ဟု တွေးမိ၏။ ပြီးမှ ချက်ကော့ လာနိုင်မှာမဟုတ်ကြောင်း သတိရသည်။ ချက်ကော့သည် သူ့အိမ်ကလေးကို ပြင်နေ၏။ အိမ်ပြင်နိုင်လောက်အောင်လည်း အခြေအနေကောင်းသွားသည်။

ဓာတ်လမ်းကောင်းကောင်းကို အဆင့်မြင့်မြင့် ရိုက်ကူးလိုသော လူငယ် ရုပ်ရှင်ထုတ်လုပ်သူတစ်ယောက်က ချက်ကော့၏ ဝတ္ထုတစ်ပုဒ်ကို ဝယ်လိုက်သောကြောင့် ဖြစ်၏။ ဘဏ်ပူဇော်ခကို ထိုက်ထိုက်တန်တန်ပေးသည့်အပြင် စတင်ရိုက်ကူးခြင်းအခမ်းအနားကို ဖိတ်ကြားပြီး သွားရေးပြန်ရေးအတွက် ကားပါ စီစဉ်ပေးခဲ့သည်။

ဟိုရောက်တော့လည်း နာမည်ကျော် ထိပ်တန်း မင်းသားမင်းသမီးတွေကအစ ချက်ကော့ကို တလေးတစား ဆက်ဆံခဲ့ကြသည်။ ဒါကို မျက်မြင်ဒိဋ္ဌဖြစ်သော သူ့မိန်းမ အင်နာမှာ အတော်ကျေနပ်သွားသည်။ စာရေးဆရာကတော်ဖြစ်ရတာကို ဂုဏ်ယူတတ်လာသည်။

အရင်က သူ့ယောကျ်ားကို စာရေးဆရာလုပ်ဖို့ မြှောက်ပေးခဲ့လို့ဆိုပြီး အိမ်ကိုတောင် အလာမခံခဲ့သော ဂေါ်ကီကို ခုတော့ ‘ကိုကြီးဂေါ်ကီ’ လို့တောင် ပြောင်းခေါ်နေပြီ။ ချက်ကော့၏ အိမ်မှာ ဂေါ်ကီအတွက်ဆိုလျှင် တံခါးမရှိဓားမရှိ စားအိမ်သောက်အိမ် ဖြစ်နေပြီ။ သူ



တို့သုံးယောက် ယမကာဝိုင်းဖွဲ့လျှင်ပင် ချက်ကော့မိန်းမက အမြည်းတွေ လုပ်ပေးတဲ့အခြေအနေ ရောက်နေပြီ။

သူငယ်ချင်း ချက်ကော့တစ်ယောက် ခုလို အဆင်ပြေနေတဲ့အတွက် တော်စတွိုင်း ဝမ်းသာပါသည်။ ထို့အတူ အားလည်းကျမိသည်။ သူ့မှာတော့ ခုချိန်ထိ ချစ်ဇနီး ဆိုညာနှင့် ကလေးတွေကို ရွာကနေ ပြန်မခေါ်နိုင်သေး။ ဒီအတွက်တော့ ဝမ်းနည်းမိ၏။

ထိုစဉ်မှာပင် သူ့အိမ်ရှေ့သို့ ကားတစ်စီး ထိုးဆိုက်လာသည်။ ကားပေါ်မှ လူအချို့ ဆင်းလာသည်။ သူတို့လက်ထဲမှာ အသံဖမ်းစက်၊ ကင်မရာ စသည်တို့ ကိုင်ထားကြ၏။ အိမ်ပေါ် ရောက်တော့ တော်စတွိုင်းကို တလေးတစား နှုတ်ဆက်ကြသည်။ တော်စတွိုင်းသည် ကြောင်တက်တက် ဖြစ်နေပြီးမှ . . .

“ဘာကိစ္စများ ရှိလို့ပါလဲ”

ဟု မေးလိုက်သည်။ ခေါင်းဆောင်ဖြစ်ဟန်တူသူက . . .

“ဒီလိုပါ၊ ဆရာရေးခဲ့တဲ့ မီးခွက်ဈေးနှင့် အခြားဝတ္ထုတိုများ ဆိုတဲ့ စာအုပ်ကို စာပေဆု ပေးဖို့ ရွေးချယ်လိုက်တဲ့အကြောင်းကို လာပြီး အသိပေး တင်ပြတာပါ ခင်ဗျာ”

ထို့နောက် အတူပါလာသော သတင်းစာဆရာများက အင်တာဗျူးလုပ်သည်။ ဓာတ်ပုံတွေ ရိုက်သည်။ ရုပ်မြင်သံကြားဌာနက ဗီဒီယိုမှတ်တမ်းတင်သည်။ တော်စတွိုင်းမှာ ရုတ်တရက်ဆိုတော့ အံ့ဩဝမ်းသာပြီး ရင်တွေ တလှပ်လှပ်ခုန်နေ၏။

သတင်းအဖွဲ့ ပြန်ထွက်သွားပြီးပြီးချင်းမှာပင် ဆလွန်းကားတစ်စီး အိမ်ရှေ့လာရပ်ပြန်သည်။ ကားပေါ်မှ လူတစ်ယောက် သုတ်သီးသုတ်



www.burmeseclassic.com

www.burmeseclassic.com



ပျာ ဆင်းလာသည်။ တော်စတွိုင်း နောက်ဆုံးရေးထားသည့် ဝတ္ထုစာအုပ်ကို ဓာတ်လမ်းသွက်လက်မှု မရှိဘူးဆိုပြီး ငြင်းပယ်ခဲ့သည့် ထုတ်ဝေသူ ဖြစ်၏။

သူသည် အိမ်ပေါ် ရောက်ပြီးပြီးချင်းမှာပင် တရစပ်ပြောလေတော့သည်။

"ဆရာ နောက်ဆုံးရေးထားတဲ့ စာအုပ် ဘယ်သူ့မှ မပေးရသေးဘူး မဟုတ်လား၊ အဲဒါ ကျွန်တော် ထုတ်ဖို့ ဆုံးဖြတ်လိုက်ပြီ ဆရာ၊ ဆုရတဲ့ ဝတ္ထုတိုပေါင်းချုပ်ကိုလဲ ကျွန်တော်ပဲ ဒုတိယအကြိမ် ပြန်ထုတ်ပါရစေ၊ ဟိုဒင်း... ပြီးတော့ ဆရာ နောက်ထပ်ရေးမယ့် စာအုပ်တွေအတွက်လဲ စာချုပ် ချုပ်ချင်ပါတယ်၊ အဲဒါ ...အခု လောလောဆယ် စရန်ငွေလဲ ပေးခဲ့ပါ့မယ် ဆရာ"

ပိုက်ဆံအိတ်ထဲက ငွေစက္ကူအုပ်လိုက်တွေ ထုတ်ပြီး စားပွဲဝိုင်းလေးပေါ် တင်ပေးသည်။ တော်စတွိုင်းသည် ထိုသူ ဘာတွေဆက်ပြောနေမှန်း မသိတော့။ သူ့နားထဲမှာတော့ သဘော်ဥသြသံများကိုသာ ကြားယောင်နေမိ၏။

○

ဆိုညာသည် ချောင်းကမ်းနဖူး ကုန်းမြင့်ကလေးပေါ်မှာ ရပ်ရင်း လှေဆိပ်ဆီ ငေးကြည့်နေ၏။ သူတို့ရွာသို့ လာမည်ဆိုလျှင် သင်္ဘောစီးလာရမည်။ သင်္ဘောဆိပ်ကတစ်ဆင့် ချောင်း 'ရိုးလေ' အတိုင်း လှေနှင့် လာရမည်။ ဒီလှေဆိပ်မှာ ဆင်းရမည်။ သူသည် ဒီနေရာလေးမှာ ညနေတိုင်းလိုလို လာရပ်နေမိတာ တစ်ပတ်လောက် ရှိသွားပြီ။ ဘာကြောင့်ရယ်မှန်း မသိ၊ ခုရက်ပိုင်းအတွင်းမှာ သူ့ချစ်လင် တော်စတွိုင်းကို အထူးသတိရရနေမိ၏။

အခြေအနေ အကြောင်းကြောင်းကြောင့် ဓာတိရွာမှာ ပြန်ခိုနေရတာ အတော်ကြာပြီ။ အစကတော့ နှစ်လ သုံးလလောက်သာ နေရမည်ဟု ထင်ခဲ့သည်။ တော်စတွိုင်း စာရေးတဲ့အလုပ်က အဆင်ပြေလျှင် အိမ်ပြန်ပြီး မိသားစု သိုက်သိုက်ဝန်းဝန်း နေခွင့်ရမည်ဟု မျှော်လင့်ခဲ့သည်။ သို့ရာတွင် နှစ်လ သုံးလမှသည် လေးငါးခြောက်လ၊ ထိုမှ နှစ်ပေါက်အောင် ကြာခဲ့ပြီ။

ဒီကြားထဲမှာ တော်စတွိုင်းသည် ရွာကို နှစ်ခေါက်လောက်သာ လာနိုင်သည်။ ခရီးစရိတ်က မသက်သာလှသဖြင့် ခဏခဏ မလာနိုင်။ ဒီလိုနဲ့ပဲ အချိန်တွေ ကြာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ရွာသည် သင်္ဘောဆိပ်နှင့် သိပ်မနီးလှသည့်တိုင် ညနေသင်္ဘောဆိုက်ချိန်မှာတော့ ဥသြဆွဲသံသဲ့သဲ့ကို ကြားရတတ်သည်။ ထိုအသံကို ကြားတိုင်း တော်စတွိုင်းကို သတိရမြဲ။

ခုရက်ပိုင်းမှာတော့ ထူးဆန်းသော ခံစားမှုတစ်မျိုး ဖြစ်လာ၏။ သင်္ဘောဥသြသံကြားတဲ့အခါတိုင်း တော်စတွိုင်း ပါလာလိမ့်မည်ဟု စိတ်ထဲမှာ စွဲလမ်းနေမိခြင်း ဖြစ်၏။ ဖြစ်နိုင်ဖို့ ခဲယဉ်းကြောင်းကိုလည်း သိပါသည်။ သို့ရာတွင် ညနေစောင်းလျှင် လှေဆိပ်သို့ မသွားဘဲ မနေနိုင်။

လှေကလေးတစ်စင်းသည် ချောင်းကွေ့မှ ပေါ်လာသည်။ သင်္ဘောဆိပ်မှ ရွာသို့လာသော ခရီးသည်များကို တင်ဆောင်လှော်ခတ်လာခြင်း ဖြစ်၏။ လှေပေါ်တွင် လူလေးငါးယောက် ပါလာသည်။ လှေကလေးသည် တအိအိ လာနေပြီး လှေဆိပ်မှာ ကပ်သည်။

လှေပေါ်မှ လူတွေထဲတွင် ရှေ့ဆုံးမှ လူသည် အလျင်စလို ရှိနေဟန်တူသည်။ လှေ မငြိမ်ခင်မှာပင် ဦးပိုင်းမှနေ၍ ကမ်းပေါ်ခုန်ဆင်းလိုက်သည်။ ထို့နောက် သဲဖြူဖြူလမ်းကလေးအတိုင်း ခပ်သွက်သွက်လျှောက်လာသည်။

ထိုသူသည်လည်း အရင်နေ့တွေတုန်းကလို တော်စတွိုင်းများလားဟု ထင်မှတ်မှားခံရသူတစ်ယောက်သာ ဖြစ်လိမ့်မည်ဟု ဆိုညာ တွေးနေသည်။

သို့ရာတွင် ဒီလူတစ်ယောက်ကတော့ တော်စတွိုင်းနဲ့ တော်တော်ကို တူတာပဲ။ ကြည့်ပါဦး၊ ဟန်ပန်က အစ။ လမ်းလျှောက်ပုံကအစ၊ လက်လွှဲပုံက အစ၊ ပြီးတော့...



ထိုသူသည် တစ်ချက်မော့ကြည့်သည်။ ဆိုညာကို မြင်သောအခါ အံ့သြသလို ဖြစ်သွား၏။ ပြီးတော့ လက်ကို အားပါးတရ မြှောက်ပြီး ဝှေ့ယမ်းပြသည်။ သူ့မျက်နှာက ပြုံးရွှင်ဝင်းပနေ၏။

အလို...တော်စတွိုင်း အစစ်ပါလား။ ဆိုညာရဲ့ ချစ်လင်မောင်ကြီး တော်စတွိုင်းရယ်ပါလား။

ဆိုညာသည် ရင်တွေ တဒိတ်ဒိတ်ခုန်လာ၏။ ခြေလှမ်းကျဲကြီးနှင့် လျှောက်လာနေသော တော်စတွိုင်းကို ငေးကြည့်နေမိသည်။ သူ့မောင်ကြီးသည် ရွှေအိုးကို ထမ်းလာခြင်းတော့ မဟုတ်။ သို့ရာတွင် မောင်ကြီးကိုယ်တိုင်ကပင် သူ့အတွက်တော့ ရွှေအိုးကြီး ဖြစ်သည်ဟု ထင်မိလေ၏။

မင်းလူ

(၁၄-၁၁-၂၀၀၁)

www.burmeseclassic.com